The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL.23, NO. 18
တနင်္လာနေ့တိုင်းထုတ်ဝေသည်
September 11, 2023

# ဂျပန်ဈေးကွက်သို့ မြန်မာ့ပျားရည် ပိုမိုတိုးမြှင့် တင်ပို့နိုင်မည့် အလားအလာများစွာရှိ

စာမျက်နှာ - 22 ➤



# ကျိုင်းလပ် နယ်စပ်ကုန်သွယ်ရေးစခန်းက မြန်မာ-လာအို နှစ်နိုင်ငံကုန်သွယ်မှုကို တိုးမြှင့်စေမည်

စာမျက်နှာ - 12 ➤



## သတင်းအညွှန်း

စစ်ကိုင်းတိုင်းဒေသကြီးမှ နာမည်ကျော် ရွှေဘိုပေါ်ဆန်းဘေးကြား

စာမျက်နှာ - 8 ➤

လတ်တလော စဉ်းစားမိသည့် အိန္ဒိယနှင့် တရုတ် နှစ်နိုင်ငံ စီးပွားရေးအခြေအနေ

စာမျက်နှာ - 6 ➤

အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု ဘဏ်လုပ်ငန်း

စာမျက်နှာ - 25 ➤



ကောမတ်စ်ပုံနှိပ်လုပ်ငန်း
အောက်ပါလုပ်ငန်းများကိုလက်ခံဆောင်ရွက်ပေးနေပါသည်။
Pamphlets, Calendar(Table/Wall)
Visiting Card, Company Letter Head
File Holder, Business Cards
Certificates Labels, Voucher, Book,
Catalouges, Postcards, Envelopes, Journal
No.240(A), Upper Pazundaung Road, Setsan, Mingala Taung Nyunt Tsp:
Ph:09 43034879, 09 795679800




AGGC
www.aungyigroup.com

Lot 9, Parami Valley, Mindama Road, Mayangone Township, Yangon, Myanmar.
Tel: +95-78 5000001, 78 5000002, 78 5000003, 78 5000004, 78 5000005
Email : info@aungyigroup.com www.aungyigroup.com



# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ် ပထမ ခြောက်လပတ် လုပ်ငန်းညှိနှိုင်းစည်းဝေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပထမခြောက်လပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁ ရက်နံနက် ၉ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၃) ညီလာခံခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးများနှင့် စီးပွားရေးရာကော်မတီ အစည်းအဝေးတို့တွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များအနက် မိမိဝန်ကြီးဌာနမှ လိုက်ပါအကောင်အထည်ဖော်ရမည့် အချက်များအား အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး ဝန်ကြီးဌာန၏ မျှော်မှန်းချက်များ ဆက်လက်အကောင်အထည်ဖော်ရေး၊ အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်းများ (MSME) ၏ ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်အောင် ပံ့ပိုးကူညီပေးရေး၊ မြန်မာ့ထုတ်ကုန်များ အရည်အသွေး ပိုမိုကောင်းမွန်ပြီး အရေအတွက် တိုးမြှင့်တင်ပို့နိုင်ရေး၊ ဈေးကွက်တစ်ခုတည်းကို မှီခိုမနေဘဲ ပြည်ပဈေးကွက်သစ်များရအောင် ကြိုးစားသွားရေး၊ ကုန်သွယ်ဖက်နိုင်ငံများနှင့် ကုန်သွယ်ဆက်ဆံမှုများ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရေး၊ တရားမဝင် ကုန်သွယ်မှုများ တိုက်ဖျက်သွားရေး၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြင့်တက်ရန် ကြိုးစားဆောင်ရွက်သွားရေးနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအား ဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးက ဝန်ကြီးဌာန၏ ဖွဲ့စည်းမှု၊ ဝန်ထမ်းသက်သာချောင်ချိရေးဆောင်ရွက်ပေးမှု အခြေအနေများ၊ ဌာနတစ်ခုချင်းစီ၏ လုပ်ငန်းတာဝန်များအပေါ် ဆောင်ရွက်သင့်သည့် အချက်များနှင့် ဝန်ထမ်းများ လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်း၊ စည်းကမ်းများအား မှာကြားခဲ့သည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် နယ်စပ်ကုန်သွယ်ရေးစခန်း တာဝန်ခံ ညွှန်ကြားရေးမှူးများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို တင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးမှ ဝန်ကြီးဌာန၏ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များအား ဖြည့်စွက်လမ်းညွှန်မှာကြားခဲ့သည်။

အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ အရာထမ်းများ၊ နယ်စပ်ကုန်သွယ်ရေးစခန်း တာဝန်ခံများနှင့် တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများ ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

ခြောက်လပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ကို စက်တင်ဘာ ၂ ရက်တွင် ဆက်လက်ကျင်းပရာ မူပိုင်ခွင့်ဦးစီးဌာနနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့တို့မှ ညွှန်ကြားရေးမှူးချုပ်များက ဌာနအလိုက် ဖွဲ့စည်းမှု၊ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို တင်ပြခဲ့ကြသည်။ ထို့နောက် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တွင် ဖွင့်လှစ်ခဲ့သည့် အဆင့်မြင့်အရာရှိ သင်တန်းအမှတ်စဉ် (၁၃)နှင့် အမှတ်စဉ်(၁၄)တို့တွင် ပထမဆုရရှိခဲ့ကြသည့် ညွှန်ကြားရေးမှူး နှစ်ဦးနှင့် အရာထမ်းလောင်း (အထူး) သင်တန်းအမှတ်စဉ်(၁၁)တွင် စံပြဆုရရှိခဲ့သော ဦးစီးအရာရှိ တစ်ဦးတို့အား ပြည်ထောင်စုဝန်ကြီးမှ ဆုများချီးမြှင့်ခဲ့သည်။

ထို့နောက် ဌာနများ၏ တင်ပြချက်များနှင့်စပ်လျဉ်းပြီး ဒုတိယဝန်ကြီးက တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်ရေးအတွက် နယ်စပ်ကုန်သွယ်ရေးစခန်း တစ်ခုချင်းအလိုက် စိစစ်ဆောင်ရွက်ရမည့် အချက်များ၊ ကုန်ဈေးနှုန်းများ အထူးသဖြင့် အခြေခံစားကုန်များဖြစ်သည့် ဆန်၊ ဆီဈေးနှုန်းများ ကျဆင်းရေးနှင့် နိုင်ငံတော်မှချမှတ်ထားသည့် စီးပွားရေးဦးတည်ချက်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဝန်ထမ်းများအားလုံး အလေးအနက်ထား ဆောင်ရွက်သွားကြရန် ကိစ္စများကို မှာကြားခဲ့သည်။

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုဝန်ကြီးက ဌာနများအနေဖြင့် အခြေခံကျကျ သုံးသပ်ပြီး စီမံကိန်းလျာထားချက်များ ပြည့်မီအောင်၊ ယင်းမှတစ်ဆင့် ကျော်လွန်အောင် ကြိုးစားဆောင်ရွက်သွားရန်၊ မိမိတာဝန်ကျရာ နယ်မြေဒေသ၊ ခရိုင်၊ တိုင်းအလိုက် ပို့ကုန်တိုးမြှင့် ထုတ်လုပ်နိုင်ရေး၊ အသေးစား၊ အငယ်စား၊ အလတ်စား လုပ်ငန်းများ (MSME) ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် ကူညီပံ့ပိုးပေးသွားရန် Digitalized Ministry ဖြစ်လာစေရေးအတွက် ဝန်ထမ်းများအားလုံးမှ စဉ်ဆက်မပြတ် လေ့လာသင်ယူသွားကြရန်နှင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့သည်။

**MOC (IR)**

# နေထိုင်မှုကုန်ကျစရိတ်နှင့် ဈေးနှုန်းများအပေါ် ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထိုင်းစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပြော

နေထိုင်မှုကုန်ကျစရိတ်နှင့် ထုတ်ကုန်ဈေးနှုန်းများအနက် ထုတ်ကုန်ဈေးနှုန်းများနှင့် ကိုက်ညီမှုရှိစေရေးသည် ၎င်း၏ ဦးစားပေးများထဲက တစ်ခုဖြစ်ကြောင်း၊ ပို့ကုန်ဈေးကွက်အသစ်များ ရှာဖွေရေးကိုလည်း အရှိန်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုင်းကုန်သည်များအတွက် အခွင့်အလမ်းများ ပေါ်ပေါက်စေရေး ကုန်သွယ်ရေးဆိုင်ရာ ညှိနှိုင်းမှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ဝန်ကြီးအသစ်ဖြစ်သူ Mr. Phumtham Wecha-yachai က ပြောကြားခဲ့သည်။

ဝန်ကြီးချုပ် Srettha Thavisin ၏ အရေးကြီးမူဝါဒများကို လိုက်နာသောအားဖြင့် ပြည်သူလူထုကို သက်ရောက်နိုင်သည့် ကိစ္စ ရပ်များကို ချက်ချင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အထူးသဖြင့် နေထိုင်မှုကုန်ကျစရိတ်နှင့် ဈေးနှုန်းများဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ထုတ်ကုန်ဈေးနှုန်းများသည် နေထိုင်မှုကုန်ကျစရိတ်နှင့် ကိုက်ညီရန်ဖြစ်ကြောင်း၊ ပြည်သူလူထုသာမက လုပ်ငန်းရှင်များလည်း ပါဝင်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားသည်။

ထိုင်းနိုင်ငံ၏ ပို့ကုန် ယခုနှစ်အတွင်း ကျဆင်းနေကြောင်း၊ ယင်းကြောင့် ပို့ကုန်ဈေးကွက် အသစ်များ ရှာဖွေခြင်းသည် အရေးကြီး ဆောင်ရွက်ရမည့် ကိစ္စရပ်ဖြစ်ကြောင်း၊ ပို့ကုန်အခွင့်အလမ်းများ တိုးမြှင့်စေရေးအတွက် အလားအလာကောင်းသော နိုင်ငံများရှိ



စီးပွားရေးသံမှူးများအနေဖြင့် ကုန်သွယ်မှုအတွက် ညှိနှိုင်းချိတ်ဆက်မှုများ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဝန်ကြီးဌာနက ဇူလိုင်လအထိ ထုတ်ပြန်ထားသည့် ကုန်သွယ်မှုဆိုင်ရာ ကိန်းဂဏန်းများအရ ပို့ကုန်သည် ၁၀ လ ဆက်တိုက်ကျဆင်းနေကြောင်း၊ ငွေကြေးမူဝါဒများ ပိုမိုတင်းကျပ်လာမှုနှင့် ဘဏ္ဍာရေးအဖွဲ့အစည်းများ၏ ငွေချေးမှုပုံစံ တင်းကျပ်လာမှုတို့ကြောင့် အခြေအနေ ပိုမိုဆိုးရွားလာခဲ့ပြီး စားသုံးသူများ၏ ငွေကြေးသုံးစွဲမှုလည်း ကျဆင်းခဲ့သည်။

ပထမ ခုနစ်လအတွင်း ပို့ကုန် အမေရိကန်ဒေါ်လာ ၁၆၃ ဘီလီယံနှင့် သွင်းကုန် အမေရိကန်ဒေါ်လာ ၁၇၂ ဘီလီယံဖြစ်ပြီး ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၈ ဒသမ ၂၈ ဘီလီယံ ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။

စိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ မူဝါဒများစွာရှိပြီးဖြစ်သဖြင့် သီးခြားမပြောကြားလိုကြောင်း၊ ကုန်သွယ်ရေးနှင့်ဆိုင်သည့် လုပ်ထုံးလုပ်နည်းများတွင် အခက်အခဲများစွာရှိနေကြောင်း၊ ဌာနတွင်း အစည်းအဝေးတွင် ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ဘတ် ၁၀၀၀၀ ဒီဂျစ်တယ်ပိုက်ဆံအိတ် (Digital Wallet) နည်းလမ်းသည် အစိုးရက အကောင်အထည်ဖော်ရန် လျာထားကြောင်း၊ ယင်းနည်းလမ်းသည် နိုင်ငံ၏ စီးပွားရေးကို လှုံ့ဆော်ရုံသာမက ဒီဂျစ်တယ်စီးပွားရေးကို ဖော်ဆောင်ရာတွင်လည်း အထောက်အကူ ဖြစ်စေပါကြောင်း၊ ပြည်သူများကို အီလက်ထရွန်နစ်စနစ်များ အသုံးပြုစေမည်ဖြစ်ကြောင်း Mr. Phumtham က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ၏ ပို့ကုန် ၁၀ လ ဆက်တိုက် ကျဆင်းနေခြင်းနှင့် ကုန်သွယ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင် အခက်အခဲများ ကြုံတွေ့နေခြင်းအပေါ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဦးစားပေး ဆောင်ရွက်မည့် လုပ်ငန်းစဉ်ဖြစ်ကြောင်း သုံးသပ်တင်ပြလိုက်သည်။

**Source: www.bangkokpost. gov**

**ဒေါ်သီတာဝင်း**

**(စီးပွားရေးသံမှူး၊ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့။)**

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
သိန်းထွန်းဦး
အောင်သွင်ဦး
ဒေါက်တာထိန်လင်း

**စာတည်းမှူးချုပ်**
ညီညီအောင်

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ကျော်ကျော်

**လက်ထောက်စာတည်း**
ဖြူဖြူဝင်း၊ ယဉ်ယဉ်အေး

**သတင်းထောက်များ**
ရီလင်းထွဋ်(မုံရွာ)၊
ကြည်နိုင်ဦး(အင်းတော်)၊
မင်းဇော်မွန်(ဖျာပုံ)၊
ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)
မင်းမင်းဦး(ပုသိမ်)
ဝင်းဝင်းခိုင်(ပြည်)
သန်းသန်းတင်(မုံရွာ)
စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
အိမ့်သဇင်ခိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (၀၉ ၇၇၇ ၁၂၇၂၇၂)

**ထုတ်ဝေသူ**
ဦးမျိုးခိုင်ဝင်း (၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊
ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေး**
အုန်းခင်(၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
မေသန္တာမိုး

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ဆန်နှင့် ဆန်ကွဲ တန်ချိန် ခြောက်သောင်းတစ်ထောင်ကျော် တင်ပို့

ဩဂုတ် ၁ ရက်မှ ၃၁ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၀၅၆ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၃၁၃၅၀ ကျော်တင်ပို့ခဲ့ကြောင်း သိရသည်။ ဆန်တင်ပို့မှုအနေဖြင့် အီးယူအဖွဲ့ဝင် နိုင်ငံများသို့ ဆန်တန်ချိန် ၁၂၆၂၀ ကျော်နှင့် အာရှနိုင်ငံများသို့ ဆန်တန်ချိန် ၁၈၇၂၀ ကျော် တင်ပို့နိုင်ခဲ့သည်။

မြန်မာနိုင်ငံမှ ဆန်တင်ပို့သော နိုင်ငံများအနက် အာရှတွင် ဖိလစ်ပိုင်နိုင်ငံသို့ တန် ၁၆၀၇၀၊ မလေးရှားနိုင်ငံသို့ တန် ၁၁၃၀၊ အရှေ့တီမောနိုင်ငံသို့ ဆန်တန်ချိန် ၁၀၄၀၊ ဟောင်ကောင်သို့ ဆန်တန်ချိန် ၃၁၀ ကျော်နှင့် စင်ကာပူနိုင်ငံသို့ ဆန် ၁၇၄ တန် တင်ပို့သည်။ အီးယူအဖွဲ့ဝင်နိုင်ငံများဖြစ်သော စပိန်နိုင်ငံသို့ ဆန် ၂၇၅၀ တန်၊ ပိုလန်နိုင်ငံသို့ ဆန် ၁၉၂၅ တန်၊ ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန် ၁၅၂၅ တန်၊ အီတလီနိုင်ငံသို့ ဆန်တန်ချိန် ၁၀၀၀၊ ဂရိနိုင်ငံသို့ ဆန် ၈၂၅ တန်၊ ယူနိုက်တက်ကင်းဒမ်းသို့ ဆန်တန်ချိန် ၆၅၀၊ ချက်နိုင်ငံသို့ ဆန် ၆၀၆ တန်၊ ပေါ်တူဂီနိုင်ငံသို့ ဆန်တန်ချိန် ၆၀၀၊ တူကီယေးနိုင်ငံသို့ ဆန်တန်ချိန် ၅၀၀၊ ဘူလ်ဂေးရီးယားနိုင်ငံသို့ ဆန်တန်ချိန် ၃၉၀၊ ခရိုအေးရှားနိုင်ငံသို့ ဆန် ၃၇၇တန်၊ ပြင်သစ်နိုင်ငံသို့ ဆန် ၃၂၅ တန်၊ ဂျာမနီနိုင်ငံသို့ ဆန် ၃၂၄ တန်၊ နယ်သာလန်နိုင်ငံသို့ ဆန်တန်ချိန် ၂၅၀၊ ရိုမေးနီးယားနိုင်ငံသို့ ဆန် ၂၀၈ တန်၊ ဆလိုဗက်ကီးယားသို့ ဆန် ၁၂၅ တန်၊ အက်စတိုးနီးယားနိုင်ငံသို့ ဆန် ၁၇၅ တန်နှင့် လက်ဘန္ဒန်နိုင်ငံသို့ ဆန်တန်ချိန် ၇၀ ကျော်တင်ပို့ခဲ့သည်။ ယခုလအတွင်း မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်မှုမှ ဆန်တန်ချိန် ၈၂၀ ကျော်တင်ပို့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၃၇၀ သန်းရရှိသည်။ နည်းလမ်းနှစ်သွယ်မှ ဆန်တင်ပို့ တန်ချိန် ၃၂၁၇၀ ကျော်ရှိပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၄၂၆ သန်း ရရှိပါသည်။ ယခင်လဆန်တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက ဆန်တန်ချိန် ၉၀၀၀ ကျော် ပိုမိုတင်ပို့ခဲ့သည်။

ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၁၁၄ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၂၅၄၆၀ကျော်တင်ပို့နိုင်ပြီး တင်ပို့မှုအနေဖြင့် အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၄၇၅၀ နှင့် အာရှနိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၂၀၇၁၀ ကျော် တင်ပို့နိုင်ခဲ့သည်။

ဆန်ကွဲတင်ပို့မှုအနေဖြင့် အာရှနိုင်ငံများတွင် တရုတ်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၃၂၃၀၊ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၅၃၃၀၊ ဗီယက်နမ်နိုင်ငံသို့ ၂၀၃၀ တန် နှင့် စင်ကာပူနိုင်ငံသို့ ဆန်ကွဲ ၁၂၅ တန် တင်ပို့ခဲ့သည်။ အီးယူအဖွဲ့ဝင်နိုင်ငံများအနက် ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်ကွဲ ၂၃၇၅ တန်၊ ချက်နိုင်ငံသို့ ဆန်ကွဲ ၅၇၅ တန်၊ နယ်သာလန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၅၀၀၊ ပိုလန်နိုင်ငံသို့ ဆန်ကွဲ ၃၇၅ တန်၊ အီတလီနိုင်ငံသို့ ဆန်ကွဲ ၃၇၅ တန်၊ လစ်သူရေးနီးယားနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၃၀၀နှင့် စပိန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၅၀ တင်ပို့သည်။

ယခုလအတွင်း မြန်မာ- တရုတ်နယ်စပ်ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၄၀ သန်းတန်ဖိုးရှိဆန်ကွဲ တန်ချိန် ၃၉၂၉ တင်ပို့ခဲ့သည်။ နည်းလမ်းနှစ်သွယ်မှ ဆန်ကွဲတင်ပို့မှု တန်ချိန် ၂၉၃၉၀ ကျော်တင်ပို့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၆၅၄ သန်းရရှိသည်။ ယခင်လ ဆန်ကွဲတင်ပို့မှုနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၅၀၀၀ ကျော် လျော့နည်းတင်ပို့ခဲ့သည်။

ဩဂုတ်လအတွင်း ဆန်နှင့်ဆန်ကွဲတင်ပို့မှု စုစုပေါင်းတန်ချိန် ၆၁၅၆၀ ကျော်ရှိပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၀၈၀ သန်း ရရှိခဲ့သည်။ အနီးစပ်ဆုံးကာလနှင့်နှိုင်းယှဉ်ပါက ဆန်နှင့် ဆန်ကွဲ တန်ချိန် ၄၅၀၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့သည်။

**အေးအေးသန့် (DOT)**

# မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း တန်ချိန် တစ်သိန်းနှစ်သောင်းကျော်ကို ဩဂုတ်လအတွင်း တင်ပို့

ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိကာလအတွင်း မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲတီစိမ်း တန်ချိန် စုစုပေါင်း ၁၂၉၆၉၀ ကျော် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၁၂ သန်းကျော် ပို့ကုန်ဝင်ငွေ ရရှိခဲ့ကြောင်း သိရသည်။

**မတ်ပဲ**

မတ်ပဲတင်ပို့မှုအနေဖြင့် ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ တန်ဖိုး အမေရိကန်ဒေါ်လာ ၇၀ ဒသမ ၇၁၀ သန်းနှင့် တန်ချိန် ၇၈၃၀၀ ကျော် ပို့ခဲ့ကြောင်း သိရှိရသည်။ မတ်ပဲကို အိန္ဒိယနိုင်ငံသို့ တန်ချိန် ၅၈၀၀၀၊ ပါကစ္စတန်နိုင်ငံသို့ တန်ချိန် ၅၂၀၀ ကျော်၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၄၁၅၀ ကျော်၊ မလေးရှားနိုင်ငံသို့ တန်ချိန် ၁၆၅၀ ကျော်နှင့် ဂျပန်နိုင်ငံနှင့် အီးယူနိုင်ငံများသို့လည်း တင်ပို့ခဲ့သည်။ ပင်လယ်ရေကြောင်း ကုန်သွယ်မှုအပြင် နယ်စပ်ကုန်သွယ်မှုမှလည်း တရုတ်နိုင်ငံသို့ မတ်ပဲ ၆၈ တန်ကျော်နှင့် ထိုင်းနိုင်ငံသို့ ၉၆ တန် တင်ပို့ခဲ့သည်။

**ပဲစင်းငုံ**

ဩဂုတ်လ တစ်လတာအတွင်း ပဲစင်းငုံကို ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ တန်ချိန် ၂၆၉၃၀ တင်ပို့ခဲ့သည်။ ပဲစင်းငုံကို အိန္ဒိယနိုင်ငံသို့ တန်ချိန် ၂၆၉၀၀ ကျော် အများဆုံးတင်ပို့ပြီး မလေးရှားနှင့် အီးယူနိုင်ငံများသို့ အနည်းငယ်စီ တင်ပို့ခဲ့သည်။ ပဲစင်းငုံတင်ပို့မှုမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၁၇၂ သန်းရရှိခဲ့ကြောင်း သိရသည်။

**ပဲတီစိမ်း**

ဩဂုတ်လအတွင်း ပဲတီစိမ်းတင်ပို့မှုမှာ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ တန်ချိန် ၁၇၂၉၀ ကျော်တင်ပို့ခဲ့ရာ ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၃၃၇၀ ကျော်၊ တရုတ်နိုင်ငံသို့ တန်ချိန် ၃၂၄၀၊ စင်ကာပူနိုင်ငံ သို့ တန်ချိန် ၂၅၂၀ ကျော်၊ ထိုင်းနိုင်ငံသို့ တန်ချိန် ၂၄၂၀ ကျော်၊ ဂျပန်နိုင်ငံသို့ တန်ချိန် ၂၁၁၀ ကျော်၊ ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် ၁၇၇၀ ကျော်၊ မလေးရှားနိုင်ငံသို့ တန်ချိန် ၆၅၅ တန်နှင့် အီးယူနိုင်ငံများသို့လည်း တင်ပို့ခဲ့သည်။ ပဲတီစိမ်း တင်ပို့မှု၏ ပို့ကုန်ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၁၃၄ သန်း ဖြစ်သည်။ ပင်လယ်ရေကြောင်း ကုန်သွယ်မှုသာမက မြန်မာ-တရုတ် နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၅ ဒသမ ၁၆၅ သန်းတန်ဖိုးရှိ ပဲတီစိမ်းတန်ချိန် ၆၉၉၀ ကျော် တင်ပို့ခဲ့သည်။

ဩဂုတ် ၁ရက်မှ ၃၁ ရက်အထိ ကာလအတွင်း မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း တင်ပို့မှုစုစုပေါင်း တန်ချိန် ၁၂၉၆၉၀ ကျော်အား စုစည်းဖော်ပြလိုက်ပါသည်။

**CJ**

# ဩဂုတ်လအတွင်း ရော်ဘာနှင့် ပြောင်း တင်ပို့မှုအခြေအနေ

**ရော်ဘာ**

ဩဂုတ် ၁ ရက်မှ ၃၁ ရက်အထိ ကာလအတွင်း ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၃၈ သန်းတန်ဖိုးရှိ ရော်ဘာ ၂၁၁၆ တန်ကျော်တင်ပို့ခဲ့သည်။ ရော်ဘာတင်ပို့မှုအနေဖြင့် တရုတ်နိုင်ငံသို့ ရော်ဘာ ၁၇၁၃ တန်ကျော်နှင့် အိန္ဒိယနိုင်ငံသို့ ရော်ဘာ ၄၀၃တန်ကျော် တင်ပို့ခဲ့သည်။

ယခုလအတွင်း မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ၂၄ ဒသမ ၀၀၁ သန်း တန်ဖိုးရှိရော်ဘာ တန်ချိန် ၁၉၅၂၀ ကျော် တင်ပို့သဖြင့် နည်းလမ်းနှစ်သွယ်မှ စုစုပေါင်း ရော်ဘာတင်ပို့မှု တန်ချိန် ၂၁၆၃၀ ကျော်ရှိပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၇၃၉ သန်းရရှိသည်။ ယခင်လတင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ရော်ဘာတန်ချိန် ၁၀၀၀၀ ကျော် ပိုမိုတင်ပို့ခဲ့သည်။

**ပြောင်း**

ဩဂုတ် ၁ရက်မှ ၃၁ ရက်ထိကာလအတွင်း ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းမှ ပြောင်းတန်ချိန် ၂၀၃၈၀ ကျော်တင်ပို့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၆ ဒသမ ၀၆၅ သန်း ရရှိသည်။

ပြောင်းတင်ပို့မှုများမှာ ထိုင်းနိုင်ငံသို့ ပြောင်းတန်ချိန် ၁၇၂၅၀ ကျော် နှင့် ဖိလစ်ပိုင်နိုင်ငံသို့ ပြောင်းတန်ချိန် ၃၁၃၆ တန် တင်ပို့သည်။

ယခုလအတွင်း နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၅၂၅ သန်း တန်ဖိုးရှိ ပြောင်းတန်ချိန် ၄၇၆၄၀ ကျော် တင်ပို့သည်။ တင်ပို့မှုများအနေဖြင့် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ ပြောင်း ၃၇၆၅၄ တန်ကျော်နှင့် မြန်မာ-တရုတ် နယ်စပ် ကုန်သွယ်မှုလမ်းကြောင်းမှ ပြောင်း ၉၉၈၇ တန်ကျော်တင်ပို့သည်။ ပြောင်းတင်ပို့မှုစုစုပေါင်း တန်ချိန် ၆၈၀၂၀ ကျော် တင်ပို့နိုင်ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၅၉၀ သန်း ရရှိသည်။

**အေးအေးသန့် (DOT)**

# နွှေစပါးများ အထွက်နှုန်းကောင်း၍ အကျိုးအမြတ်များဖြစ်ထွန်း

ပြည်ခရိုင်ရှိ နွှေစပါးများမှာ ယခုစက်တင်ဘာလဆန်းတွင် ၁၅၁၀၀၀၀ကျပ်ဖြင့် ဈေးငြိမ်နေပြီး ဆန်ဈေးများမှာ ကျပ် ၆၃၀၀၀ ဖြင့် အရောင်းအဝယ်ရှိသည်။ နွှေစပါးဈေးများမှာ ယခင်နှစ်ဖြစ်သော ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ကျပ် ၁၁၀၀၀၀၀၊ ဆန်တစ်အိတ်လျှင် ကျပ် ၄၈၀၀၀ ဖြင့် အရောင်းအဝယ်ရှိခဲ့သည်။

နွှေစပါးအမျိုးအစားများမှာ ရတနာတိုးစပါးများကိုသာ အဓိကထား စိုက်ပျိုးပြီး GW-11၊ ထိုင်းနံ့ကောက်မျိုးများကိုတော့ အနည်းငယ်သာစိုက်ပျိုးသည်။ နွှေစပါးမှာ မိုးစပါးထက်အထွက်နှုန်း ကောင်းသောကြောင့် ဆည်ရေရသော နေရာများတွင် နွှေစပါးကို တောင်သူများအားထား၍ ပိုမိုစိုက်ပျိုးကြသည်။ အထွက်ကောင်းသောကြောင့် အကျိုးအမြတ် ပိုမိုရရှိပြီး စပါး/ဆန်မှာ အရောင်းအဝယ်အေးနေသောကြောင့် ယခုကာလအတွင်း ဈေးငြိမ်နေခြင်းဖြစ်သည်။

**လွင်လွင်ဆန်း (ပြည်)**

# ပြည်လက်လီပဲဈေးကွက်တွင် ဈေးအမြင့်ဆုံးရနေသည့် စားတော်ပဲသီးနှံ

ပြည်ပဲဈေးကွက်အတွင်း ယခုနှစ်တွင် ပဲဈေးများ ဈေးမြင့်တက်လာခဲ့ခြင်းကြောင့် ပြည်ပဝယ်လိုအား များသောပဲများနှင့် ပြည်တွင်းအဓိက အဝယ်ရှိသော ပဲများပါ ဈေးကောင်းရလျက်ရှိနေသည်။ လက်လီပဲဈေးကွက်၌လည်း နေ့စဉ် လက်လီရောင်းဝယ်မှု အိတ် ၂၀၊ ၃၀ ခန့်ဖြစ်လျက်ရှိသော စားတော်ပဲသီးနှံဈေးသည် တစ်တင်း (ပိဿာ ၂၀) ကို ကျပ် ၁၃၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ထို့ကြောင့် စားတော်ပဲပြုတ် ၁၀ သားလျှင် ကျပ် ၇၀၀ မှ ၈၀၀ ဖြင့် ဝယ်ယူစားသုံးနေကြရကြောင်း သိရသည်။ စားတော်ပဲသီးနှံသည် နှစ်စဉ်လိုလို ပဲဈေးကွက်အတွင်း ဈေးအမြင့်ဖြင့်သာ ရောင်းဝယ်ခဲ့ရသည့်အတွက် ယခင်နှစ်ကလည်း စက်တင်ဘာလအတွင်း တစ်တင်း ကျပ် ၁၃၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ယခုနှစ်တွင် အခြားပဲများဖြစ်သော မတ်ပဲ၊ ပဲစင်းငုံသီးနှံများ ဈေးမြင့်တက်လာသော်လည်း စားတော်ပဲ သီးနှံဈေးကို မမီသောကြောင့် ပဲဈေးကွက်အတွင်း ဈေးနှုန်းအမြင့်ဆုံးဖြင့် အရောင်းအဝယ်ဖြစ်နေသည်။

**ခင်ဆွေဝင်း(ပြည်)**

# စစ်ကိုင်းမြို့ရှိ တန်ဖိုးမြှင့်ထုတ်ကုန် (Value Added) ပဲမှုန့်လုပ်ငန်းများ

သန်းသန်းတင် (မုံရွာ)





မြန်မာလူမျိုးများသည် ကုလားပဲကို ပြုတ်စားခြင်း၊ ကြော်စားခြင်း၊ လှော်စားခြင်း၊ ပဲခြမ်းပြုလုပ်၍ ဟင်းလျာအမျိုးမျိုးအဖြစ် စားသုံးကြသည့်အပြင် ကုလားပဲကို အမှုန့်ကြိတ်ပြီး တို့ဟူးအစို၊ တို့ဟူးအခြောက် ပြုလုပ်ရာ၌ လည်းကောင်း၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ နို့စိမ်းခေါက်ဆွဲချက်ရာ၌ လည်း ကောင်း၊ မုန့်တီ၊ ခေါက်ဆွဲ၊ ဟင်းသီးဟင်းရွက် စသည်တို့ကို အသုပ်စုံများပြုလုပ်ရာ၌ လည်းကောင်း ထည့်၍စားသောက်ကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ပေါ်၌ ရတနာ ပဲခွဲစက်နှင့် အမှုန့်ကြိတ်စက်၊ မြသီတာ၊ ရွှေကြိုးကြာ၊ မြနှင်းဆီ၊ မိုးမခနှင့် ဒေါ်စိုးဝင်း ပဲမှုန့်ကြိတ်စက်များ စုစုပေါင်း ခြောက်စက်ရှိပြီး ကုလားပဲအကျက်မှုန့်နှင့် အစိမ်းမှုန့်များကို ထုတ်လုပ်ပြီး ဒေသတွင်း၊ တိုင်းတွင်းနှင့် တိုင်းပြင်ပသို့ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရှိရသည်။ ဒေသတွင်းစိုက်ပျိုးသည့် ကုလားပဲမျိုးများမှာ V2, V3, 929 နှင့် ထိုင်ဝမ်မျိုးများဖြစ်ပြီး ကုလားပဲခွဲခြမ်းနှင့် ကုလားပဲအမှုန့်များ ပြုလုပ်ရာတွင် 929 ကုလားပဲကို အများဆုံးအသုံးပြုကြောင်း သိရသည်။ ပဲမှုန့်ကြိတ်စက် ခြောက်စက်အနက် စစ်ကိုင်းမြို့ရှိ ရတနာပဲခွဲစက်။ အမှုန့်ကြိတ်စက်နှင့် ရွှေကြိုးကြာ အမှုန့်ကြိတ်စက်လုပ်ငန်းများ အကြောင်း တင်ပြလိုက်ရပါသည်။

### &wemycpuf ESt relMdpuf

ရတနာပဲခွဲစက်သည် စစ်ကိုင်းမြို့ ပါရမီရပ်ကွက်၌ တည်ရှိပြီး ၂၀၀၀ ပြည့်နှစ်ကစတင်၍ စက်ပစ္စည်းတန်ဖိုး ရင်းနှီးငွေ ကျပ်သိန်း ၁၅၀၀ ဖြင့် စတင်လုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။ ကုန်ကြမ်း 929 ကုလားပဲလုံးကို မုံရွာကုန်စည်ဒိုင်၊ မန္တလေးကုန်စည်ဒိုင်နှင့် ပခုက္ကူကုန်စည်ဒိုင်များက ဝယ်ယူပြီး တစ်ရက်လျှင် ကုလားပဲလုံး(အခွံပါ) တစ်တင်းခွဲဝင်အိတ် ၂၀၀ ခန့် ခွဲခြမ်းပြုလုပ်ပြီး တစ်လလျှင် ပျမ်းမျှ ကုလားပဲလုံးတင်း ၆၆၀၀ ခန့် ခွဲခြမ်းပြုလုပ်နိုင်ကြောင်း၊ ကုလားပဲလုံး(အခွံပါ)ကို ခွဲခြမ်းပြုလုပ် ပါက ၇၅ ရာခိုင်နှုန်း ခွဲခြမ်းရရှိပြီး တိရစ္ဆာန်အစာ(ပဲခွံ) အဖြစ် ၂၅ ရာခိုင်နှုန်း ထွက်ရှိကြောင်းသိရသည်။

ကုလားပဲခြမ်း ခွဲရာတွင် ပထမဦးစွာ ကုလားပဲလုံးများအား ဖုန်၊ သဲ၊ ခဲများ သန့်စင်ဖယ်ရှားခြင်းနှင့် အရွယ်အစား ခွဲခြားခြင်းကို စက်တစ်လုံးတည်းက တစ်ပြိုင်တည်း ပြုလုပ်သည်။ ပဲလုံးအရွယ်အစားတူများကို ချောမွေ့စေရန် ပွတ်ချောစက်ဖြင့် ပွတ်တိုက်ပြီး၊ ဆိုင်ကလုံအိုးထဲသို့ထည့်၍ မီးအပူပေးပြီးပါက ခွဲခြမ်းစက်သို့ ပို့ဆောင်သည်။ မီးဖြင့် အပူပေးရာတွင် လောင်စာအဖြစ် ဆီးစေ့ခွဲခြမ်းခွံကို အသုံးပြုကြောင်း သိရသည်။ ဆီးစေ့ခွဲခြမ်းခွံကို အသုံးပြုရခြင်းမှာ မီးခိုးမထွက်ခြင်းနှင့် ပြာမလွင့်ခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ ဆီးစေ့ခွဲခြမ်းခွံကို ရွှေဘိုခရိုင်မှ တစ်ပိဿာလျှင် ကျပ် ၂၀၀ ဖြင့် ဝယ်ယူခြင်းဖြစ်ကြောင်း သိရသည်။ ခွဲခြမ်းစက်သည် ခွဲခြမ်းကြိတ်ခွဲခြင်းနှင့် အခွံချွတ်ခြင်းကို တစ်ပြိုင်တည်း ပြုလုပ်သည်။ ပြီးနောက်အခွံချောချွတ်စက်သို့ ထပ်မံပို့ဆောင်သည်။ ထွက်ရှိလာသောခွဲခြမ်းများတွင် အခွံများ ကျန်ရှိနေခြင်း၊ လုံးပိန်၊ လုံးညှပ်များ ကျန်ရှိနေခြင်း မဖြစ်စေရန် ကွန်ပျူတာစနစ်ဖြင့် ခွဲခြားသန့်စင်ခြင်းလုပ်ငန်း ပြုလုပ်သည်။ သန့်စင်ပြီးသော ကုလားပဲခြမ်းများသည် ရောင်းတန်းဝင်အဆင့်သို့ ရောက်ရှိပြီဖြစ်သဖြင့် စက်ဖြင့် အိတ်အတွင်းသို့ ထည့်သွင်းကြောင်း သိရသည်။ ရောင်းဈေးနှုန်းမှာ ကုလားပဲခြမ်း ၃၀ ပိဿာဝင် တစ်အိတ်လျှင် စက်ရုံလက်ကား ဖောက်သည်ဈေး ကျပ် ၁၈၃၀၀၀-၁၈၉၀၀၀-၁၉၂၀၀၀ ဈေးနှုန်းအသီးသီးဖြင့် ရောင်းချသည်။

ရတနာပဲခွဲစက်သည် ထွက်ရှိလာသော ကုလားပဲခွဲခြမ်းများကို ခွဲခြမ်းအတိုင်း ရောင်းချခြင်းအပြင် ကုလားပဲအစိမ်းမှုန့်နှင့် ကုလားပဲအကျက်မှုန့်များကို ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိကြောင်း သိရှိရသည်။ ကုလားပဲ အစိမ်းမှုန့်ကြိတ်ခြင်းကို တစ်ရက်လျှင် ကုလားပဲခြမ်း ပိဿာ ၆၀ ခန့်၊ တစ်လလျှင် ပျမ်းမျှကုလားပဲခြမ်း ပိဿာ ၁၃၀၀ ကျော်ကိုလည်းကောင်း၊ ကုလားပဲအကျက်မှုန့် ကြိတ်ခြင်းကို တစ်ရက်လျှင် ကုလားပဲခြမ်း ပိဿာ ၅၀ ခန့်၊ တစ်လလျှင် ပျမ်းမျှကုလားပဲခြမ်း ပိဿာ ၁၁၀၀ ခန့်ကိုလည်းကောင်း ကြိတ်ခွဲထုတ်လုပ်နိုင်ကြောင်း သိရသည်။ ကုလားပဲ အကျက်မှုန့် ပြုလုပ်ရာတွင် ကုလားပဲခွဲခြမ်းများကို လှော်ပြီးမှ အမှုန့်ကြိတ်ရသည်။ ကုလားပဲခြမ်း ပိဿာ ၃၀ကို အမှုန့်ကြိတ်ပါက တစ်ပိဿာခန့်လျော့ပြီး ကုန်ချော ကုလားပဲအမှုန့် ၂၉ ပိဿာခန့်ရရှိကြောင်း သိရသည်။ ကုလားပဲအကျက်မှုန့်နှင့် ကုလားပဲအစိမ်းမှုန့်များအား ၁၀ ကျပ်သား၊ ၂၅ ကျပ်သား၊ ၅၀ ကျပ်သား အထုပ်များကို အမျိုးသမီးအလုပ်သမားများက လေလုံအောင် ပလတ်စတစ်အိတ်ဖြင့် ထုပ်ပိုးသည်။ ၎င်းပလပ်စတစ်အိတ်ပေါ်၌ စားသုံးသူကာကွယ်ရေးဥပဒေ အခန်း(၁၈)၌ ပြဋ္ဌာန်းထားသည့် ကုန်စည်အမျိုးအစားအလိုက် သတ်မှတ်ချက်များနှင့်အညီ သိသာထင်ရှားစွာဖော်ပြရမည့် ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းကို ဥပဒေပါပြဋ္ဌာန်းချက်အတိုင်း လိုက်နာဆောင်ရွက်ဖော်ပြထားကြောင်း စိစစ်တွေ့ရှိရသည်။ ၎င်းအထုပ်ငယ်ကလေးများကို ငါးပိဿာဝင် သို့မဟုတ် ၁၀ ပိဿာဝင် သို့မဟုတ် ၂၀ပိဿာဝင် ပီနံအိတ်များဖြင့်ထုပ်ပိုး၍ ဈေးကွက်များနှင့် ဖောက်သည်များထံသို့ ဖြန့်ဖြူးရောင်းချကြောင်း သိရသည်။ ကုလားပဲမှုန့်များ ထားရှိသုံးစွဲနိုင်မှု သက်တမ်းမှာ လေလုံအောင်ထားပါက ပဲမှုန့်အကျက် ၃လ၊ ပဲမှုန့်အစိမ်း လေးလထိကြာအောင် ထားရှိနိုင်ကြောင်း သိရသည်။ ရောင်းဈေးနှုန်းမှာ စက်ရုံလက်ကား(ဖောက်သည်)ဈေး ပဲမှုန့်အကျက် တစ်ပိဿာ ကျပ် ၇၀၀၀ မှ ၇၁၀၀ ကြား၊ ပဲမှုန့်အစိမ်း တစ်ပိဿာ ကျပ် ၆၉၀၀ ကျပ်မှ ၇၀၀၀ ကြား ဈေးနှုန်းများဖြင့် ရေဘိုခရိုင်အတွင်းသို့ အများဆုံး တင်ပို့ရောင်းချရပြီး၊ မန္တလေးမြို့နှင့် မြန်မာနိုင်ငံ အထက်ပိုင်းသို့ တင်ပို့ရောင်းချကြောင်း သိရသည်။

ရတနာပဲခွဲစက်နှင့် အမှုန့်ကြိတ်စက်၌ အမျိုးသား ကိုးဦးနှင့် အမျိုးသမီး ၁၂ ဦး စုစုပေါင်း လုပ်သား ၂၁ ဦးအား အလုပ်အကိုင်အခွင့်အလမ်းများ ပေးထားနိုင်သည်။ လုပ်အားခများအနေဖြင့် အမျိုးသမီး တစ်ဦး တစ်ရက်လုပ်ခ ကျပ် ၆၀၀၀မှ ကျပ် ၇၀၀၀ ထိ၊ အမျိုးသား တစ်ဦး တစ်ရက်လုပ်ခ ကျပ် ၈၅၀၀ မှ ကျပ် ၁၀၀၀၀ ထိ ရရှိကြောင်း သိရသည်။

### a&Tudumyrel/Mdpuf

ရွှေကြိုးကြာ ပဲမှုန့်ကြိတ်စက်သည် စစ်ကိုင်းမြို့ နန္ဒဝန်ရပ်ကွက်၌ တည်ရှိပြီး ၂၀၁၀ ပြည့်နှစ်ကစတင်၍ စက်ပစ္စည်းတန်ဖိုး ရင်းနှီးငွေ ကျပ်သိန်း ၅၀၀ ဖြင့် စတင်လုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။ ကုလားပဲ ခွဲခြမ်းများကို မန္တလေးကုန်စည်ဒိုင်မှဝယ်ယူပြီး ကုလားပဲ အစိမ်းမှုန့်ကြိတ်ခြင်းကို တစ်ရက်လျှင် ကုလားပဲခွဲခြမ်းပိဿာ ၆၀ ခန့်၊ တစ်လလျှင် ပျမ်းမျှကုလားပဲခြမ်း ပိဿာ ၁၃၀၀ ကျော်ကိုလည်းကောင်း၊ ကုလားပဲအကျက်မှုန့် ကြိတ်ခြင်းကို တစ်ရက်လျှင် ကုလားပဲခွဲခြမ်း ၁၀ ပိဿာခန့်၊ တစ်လလျှင် ပျမ်းမျှ ကုလားပဲခြမ်း ပိဿာ ၂၂၀ ကိုလည်းကောင်း ကြိတ်ခွဲထုတ်လုပ်နိုင်ကြောင်း သိရသည်။ ကုလားပဲ အကျက်မှုန့်နှင့် ကုလားပဲ အစိမ်းမှုန့်များအား ၁၀ ကျပ်သား၊ ၂၅ ကျပ်သား၊ ၅၀ ကျပ်သား အထုပ်များကို လေလုံအောင် ပလတ်စတစ်အိတ်ဖြင့် ထုပ်ပိုးသည်။ ထားရှိသုံးစွဲနိုင်မှု သက်တမ်းမှာ လေလုံအောင်ထားပါက ပဲမှုန့်အကျက် သုံးလ၊ ပဲမှုန့်အစိမ်း လေးလထိကြာအောင် ထားရှိနိုင်ကြောင်း သိရသည်။ ရောင်းဈေးနှုန်းများမှာ စက်ရုံလက်ကားဈေး ပဲမှုန့်အကျက် တစ်ပိဿာ ကျပ် ၆၇၅၀ မှ ၇၀၀၀ ကြား၊ ပဲမှုန့်အစိမ်း တစ်ပိဿာ ကျပ် ၆၃၀၀ မှ ၆၆၀၀ ကြား ဈေးနှုန်းများဖြင့် ဒေသတွင်းနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိပြင်ဦးလွင်၊ ကျောက်ဆည်မြို့နှင့် မိတ္ထီလာမြို့ များသို့ အများဆုံးတင်ပို့ရောင်းချကြောင်း သိရသည်။ အမျိုးသမီးလုပ်သား ခုနစ်ဦးအား တစ်ဦး တစ်ရက်လျှင် ကျပ် ၈၀၀၀ နှုန်းဖြင့် ခုနစ်ဦးကို အလုပ်အကိုင် အခွင့်အလမ်းများ ပေးထားနိုင်ကြောင်း သိရသည်။

ရတနာပဲခွဲစက်နှင့် ရွှေကြိုးကြာပဲခွဲစက်သည် ခေတ်မီစက်များကို အသုံးပြု၍ ကုလားပဲခွဲခြမ်းနှင့် ကုလားပဲမှုန့်များကို ကြိတ်ခွဲကြောင်း သိရသည်။ ခရိုင်အလိုက်၊ တိုင်းဒေသကြီးအလိုက် အသေးစား၊ အငယ်စား၊ အလတ်စား (MSME) စက်မှုလုပ်ငန်းများဖြစ်သည့် ပဲခွဲစက်လုပ်ငန်း၊ ပဲမှုန့်ကြိတ်စက်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေခြင်းဖြင့် ဒေသတွင်း၊ တိုင်းအတွင်း လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ပြီး ပိုလျှံသည်များကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်သည်ထိ ကြိုးပမ်းဆောင်ရွက်သွားခြင်းဖြင့် ပို့ကုန်ကဏ္ဍ မြှင့်တင်ရာရောက်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

## ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ဩဂုတ်လအတွင်း ကုန်သွယ်မှုအခြေအနေ

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၏ ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိ ကာလအတွင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၂၀၂ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၉၈ ဒသမ ၆၈၆ သန်းဖြစ်၍ ကုန်သွယ်မှုပမာဏမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၉ ဒသမ ၈၈၈ သန်းဖြစ်ပြီး ကုန်သွယ်မှုလျာထားချက်အပေါ် ၅၁၈ ဒသမ ၁၀၄ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

ကာလတူဖြစ်သော ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဇူလိုင်လ လုပ်ငန်းဆောင်ရွက်မှုနှင့် နှိုင်းယှဉ်ပါက ပို့ကုန် အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၈၂၈ သန်းနှင့် သွင်းကုန် အမေရိကန်ဒေါ်လာ ၈၉ ဒသမ ၀၂၂ သန်း ပိုမိုခဲ့ခြင်းကြောင့် ကုန်သွယ်မှုပမာဏအနေဖြင့် တန်ဖိုး အမေရိကန်ဒေါ်လာ ၁၂၁ ဒသမ ၈၅၀ သန်း ပိုမိုဆောင်ရွက်ခဲ့ သည်။

ကာလတူထက် ပို့ကုန်ပိုင်းတွင် ပိုမိုရခြင်းမှာ အဓိကပို့ကုန်အမယ်များဖြစ်သော ပြောင်း၊ ပဲလွမ်းဖြူ၊ ပဲတီစိမ်း၊ ပဲကြီး၊ မြေထောက်ပဲ၊ ပဲယင်း၊ မြေပဲဆန်၊ မတ်ပဲ၊ ထောပတ်ပဲ၊ နိုင်လွန်ပဲ၊ ပဲနီကြား၊ စွန်တာနီပဲ၊ နှမ်းနက်၊ ရော်ဘာကြမ်း၊ ရော်ဘာစိမ်း၊ ဝဥ (စို/ခြောက်)၊ ဗိုလ်ကိတ်ပဲ၊ ကြက်သွန်နီ၊ Rice Husk Charcol Pulp paper, CMP တို့ တင်ပို့မှုပိုမိုခဲ့သဖြင့် ပို့ကုန်တင်ပို့မှု ပိုမိုရခြင်းဖြစ်သည်။

အနီးစပ်ဆုံးကာလနှင့်နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၀၈ သန်း နှင့် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၈၂၇ သန်းပိုမိုပြီး ကုန်သွယ်မှုပမာဏအနေဖြင့် တန်ဖိုးအမေရိကန်ဒေါ်လာ ၁၆ ဒသမ ၀၃၅ သန်းပိုမိုခဲ့ကြောင်း သိရသည်။

ပို့ကုန်ပိုင်းတွင် ပိုမိုရခြင်းမှာ ပြောင်း၊ ပဲကြီး၊ မြေပဲ ဆန်၊ မတ်ပဲ၊ ပဲနီကြား၊ စွန်တာနီပဲ၊ နှမ်းနက်၊ ပြောင်းဖတ်ချဉ်၊ ရော်ဘာ၊ ဝဥ (စို/ခြောက်) ၊ ကွမ်းသီး၊ ဗိုလ်ကိတ်ပဲ၊ ကြက်သွန်နီတို့တင်ပို့မှု ပိုမိုခဲ့သောကြောင့်ဖြစ်သည်။

**အိမ့် (DOT)**

# လတ်တလော စဉ်းစားမိသည့် အိန္ဒိယနှင့် တရုတ် နှစ်နိုင်ငံ စီးပွားရေး အခြေအနေ

စောနိုင် (အသုံးချဘောဂဗေဒ)

ပထဝီနိုင်ငံရေး အလှုပ်အရှားများနှင့် အလျင်အမြန်ပြောင်းလဲနေသော ကမ္ဘာ့စီးပွားရေး အခြေအနေတွင် အိန္ဒိယနိုင်ငံက ကမ္ဘာလုံးဆိုင်ရာ ဦးဆောင်မှုအသစ်ကို ပေးနိုင်တော့မည်လော။ လွန်ခဲ့သော ဆယ်စုနှစ်တစ်ခုကျော်ကာလများက အိန္ဒိယနိုင်ငံသည် အခက်အခဲ၊ အကျပ်အတည်းများနှင့် ရုန်းကန်ကြိုးစားနေရသည့် အခြေအနေတွင်ရှိခဲ့သည်။ ဆင်းရဲနွမ်းပါးမှု၊ အလုပ်လက်မဲ့ အခြေအနေ၊ ချုပ်ကိုင်မှုကြီးမားသော အစိုးရယန္တရား၏ ကြိုးနီစနစ်နှင့်အတူ တည်ငြိမ်မှုမရှိသော စီးပွားရေးအကြောင်းများသည် အိန္ဒိယနိုင်ငံ၏ သတင်းများတွင် ခေါင်းကြီးပိုင်းနေရာများ၌ အမြဲတမ်း ရှိနေခဲ့သည်။

၂၀၁၄-၂၀၁၅ ခုနှစ်က အိန္ဒိယသည် ကမ္ဘာ့စီးပွားရေး ပမာဏတွင် ၁၀ နိုင်ငံမြောက်အဆင့်၌သာ ရှိနေခဲ့ပြီး ယခုအချိန်တွင် ပဉ္စမမြောက်နိုင်ငံမြောက် အကြီးဆုံးနိုင်ငံ ဖြစ်နေခဲ့ပြီ။ ၂၀၁၄-၂၀၁၅ မှ ၂၀၂၂-၂၀၂၃ အထိ နိုင်ငံ၏နှစ်စဉ် ဂျီဒီပီ တိုးတက်မှုနှုန်းမှာ ပျမ်းမျှအားဖြင့်၆ ဒသမ ၅ ရာခိုင်နှုန်း ဖြစ်သည်။ အခြေအနေက ဆက်လက်အရှိန်တက်နေသည်။ အိန္ဒိယဝန်ကြီးချုပ် နာရန်ဒြာမိုဒီ(Narendra Modi) က အိန္ဒိယသည် ၂၀၂၇ ခုနှစ်တွင် ကမ္ဘာ့ တတိယအကြီးဆုံး စီးပွားရေးကျိန်းသေပေါက် ဖြစ်လာမည်ဟုဆိုနေသည်။

ကမ္ဘာ့စီးပွားရေး ဒုတိယအကြီးဆုံး တရုတ်နိုင်ငံတွင် သက်ကြီးဦးရေ ဝန်ထုပ်ကြီးမားလာနေစဉ် အိန္ဒိယသည် လုပ်သားဦးရေ အများဆုံးနိုင်ငံ ဖြစ်လာနေသည်။ အိန္ဒိယရှိ လူအများစုသည် ဆင်းရဲနွမ်းပါးမှု မျဉ်းအထက်ကို ရောက်ရှိနေကြပြီဟုလည်းဆိုသည်။ ၂၀၁၁- ၂၀၁၉ကာလများအတွင်း အိန္ဒိယနိုင်ငံ၏ အလွန်အမင်း ဆင်းရဲနွမ်းပါးသော လူဦးရေ ပမာဏသည် ထက်ဝက်မျှ ကျဆင်းသွားခဲ့ကြောင်း ကမ္ဘာ့ဘဏ်၏ စာရင်းဇယားများက ဖော်ပြနေသည်။

စိုက်ပျိုးရေးကဏ္ဍသည် နှစ်စဉ်ပျမ်းမျှ တိုးတက်မှုနှုန်း ၄ ရာခိုင်နှုန်းနီးပါးအထိရှိပြီး ငွေကြေးဖောင်းပွမှုသည် ၂၀၁၄ ခုနှစ်ကတည်း ၅ရာခိုင်နှုန်းနှင့် ၆ ရာခိုင်နှုန်းကြားတွင် ဖြစ်ပေါ်နေခဲ့သည်။ ဘဏ်လုပ်ငန်း ဖွံ့ဖြိုးတိုးချဲ့မှုလာမှုကြောင့် ဝင်ငွေနည်းပါးသူများပင် ဘဏ်အသုံးပြုလာတတ်ကြပြီး ကျေးလက်ဒေသလူများ၏ စားသုံးမှုများလည်း အားကောင်းလာနေသည်။ လက်ရှိအခြေအနေတွင် လူဦးရေ၏ ၇၈ ရာခိုင်နှုန်းသည် ဘဏ်လုပ်ငန်းနှင့်ဆက်စပ်မှုရှိနေကြပြီး ငွေကြေးစုဆောင်းမှုများကိုလည်း စနစ်တကျ လုပ်ဆောင်နိုင်နေကြပြီဖြစ်သည်။

အိန္ဒိယစီးပွားရေးဖွံ့ဖြိုးမှုအတွက် ယခင်ကာလများက အားကိုးအားထားမပြုခဲ့သော ပို့ကုန်ကဏ္ဍသည် ကိုဗစ်ကပ်ရောဂါကာလအတွင်း အားကောင်းလာခဲ့သည်။ ၂၀၂၁-၂၀၂၃ ကာလများတွင် ၄၅ ဒသမ ၁၃ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပြီး ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ဆက်လက်မြင့်တက်ခဲ့သည်။ ထိုအခြေအနေသည် တစ်ဖက်တွင် ကမ္ဘာ့ဈေးကွက်၌ အိန္ဒိယပို့ကုန်၏ အရေးပါမှုအခန်းကဏ္ဍကို ပေါ်လွင်လာစေပြီးနှင့် အခြားတစ်ဖက်တွင် အာဆီယံအပါအဝင် နိုင်ငံငယ်များအတွက် စိန်ခေါ်မှုသစ်အဖြစ် ထင်ဟပ်လာနေသည်။

တရုတ်နိုင်ငံမှာမူ ငွေကျုံ့မှု (ဒီဖလေရှင်း)ဒဏ်ကို စိုးရိမ်ထိတ်လန့်လျက်ရှိနေပြီး စီးပွားရေးတိုးတက်မှုမှာ တစ်ဟုန်ထိုးကျဆင်းနေခဲ့သည်။ ဂျီဒီပီတိုးတက်မှုနှုန်းသည် ၂၀၂၂ ခုနှစ်တွင် ၃ ရာခိုင်နှုန်းသို့ ကျဆင်းသွားခဲ့ပြီး နောက် ၂၀၂၃ ခုနှစ်တွင်လည်း ဆက်လက်ကျဆင်းနိုင်မည်ဟုလည်း ခန့်မှန်းနေကြသည်။ သက်ကြီးရွယ်အို လူဦးရေ မြင့်တက်လာမှု၊ ကျေးလက်မြို့ပြ ကွာဟလာမှု၊ မဖွံ့ဖြိုးသေးသော ဘဏ္ဍာရေးစနစ် အပါအဝင် ပြည်တွင်း စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရကြောင်း အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) က သုံးသပ်ထားသည်။

ထို့ပြင် အမေရိကန်နိုင်ငံအပါအဝင် အနောက်နိုင်ငံများနှင့် နိုင်ငံရေးအရ ဆက်ဆံမှုများ ယိုယွင်းလာခြင်းသည်လည်း တရုတ်နိုင်ငံ၏ စီးပွားရေးမျှော်လင့်ချက်များကို အားလျော့စေ လျက်ရှိသည်။ အထူးသဖြင့် ပို့ကုန်မျှော်လင့်ချက်များကို ပျက်စီးသွားခြင်းဖြစ်သည်ဟုဆိုသည်။ ယခုအချိန်ထိ နိုင်ငံရေး၊ စီးပွားရေး အပူအအေးမမျှတဖြစ်လျက် စီးပွားဖက်၊ ကုန်သွယ်ဖက်နိုင်ငံများနှင့် ဆက်ဆံရေးများ မူလအခြေအနေပြန်လည်ရောက်ရှိရေးအတွက် အရှိန်မြှင့်လျက် အားထုတ်လုပ်ဆောင်နေရသည်။

အမှန်တွင် တရုတ်နိုင်ငံသည် ကုန်ကျစရိတ်သက်သာသည့် ထုတ်လုပ်မှုကြောင့် အမေရိကန်၊ အနောက်အုပ်စုနိုင်ငံများနှင့် ဂျပန်တို့အတွက် အကြီးမားဆုံး အလုပ်ရုံကြီးဖြစ်လာခဲ့ခြင်းဖြစ်သည်။ သို့သော် အမေရိကန်-တရုတ် ထိပ်တိုက်တွေ့မှု၊ ရုရှား-ယူကရိန်း စစ်ပွဲနှင့် တရုတ်နှင့် ရုရှားနှစ်နိုင်ငံ ဆက်ဆံရေးစိပ်လာခြင်းသည် တရုတ်ပို့ကုန်များအပေါ် အတားအဆီးများ ပိုမိုဖြစ်လာခဲ့ပြီး လုံခြုံရေးစိုးရိမ်မှုများလည်း တိုးလာစေခဲ့သည်။ ထို့အပြင် ကိုဗစ်ပေါ်လစီ အမှားအယွင်းများကလည်း တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကဏ္ဍအပေါ် အကန့်အသတ်များ၊ အခြေခံ စက်မှုလုပ်ငန်းများအပေါ် ထိခိုက်ပျက်စီးများရှိခဲ့သည်။

လူမှုရေးကဏ္ဍရှိ သက်ကြီးရွယ်အိုဦးရေ များပြားလာခြင်းကြောင့် အလုပ်လုပ်ကိုင်သူဦးရေ ရှားပါးလာခြင်းသည် တရုတ်နိုင်ငံအတွက် စိုးရိမ်စရာတစ်ခုပင်။ ထိုအခြေအနေ၏ အကျိုးဆက်များသည် ထုတ်လုပ်မှုစရိတ် မြင့်တက်မှုနှင့် ထောက်ပံ့ရေးကွင်းဆက် ထိခိုက်လွယ်မှုများကို ဦးတည်သွားသည်။ တရုတ်နိုင်ငံ၏ အလုပ်လုပ်နေသော အသက်အရွယ်ဦးရေသည် ၂၀၂၀ ပြည့်နှစ်တွင် သန်း ၈၈၀ ခန့်ရှိခဲ့ပြီး ၂၀၃၅ ခုနှစ်တွင် သန်း ၈၂၀ သို့ကျဆင်းသွားလိမ့်မည်ဟု ခန့်မှန်းထားကြသည်။ ကြိုတင်မှန်းဆနေသူများက ကလေးမွေးဖွားနှုန်းသည် ၁၉၈၀ ပြည့်နှစ်များတွင် ၂ ဒသမ ၆ ရှိရာမှ ၂၀၂၁ ခုနှစ်တွင် ၁ ဒသမ ၁၅ သို့ ကျဆင်းခဲ့သည့်ကို လေ့လာလျက် ၂၀၈၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံ၏ သက်ကြီးရွယ်အိုဦးရေသည် အလုပ်လုပ်သူ ဦးရေကို ကျော်လွန်သွားလိမ့်မည်ဟုလည်းဆိုသည်။

ထို့ကြောင့်တရုတ်နိုင်ငံသည် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ မညီမျှမှုများအပါအဝင် စိန်ခေါ်မှုမျိုးစုံကို ရင်ဆိုင်နေရသည်။ အလုပ်လုပ်နိုင်သည့် လူဦးရေ ရှားပါးမှု၊ ကုန်ထုတ်စွမ်းအား ကျဆင်းမှု၊ ပိတ်ဆို့ အရေးယူမှုများကြောင့် နည်းပညာလွှဲပြောင်းမှု ကန့်သတ်ချက်များ၊ အိမ်ခြံမြေကဏ္ဍပူဖောင်းဖြစ်နေမှုနှင့် လူငယ်များကြား အလုပ်လက်မဲ့ မြင့်မားမှုတို့သည် တရုတ်နိုင်ငံ၏ ရည်မှန်းချက် ရောက်ရှိရေးကို နှောင့်နှေးစေလျက်ရှိသည်။ နောက်ဆုံးတွင် နိုင်ငံသားတစ်ဦးချင်း၊ အိမ်ထောင်စုများမှသည် စီးပွားရေးလုပ်ငန်းများအထိ မသေချာ မရေရာမှုများဖြင့် ဖြစ်လာနိုင်သည်။ အသုံးစရိတ်ကျဆင်းလာမှု၊ ဘဏ်တွင် အပ်နှံငွေများ ပိုမိုထားရှိလာမှုစသည့်အခြေအနေများသည် ဂျပန်နိုင်ငံ၏ စီးပွားရေးကျဆင်းမှုကဲ့သို့ပင် ပြည်တွင်းဝယ်လိုအား ကျဆင်းစေသည့် အခြေအနေ ဖြစ်သွားနိုင်သည်ဟု သုတေသီများ သုံးသပ်နေကြသည်။

ယခု ၂၀၂၃ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် အိန္ဒိယနိုင်ငံ နယူးဒေလီ၌ ဂျီ-၂၀ ထိပ်သီးအစည်းအဝေး ကျင်းပခဲ့သည်။ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် အပါအဝင် ကမ္ဘာ့အချမ်းသာဆုံးသော အင်အားကြီးနိုင်ငံများမှ ခေါင်းဆောင်များ တက်ရောက်ကြသည်။ သို့သော် ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးအဆောက်အအုံဖြစ်ပြီး အိန္ဒိယ၏ အနီးကပ်ဆုံး အိမ်နီးချင်းနိုင်ငံ တရုတ်နိုင်ငံမှ သမ္မတရှီကျင်းပင် မတက်ရောက်ခဲ့ပေ။

ဂျီ-၂၀ ထိပ်သီး အစည်းအဝေးကို လက်ခံကျင်းပသည့် အိန္ဒိယနိုင်ငံနှင့် အစည်းအဝေးသို့ ထိပ်သီးသမ္မတ မတက်ရောက်သည့် တရုတ်နိုင်ငံတို့၏ စီးပွားရေး အခြေအနေ အပြောင်းအလဲများမှာ အနာဂတ်ကမ္ဘာ့စီးပွားရေး မှန်းဆချက်များနှင့် ဆက်စပ်စဉ်းစားမိပါက တိုက်တိုက်ဆိုင်ဆိုင်ပင် စိတ်ဝင်စားဖွယ် ကောင်းနေသည်ကိုတွေ့ရ၏။

## မြန်မာ့ဆိပ်ကမ်းတွင် ၈.၉.၂၀၂၃ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆီဆိပ်ကမ်း | MT MESON | P'Oil(In Bulk) တန်ချိန် ၆၇၂ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| အေးရှားဝေါလ်ဆိပ်ကမ်း အမှတ်(၃) | BLPL FAITHBLPL FAITH | ကုန်သေတ္တာ ၃၀၀ တင်ဆဲ (အလုပ်မလုပ်) |
| | SITC CHEMING | ကုန်သေတ္တာ ၃၅၀ တင်ဆဲ(ပူးတွဲလုပ်ဆောင်) |
| | SINAR BANDA | ကုန်သေတ္တာ ၇၆၂ တင် ၉၁၅ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| | MSC DHANTIA | ကုန်သေတ္တာ ၄၈၂ တင် ၄၆၄ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| | NITHI BHUM | ကုန်သေတ္တာ ၇၄၆ တင် ၈၁၉ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| စက်မှုဆိပ်ကမ်းအမှတ်(၃) | CONCERTO | ကုန်သေတ္တာ ၈၀၅တင်၆၆၁ ချဆဲ (ပူးတွဲလုပ်ဆောင်ဆဲ) |
| စက်မှုဆိပ်ကမ်းအမှတ်(၄) | LUDWIG SCHULTE | ကုန်သေတ္တာ ၉၆၃ တင်၉၀၂ချဆဲ(ပူးတွဲလုပ်ဆောင်ဆဲ) |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်းအမှတ်(၁) | MT VIET TIN LUCKY | အလုပ်မလုပ် |
| Myanmar Integrated Port Limited | VALOR SW | Steel & Urea တန်ချိန် ၂၅၈၆၅ ချဆဲ |
| သီလဝါဆိပ်ကမ်းအမှတ်(၁) | MCC ANDALAS | ကုန်သေတ္တာ ၄၈၈ တင် ၃၄၅ ချဆဲ |
| သီလဝါဆိပ်ကမ်းအမှတ်(၃) | LUDWIG SCHULTE | ကုန်သေတ္တာ ၁၆၁ တင် ၇၀ ချဆဲ(ပူးတွဲလုပ်ဆောင်ဆဲ) |
| Willmar Myanmar | SPARROW | Urea (In Bulk) တန်ချိန် ၂၁၇၄၃ ချဆဲ |
| Port Terminal | KEN ZEN | Wheat တန်ချိန် ၁၄၁၀၀ တန်ချဆဲ |
| Myanmar Five Star Limited | MV.CITRA | Cement ၂၆၀၀တန်ချရန်ရှိ(အလုပ်မလုပ်) |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| GENIUS ACE | Equipment, တန်ချိန် ၂၇၀ တန်ချရန် | INDIA | ၁၁.၉.၂၀၂၃ |
| GOLDEN ATLANTIC | Steel တန်ချိန် ၁၀၉၅၀ တန်ချရန် | CHINA | ၁၃.၉.၂၀၂၃ |
| FLORA | Urea တန်ချိန် ၂၂၀၀၀ တန်ချရန် | OMAN | ၁၅.၉.၂၀၂၃ |
| PHUONG DONG-10 | Y'Maize, တန်ချိန် ၆၀၀၀ ချရန် | PHILIPPINES | ၁၈.၉.၂၀၂၃ |
| CL RUBY | Cement Slag(In Bulk) တန်ချိန် ၂၅၀၀၀တန်ချရန် | MALAYSIA | ၁၈.၉.၂၀၂၃ |
| ARCOLA | Soy Bean Meal တန်ချိန် ၂၆၄၂၉ တန်ချရန် | URUGUAY | ၂၀.၉.၂၀၂၃ |
| LUCKY STAR | Steel&Urea တန်ချိန် ၁၇၈၀၀ တန်ချရန် | CHINA | ၂၁.၉.၂၀၂၃ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| NITHI BHUM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၈.၉.၂၀၂၃ |
| LUDWIG SCHULTEL | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၉.၉.၂၀၂၃ |
| CONCERTO | SINGAPORE | စက်မှုဆိပ်ကမ်း | ၇.၉.၂၀၂၃ |
| MSC FORTUNE F | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၇.၉.၂၀၂၃ |
| IAL 001 | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၀.၉.၂၀၂၃ |
| ISEACO FORTUNE | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၀.၉.၂၀၂၃ |
| KOTA HAPAS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၂.၉.၂၀၂၃ |
| CONTRIVIA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၂.၉.၂၀၂၃ |
| CHERRY | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၃.၉.၂၀၂၃ |
| TCI ARJUN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၃.၉.၂၀၂၃ |
| MSC FORTUNE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၄.၉.၂၀၂၃ |
| UNI-ACTIVE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၄.၉.၂၀၂၃ |
| MCC SHENZHEN | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၄.၉.၂၀၂၃ |
| ALS SUMIRE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၅.၉.၂၀၂၃ |
| BLPL FAITH | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၆.၉.၂၀၂၃ |
| NEGAR | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၇.၉.၂၀၂၃ |
| AS SOPHIA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၇.၉.၂၀၂၃ |
| NITHI BHUM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၉.၉.၂၀၂၃ |

## ၂၄-၈-၂၀၂၃ မှ ၆-၉-၂၀၂၃ ရက်အထိ Online CO Application မှ CO / Product Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 1127 | 12 | - | - | - | 1139 |
| | Form AANZ | 26 | - | - | - | - | 26 |
| | Form AHK | 4 | - | - | - | - | 4 |
| | Form AI | 501 | 2 | - | - | - | 503 |
| | Form AJ | 25 | - | - | - | - | 25 |
| | Form AK | 322 | 7 | - | - | - | 329 |
| | Form CHINA | - | - | - | - | - | 0 |
| | Form D | - | - | - | - | - | 0 |
| | Form DFTP | 2 | 2 | - | - | - | 4 |
| | Form E | 455 | 18 | - | - | - | 473 |
| | Form Korea | 33 | 1 | - | - | - | 34 |
| | E Form D | 304 | - | - | - | - | 304 |
| 2. | Product Card | - | - | - | - | - | 0 |
| 3. | Certified Exporter | - | - | - | - | - | 0 |
| | Total | 2799 | 42 | - | - | - | 2841 |

# ယှဉ်ပြိုင်မှုဥပဒေအကြောင်း သိကောင်းစရာများ

အေးအေးသိန်း(မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်)

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်ရာတွင် အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လာသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံသားများ၏ စီးပွားရေးလုပ်ကိုင်ခွင့် အခွင့်အလမ်းများကို တန်းတူညီမျှ ရရှိစေရမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နိုင်ငံတော်အခြေခံမူများ အခန်းပုဒ်မ ၃၆ ပုဒ်မခွဲ (က)နှင့် ပုဒ်မခွဲ(ခ)တွင် အောက်ပါအတိုင်း ထည့်သွင်းပြဋ္ဌာန်းထားသည်ကို တွေ့ရှိရသည်။

ပုဒ်မ ၃၆။ နိုင်ငံတော်သည် -

(က) အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့အစည်းများ၊ ဖက်စပ်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကစသည့် စီးပွားရေး အင်အားစုအားလုံးကို စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုသည်။

(ခ) စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့် ယှဉ်ပြိုင်ခြင်းကို ပျက်ပြားစေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ်ဆောင်ရွက်မှု သို့မဟုတ် ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်မည်။

ကောင်းမွန်သောစီးပွားရေးစနစ်တစ်ရပ်ကို ဖော်ဆောင်ရာတွင် စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများအကြား တရားမျှတသော ယှဉ်ပြိုင်မှု ပတ်ဝန်းကျင်ကောင်းကို ဖန်တီးနိုင်ရန် အရေးကြီးပေသည်။ ယှဉ်ပြိုင်မှုကို ထိခိုက်စေသည့် ချိုးဖောက်မှုများကို တားဆီးနိုင်ရန် ဥပဒေတစ်ရပ် လိုအပ်လာလျှင် ယှဉ်ပြိုင်မှုဥပဒေကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉ ဖြင့် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ယှဉ်ပြိုင်မှုဥပဒေကို လိုက်နာကျင့်သုံးနိုင်ရန် အကျွမ်းတဝင်မရှိသေးမီ ပြုပြင်ပြောင်းလဲရေးကာလအဖြစ် (၂)နှစ်အချိန်ယူခဲ့ပြီးနောက် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ယှဉ်ပြိုင်မှုဥပဒေ စတင်အာဏာသက်ရောက်ကြောင်း နိုင်ငံတော်သမ္မတမှ ၂-၁၂-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၉) ဖြင့် ထုတ်ပြန်ခဲ့သည်။

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် - ၁၀၆ ဖြင့် မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ကို စတင်ဖွဲ့စည်းခဲ့ပြီး ယှဉ်ပြိုင်မှုဥပဒေပါ လုပ်ပိုင်ခွင့်များကို ကော်မရှင်သို့ အပ်နှင်းခဲ့သည်။

မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်သည် စီးပွားရေးလုပ်ငန်းလုပ် ကိုင်သူများအကြား ယှဉ်ပြိုင်မှု အခွင့်အလမ်းများနည်းပါးစေရန် သို့မဟုတ် အတားအဆီးဖြစ်စေရန်အတွက် ယှဉ်ပြိုင်မှုကို ဆန့်ကျင်ချိုးဖောက်သည့် အောက်ဖော်ပြပါ အပြုအမူများကို မဖြစ်ပေါ်စေရန် ယှဉ်ပြိုင်မှုဥပဒေပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ထိန်းကျောင်းခြင်း၊ တားဆီးခြင်း အစီအမံများဖြင့် အကောင်အထည် ဖော်ရမည်ဖြစ်သည် -

(၁) ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်သည့် သဘောတူညီချက်များ ပြုလုပ်ခြင်း၊

(၂) ဈေးကွက်အတွင်း လွှမ်းမိုးထားနိုင်သည့် အခြေအနေကို အလွဲသုံးစားပြု၍ ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်ခြင်း၊

(၃) တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ သက်ဆိုင်ရာဈေးကွက်အတွင်း လက်ဝါးကြီးအုပ်ဆောင်ရွက်ခြင်း၊

(၄) စီးပွားရေးလုပ်ငန်းဆိုင်ရာ ကျင့်ဝတ်များကို ဆန့်ကျင်၍ ယှဉ်ပြိုင်မှုကို ထိခိုက်စေသော အပြုအမူများကို ဆောင်ရွက်ခြင်း။

မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်သည် စီးပွားရေးလုပ်ငန်းများ ပေါင်းစည်းမှုအခြေအနေအလိုက် ယှဉ်ပြိုင်မှုကို ထိခိုက်နိုင်ဖွယ်ရှိသော ဈေးကွက်ဝေစု၊ ရောင်းအား၊ ရင်းနှီးငွေပမာဏ၊ အစုရှယ်ယာ အရေအတွက်နှင့် လုပ်ငန်းနှင့်သက်ဆိုင်သည့်ပစ္စည်းပမာဏတို့ကို သတ်မှတ်ပေးခြင်းဖြင့် သက်ဆိုင်ရာနယ်ပယ်အလိုက် ယှဉ်ပြိုင်မှုထိခိုက်ခြင်း မရှိစေရန် ထိန်းညှိပေးရန် တာဝန်ရှိသည်။

ၾင်းအပြင် ဈေးကွက်လက်ဝါးကြီးအုပ် ဆောင်ရွက်နိုင်ခြေရှိသော ဈေးကွက်ဝေစု၊ ရောင်းအား၊ ရင်းနှီးငွေပမာဏ၊ အစုရှယ်ယာအရေအတွက်နှင့် လုပ်ငန်းနှင့်သက်ဆိုင်သည့် ပစ္စည်းပိုင်ဆိုင်မှု ပမာဏတို့ကိုလည်း သတ်မှတ်ပေးရန် လိုအပ်သည်။

ပမာဏသတ်မှတ်ချက်ထက် ကျော်လွန်သော စီးပွားရေးလုပ်ငန်း သို့မဟုတ် ကျော်လွန်နိုင်ခြေရှိသည့် စီးပွားရေးလုပ်ငန်းများကို လုပ်ငန်းပမာဏ လျှော့ချရန်လည်းကောင်း၊ ဈေးကွက်လက်ဝါးကြီးအုပ် ချုပ်ကိုင်နိုင်ခြေရှိသည့် စီးပွားရေးလုပ်ငန်းများကို ဈေးကွက်ဝေစုနှင့် အရောင်းမြှင့်တင်မှုများကို ထိန်းညှိနိုင်ရန် လိုအပ်သော ကန့်သတ်မိန့်များ၊ တားမြစ်မိန့်များကို ထုတ်ပြန်ခြင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်မှုကို ဆန့်ကျင်ချိုးဖောက်သည့် အခြေအနေမပေါ်ပေါက်စေရန် မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်က ထိန်းကျောင်းပေးမည်ဖြစ်သည်။

ယှဉ်ပြိုင်မှုကို ဆန့်ကျင်ချိုးဖောက်သည့် အပြုအမူများသည် လုပ်ငန်းနယ်ပယ်အလိုက် များစွာရှိသော်လည်း သိသာထင်ရှားသော ချိုးဖောက်မှုများကို ဖော်ပြအပ်ပါသည်-

ယှဉ်ပြိုင်မှု ကိုကန့်သတ်ထိန်းချုပ်သည့်သဘောတူညီချက်များ ပြုလုပ်ခြင်းဆိုင်ရာ အပြုအမူများ-

(၁) ဝယ်ယူသည့် ဈေးနှုန်းကိုဖြစ်စေ၊ ရောင်းချသည့် ဈေးနှုန်းကိုဖြစ်စေ တိုက်ရိုက်သော် လည်းကောင်း၊ သွယ်ဝိုက်၍သော် လည်းကောင်း ညှိနှိုင်းသတ်မှတ်ခြင်း၊

(၂) ဈေးကွက်အတွင်း အခြားယှဉ်ပြိုင်သူများ၏ အခွင့်အလမ်းများကို ထိခိုက်စေရန် သို့မဟုတ် ဈေးကွက်မှထွက်သွားစေရန် ရည်ရွယ်၍ ဈေးကွက်ကိုဖြစ်စေ၊ ထောက်ပံ့မှု အရင်းအမြစ်များကို ဖြစ်စေ၊ နည်းပညာကိုဖြစ်စေ ကန့်သတ်ထိန်းချုပ်သည့် သဘောတူညီချက်များ ပြုလုပ်ခြင်း၊

(၃) တင်ဒါ သို့မဟုတ် လေလံဆွဲရာတွင် အုပ်စုတစ်စု တစ်ဖွဲ့က တင်ဒါအဆိုပြုဈေးနှုန်း သို့မဟုတ် လေလံကြမ်းခင်းဈေးကို ညှိနှိုင်း၍ အုပ်စုဝင်တစ်ဦးဦးက အခွင့်အရေးရစေရန် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ခြင်း၊

(၄) စီးပွားရေးလုပ်ငန် း လုပ်ကိုင်သူတစ်ဦးဦး၏ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုဆိုင်ရာ ဈေးကွက်ကို လက်ဝါးကြီးအုပ်ရန်အလို့ငှာ စီးပွားရေးလုပ်ငန်းချင်း ပေါင်းစပ်ခြင်း၊ လုပ်ငန်းရယူခြင်း၊ ဖယ်ရှားခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ ညှိနှိုင်းသဘောတူခြင်း။

ဈေးကွက် လွှမ်းမိုးမှုကို အလွဲသုံးစားပြုခြင်းဆိုင်ရာအပြုအမူများ-

(၁) ကုန်ပစ္စည်းထုတ်လုပ်မှု၊ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချမှု သို့မဟုတ် ဝန်ဆောင်မှုကို ချုပ်ကိုင်ခြင်း၊

(၂) ကုန်ပစ္စည်းဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုပြုသူကို တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် ထားရှိခြင်း၊

(၃) ယှဉ်ပြိုင်ဘက် စီးပွားရေးလုပ်ငန်း၏ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို စားသုံးသူများက ရွေးချယ်မှု မပြုနိုင်ရန် ရည်ရွယ်၍ တားဆီးသည့် အစီအမံများ ချမှတ်ခြင်း၊

(၄) သက်ဆိုင်ရာဈေးကွက်သို့ ဝင်ရောက်ရန် အလားအလာရှိသည့် အခြားစီးပွားရေး လုပ်ကိုင်သူများကို တားဆီးခြင်း၊

(၅) ဖြန့်ဖြူးသူတို့အပေါ် တရားမျှတမှုမရှိသော စည်းကမ်းများ သတ်မှတ်ခြင်းနှင့် ရောင်းဝယ်မှုဈေးနှုန်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ သတ်မှတ်ပေးခြင်း၊

(၆) လုပ်ငန်းတစ်ရပ် သို့မဟုတ် လုပ်ငန်းအများအပြားထံ ကုန်ပစ္စည်း ဖြန့်ဖြူးပေးရန် ငြင်းဆန်ခြင်း၊

(၇) တူညီသော အရောင်းအဝယ်ပြုမှုများတွင် ကွဲပြားခြားနားသော စည်းကမ်းချက်များ ကျင့်သုံးခြင်းဖြင့် ဈေးကွက်သို့ အသစ်ဝင်ရောက် လာသူများကိုဖြစ်စေ၊ လက်ရှိ ယှဉ်ပြိုင်လုပ်ကိုင်နေသူများကိုဖြစ်စေ လုပ်ငန်းတိုးချဲ့မှုပြုလုပ်ရန် အခွင့်အရေးများကို ဆုတ်ယုတ်စေခြင်း၊ ဈေးကွက်မှ ထွက်သွားစေသည်အထိ ထိခိုက်နစ်နာစေခြင်း၊

(၈) ယှဉ်ပြိုင်သူများ ဈေးကွက်အတွင်းမှ ထွက်သွားစေရန်အလို့ငှာ ထုတ်လုပ်မှု ကုန်ကျစရိတ်အောက် လျော့နည်းသောဈေးနှုန်း သို့မဟုတ် ဆိပ်ကမ်းရောက်တန်ဖိုးအောက် လျော့နည်းသော ဈေးနှုန်းဖြင့် ကုန်စည်များကို ရောင်းချခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးခြင်း။

ဈေးကွက် လက်ဝါးကြီးအုပ် ဆောင်ရွက်ခြင်းအပြုအမူများ-

(၁) သက်ဆိုင်ရာဈေးကွက်အတွင်း အခြားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများ ဝင်ရောက်ဆောင်ရွက်ခြင်းမရှိစေရန် ပထုတ်ခြင်း သို့မဟုတ် ဟန့်တားခြင်း။

(၂) စီးပွားရေးလုပ်ငန်း ယှဉ်ပြိုင်ဘက်များ၏ စားသုံးသူဖောက်သည်များ သို့မဟုတ် ဝယ်ယူသုံးစွဲသူများကို ယင်းစီးပွားရေး ယှဉ်ပြိုင်ဘက်နှင့် စီးပွားရေးအရ မပတ်သက်ရန် တားဆီးခြင်း၊

(၃) ကုန်ပစ္စည်းရောင်းချခြင်းနှင့် ဝန်ဆောင်မှုဆိုင်ရာ အခွင့်အလမ်းများကို ကန့်သတ်ခြင်း၊

(၄) စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများက မဖြစ်မနေ ဆောင်ရွက်စေရန် စည်းကမ်းချက်များကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော် လည်းကောင်း သတ်မှတ်ခြင်း၊

(၅) ဈေးကွက်ပျက်ပြားစေရန် ဝန်ဆောင်မှု၊ ထုတ်လုပ်မှု၊ ဝယ်ယူမှု၊ ဖြန့်ဖြူးမှု၊ လွှဲပြောင်းပေးမှု၊ တင်သွင်းမှုတို့ကို သင့်လျော်သည့်အကြောင်းပြချက် မရှိဘဲ ဆိုင်းငံ့ထားခြင်း၊ လျှော့ချခြင်း၊ ကန့်သတ်ခြင်း၊

(၆) ဈေးကွက်ဝယ်လိုအားအောက် လျော့နည်းစေရန် အရေအတွက် လျှော့ချရန်အလို့ငှာ ကုန်စည်များကို ဖျက်ဆီးခြင်း၊ ပျက်စီးစေရန် ပြုလုပ်ခြင်း၊

(၇) ကုန်စည်နှင့်ဝန်ဆောင်မှုများကို ရောင်းဝယ်ဖောက်ကားမှုပြုရာတွင် နယ်မြေဧရိယာ ထိန်းချုပ်ကန့်သတ်မှုပြုခြင်း။

တရားမျှတမှုမရှိသော ယှဉ်ပြိုင်မှုဆိုင်ရာအပြုအမူများ-

(၁) စားသုံးသူများကို ထင်ယောင်ထင်မှားဖြစ်စေရန် အမှတ်အသားများကို လှည့်စားခြင်း၊

(၂) စီးပွားရေးလုပ်ငန်း၏ လျှို့ဝှက်ချက်ကို ပေါက်ကြားစေခြင်း၊

(၃) စီးပွားရေးလုပ်ငန်းတွင် အကျပ်ကိုင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊

(၄) အခြားစီးပွားရေးလုပ်ငန်း၏ နာမည်ဂုဏ်သတင်းကို ပျက်ပြားစေခြင်း၊

(၅) အခြားစီးပွားရေးလုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်မှုကို နှောင့်ယှက်ခြင်း၊

(၆) တရားမျှတမှုမရှိသော ယှဉ်ပြိုင်မှုအလို့ငှာ ကြော်ငြာခြင်း သို့မဟုတ် အရောင်းမြှင့်တင်ခြင်း၊

(၇) အခြားစီးပွားရေးလုပ်ငန်းများနှင့် သဘောတူစာချုပ် ချုပ်ဆိုထားသူအား စာချုပ်ဖောက်ဖျက်ရန် ဆွဲဆောင်ခြင်း၊ လှုံ့ဆော်ခြင်း။

ယှဉ်ပြိုင်မှုကို ဆန့်ကျင်ချိုးဖောက်မှုများတွင် ကျူးလွန်သောပြစ်မှုအမျိုးအစားပေါ် မူတည်၍ စီမံခန့်ခွဲရေးနည်းလမ်းဖြင့်သော်လည်းကောင်း တရားစီရင်ရေးနည်းလမ်းဖြင့်သော် လည်းကောင်း၊ မည်သည့်နည်းလမ်းဖြင့်အရေးယူသင့်ကြောင်းကို မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်က အဆုံးအဖြတ်ပြု၍ ဆက်လက်အရေးယူဆောင်ရွက်သည်။

ယှဉ်ပြိုင်မှု ကို ကန့်သတ်ထိန်းချုပ်သည့် သဘောတူညီချက်များပြုလုပ်ခြင်း၊ ဈေးကွက်လွှမ်းမိုးမှုကို အလွဲသုံးစားပြုခြင်းနှင့် ဈေးကွက်လက်ဝါးကြီးအုပ် ဆောင်ရွက်ခြင်း အပြုအမူများသည် ယှဉ်ပြိုင်မှုနယ်ပယ်တွင် ဆိုးရွားသော ယှဉ်ပြိုင်မှုဆန့်ကျင်ချိုးဖောက်မှုများဖြစ်သည်။

# စစ်ကိုင်းတိုင်းဒေသကြီးမှ နာမည်ကျော် ရွှေဘိုပေါ်ဆန်းဘေးကြား

**သန်းသန်းတင် (မုံရွာ)**

မြန်မာနိုင်ငံသည် တောတောင်ရေမြေ ရာသီဥတုအနေအထား ကောင်းမွန်ပြီး စိုက်ပျိုးမြေ ပေါကြွယ်ဝသည့်အလျောက် ဆန်စပါးကို အဓိကစီးပွားရေးကဏ္ဍအဖြစ် စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ စစ်ကိုင်းတိုင်းဒေသကြီးသည် နိုင်ငံတော်၏ တတိယစပါးကျီတစ်ခုဖြစ်ပြီး ရွှေဘိုခရိုင်အား ဆန်စပါးစိုက်ပျိုးမှု၌ စစ်ကိုင်းတိုင်းဒေသကြီး၏ ပထမစပါးကျီတစ်ခုအဖြစ် တင်စားနိုင်သည်။ ရွှေဘိုခရိုင်နှင့် ရေဦးခရိုင်၌ ရွှေဘိုမြို့နယ်၊ ဝက်လက်မြို့နယ်၊ ခင်ဦးမြို့နယ်၊ ရေဦးမြို့နယ်၊ တန့်ဆည်မြို့နယ်နှင့် ဒီပဲယင်းမြို့နယ် စုစုပေါင်း ခြောက်မြို့နယ်ရှိပြီး ၎င်းမြို့နယ် ခြောက်မြို့နယ်၏ သဖန်းဆိပ်ဆည် ရေသောက်လယ်ဧက ၄ ဒသမ ၄ သိန်းခန့်တွင် ရွှေဘိုပေါ်ဆန်းစပါးကို ဧကသုံးသိန်းကျော်ထိ တိုးတက်စိုက်ပျိုးလာကြောင်း သိရသည်။ ရွှေဘိုပေါ်ဆန်းစပါးသည် ရွှေဘိုဒေသ၏ ရေမြေ ရာသီဥတုနှင့် ကိုက်ညီမှုရှိခြင်း၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်ထုတ်လုပ် ဖြန့်ဖြူးလာခြင်းတို့ကြောင့် တင်ပို့ရောင်းချသူများက ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်အထိ ထိုးဖောက်ချဲ့ထွင်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ထိုသို့ချဲ့ထွင်နိုင်ရေးအတွက် ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူတောင်သူများသည် စက်မှုလယ်ယာဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနများနှင့်ပူးပေါင်း၍ အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့်စပါးများ ရွေးချယ်စိုက်ပျိုးခြင်း၊ ဈေးကွက်ခိုင်မာသော စပါးမျိုးကို ပြောင်းလဲစိုက်ပျိုးခြင်း၊ အဆင့်မြင့်လယ်ယာများ ဖော်ထုတ်ခြင်း၊ သိပ္ပံနည်းကျ (GAP) စနစ်ဖြင့် စိုက်ပျိုးခြင်း စသည့် နည်းလမ်းများကို လိုက်နာအကောင်အထည်ဖော်၍ မြန်မာ့ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍတွင် ရွှေဘိုပေါ်ဆန်းကို ဦးစားပေး စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

## ရွှေဘိုပေါ်ဆန်း စတင်စိုက်ပျိုးခဲ့သည့် နောက်ခံသမိုင်း

ရွှေဘိုပေါ်ဆန်းကို ၁၉၉၇-၁၉၉၈ ခုနှစ်ခန့်တွင် ရွှေဘိုမြို့နယ် သီးလုံးကျေးရွာရှိ တောင်သူ ဦးထွန်းရီ၊ ဒေါ်ကြည်ညွှန့်တို့က ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ဗိုလ်လုံကျေးရွာမှ ပေါ်ဆန်းဘေးကြားစပါးမျိုး လေးပြည်ယူဆောင်ခဲ့ပြီး ၎င်းလယ်မြေတွင် စတင်စမ်းသပ်စိုက်ပျိုးခဲ့သည်။ အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်ရှိပြည်သူများသည် စားသုံးသည့်ဓလေ့မတူ၍ ပထမတွင် တောင်သူကြိုက်နှစ်သက်မှု နည်းပါးသော်လည်း နှစ်အနည်းငယ်ကြာမှ ဒေသရေမြေ ရာသီဥတုနှင့် ကိုက်ညီမှုရှိ၍ စိုက်ပျိုးဖြစ်ထွန်းခြင်း၊ အထွက်နှုန်းသင့်တင့်ခြင်း၊ ဆန်ထွက်ကောင်းခြင်း၊ စားသုံးမှုအရသာကောင်းခြင်း၊ ဒေသတွင်းဘာသာရေး၊ လူမှုရေးပွဲများတွင် ပေါ်ဆန်းဘေးကြားဆန်ဖြင့် ကျွေးမွေးဧည့်ခံခဲ့ရာမှစ၍ လူကြိုက်များလာသည့်အပြင် ရွှေဘိုဒေသတွင် စိုက်ပျိုးသည့် အခြားသောစပါးမျိုးများထက် ဈေးနှုန်းပိုမိုရရှိခြင်းတို့ကြောင့် ဒေသခံတောင်သူများ စိတ်ဝင်စားမှုရှိလာကာ တောင်သူအချင်းချင်း မျိုးဖလှယ်၍ စိုက်ပျိုးခဲ့ရာမှ တဖြည်းဖြည်း စိုက်ဧက တိုးတက်လာကြောင်း လေ့လာသိရှိရသည်။

၂၀၀၂-၂၀၀၃ ခုနှစ်တွင် ပေါ်ဆန်းဘေးကြားဆန်ကို မိုးကုတ်ဒေသသို့ တင်ပို့ရောင်းချခြင်းဖြင့် ဈေးကွက်စတင်ဖြစ်ထွန်းခဲ့ပြီး ရွှေဘိုမြို့ရှိ ဆန်ကုန်သည်များက စတင်ဝယ်ယူခဲ့ကြသည်။ ထို အချိန်က စိုက်ပျိုးသော ပေါ်ဆန်းဘေးကြားစပါးမျိုးများမှာ မျိုးကောင်းမျိုးသန့်မဟုတ်သဖြင့် ဆန်အရည်အသွေး နိမ့်ကျခြင်း၊ ဆန်နီများပါဝင်ခြင်း၊ ဆန်စက်များသည် အဆင့်မမီသောကြောင့် ဆန်ဈေးကွက်တွင် ဈေးကောင်းမရရှိခဲ့ပါ။ ၂၀၀၄-၂၀၀၅ ခုနှစ် မိုးစပါးရာသီတွင် ရွှေဘိုမြို့နယ် ချီပါ မျိုးသန့်ခြံသည် ရေဆင်းစိုက်ပျိုးရေး သုတေသနဌာနမှ ပေါ်ဆန်းဘေးကြားအဆင့် တစ်တင်း ၆၀ သယ်ယူ၍ မျိုးပွားခြင်း၊ ရွှေဘိုမြို့နယ် သီးလုံးကျေးရွာရှိ အကျိုး ဆောင်တောင်သူများနှင့် ပူးပေါင်းစိုက်ပျိုးပြီး မျိုးပွားအောင် ဆောင်ရွက်ခြင်းများ စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ထွက်ရှိလာသော မျိုးစပါးပမာဏသည် ဒေသတွင်းလုံလောက်မှု မရှိသဖြင့် ၂၀၀၅-၂၀၀၆ခုနှစ်၊ မိုးစပါးရာသီတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် သရောင်းချောင်း မျိုးသန့်ခြံမှ ပေါ်ဆန်းဘေးကြား တင်း ၁၅၀၊ ဖျာပုံမြို့နယ် အောက်ကွင်းကြီးစိုက်ကွင်းမှ ပေါ်ဆန်းရင်မျိုးသန့် အဆင့်(၁) ၁၅ တင်း စပါးမျိုးများကိုသယ်ယူ၍ အကျိုးဆောင်တောင်သူများနှင့် မျိုးစပါးထုတ်လုပ်မှု ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။ ၂၀၀၆-၂၀၀၇ ခုနှစ် နောက်ပိုင်းကာလများတွင် ရေဆင်းစိုက်ပျိုးရေးသုတေသနမှ



စပါးမျိုးများမှာယူပြီး ရွှေဘိုမြို့နယ် ချီပါမျိုးသန့်ခြံတွင် နှစ်စဉ် ပေါ်ဆန်းဘေးကြား မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးခဲ့ကြောင်း သိရသည်။

ရွှေဘိုပေါ်ဆန်းဘေးကြားစပါးသည် ဒေသတွင်းရှိတောင်သူအချင်းချင်း စပါးမျိုးဖလှယ်သည့် စနစ်အရ လည်းကောင်း၊ ရွှေဘိုမြို့နယ် ချီပါမျိုးသန့်ခြံမှ မျိုးပွားပြီးဖြန့်ဖြူးပေးမှုအရလည်းကောင်း၊ ရွှေဘိုမြို့နယ်သာမက ဝက်လက်၊ ရေဦး၊ ခင်ဦး၊ ဒီပဲယင်း စသည့်မြို့နယ်များထိ စိုက်ပျိုးမှုမြေဧရိယာ တိုးတက်လာသည်။ ပေါ်ဆန်းဘေးကြား စပါးမျိုးသည် ဈေးကွက်ဝင် မျိုးကောင်းမျိုးသန့်အဖြစ် ထင်ရှားလာပြီး ၂၀၀၆-၂၀၀၇ ခုနှစ်ခန့်က မန္တလေးဈေးကွက်၌ ‘ရွှေဘိုပေါ်ဆန်း’အဖြစ် ဈေးကွက်ဝေစုရရှိခဲ့ရာ ယခုအချိန်တွင် ရွှေဘိုပေါ်ဆန်းဆန်သည် မြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

## ထူးခြားကောင်းမွန်သော လက္ခဏာများနှင့် အရည်အသွေး

ရွှေဘိုပေါ်ဆန်း စပါးနှင့်ဆန်တို့၏ ထူးခြားကောင်းမွန်သော လက္ခဏာများနှင့် အရည်အသွေးများမှာ ဒေသ၊ ရေမြေ၊ ရာသီဥတုနှင့် ကိုက်ညီသောကြောင့် စပါးအထွက်ကောင်းခြင်း၊ စပါးအလေးချိန်စီး၍ အနှစ်ပြည့်ဝခြင်း၊ ဆန်ထွက်ကောင်းပြီး ဆန်ရည်ဆန်သား ကောင်းမွန်ခြင်း၊ မျိုးကွဲပါဝင်မှု နည်းပြီး ဆန်နီပါဝင်မှုကင်းစင်သဖြင့် ဆန်အရည်အသွေးကောင်းမွန်ခြင်း၊ ဆန်ကိုချက်ပြုတ်ရာတွင် အမြင်လှပပြီး ထမင်း၏ အလျားရှည်သွယ်ခြင်း၊ အိုးတက်ခြင်း၊ နူးညံ့ပျော့ပျောင်းသဖြင့် စားသုံး၍ ကောင်းခြင်း၊ အနံ့မွှေးခြင်းနှင့် ကျန်သည့် ထမင်းကြမ်းသည် အစိုမပြန်၊ အရည်မထွက်၊ အစေးမပေါက်၊ ကွဲအက်မှုမဖြစ်ခြင်း၊ မာကျောမှုမရှိသဖြင့် မနက်စာ ချက်ပြုတ်ထားသော ထမင်းကို ညနေစာအထိ ကောင်းစွာ စားသုံးနိုင်ခြင်း၊ စပါးပေါ်ချိန်မှ သိုလှောင်ချိန်ကာလထိ ဈေးကွက်ခိုင်မာပြီး ဈေးကောင်းရရှိသဖြင့် စပါးနှင့်ဆန်ဈေးကွက်တွင် အမြင့်ဆုံးဈေးဖြင့် ရောင်းချနေရကြောင်း သိရှိရသည်။

၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၁ ရက် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ကျင်းပပြုလုပ်သော အပြည်ပြည်ဆိုင်ရာ ဆန်စပါး ညီလာခံတွင် “ကမ္ဘာ့အကောင်းဆုံးဆန် (World Best Rice)” အဖြစ် ရွေးချယ်သတ်မှတ်ခံရပြီး ရွှေဘိုပေါ်ဆန်းဆန်ကို ပြည်တွင်းဈေးကွက်တွင် အများဆုံးရောင်းချရပြီး ပြည်ပဈေးကွက်တွင် “ မြန်မာ့ပုလဲ”အမည်ဖြင့် ရောင်းချလျက်ရှိကြောင်း လေ့လာသိရှိရသည်။

ပေါ်ဆန်းစပါးများတွင် ပေါ်ဆန်းရင်၊ ပေါ်ဆန်းမွှေး၊ ပေါ်ဆန်းတောင်ပျံ၊ ရွှေဘိုပေါ်ဆန်းဘေးကြား စသည်ဖြင့် မျိုးအုပ်စု တူညီသော်လည်း စားသုံးမှုအရသာမှာ တစ်မျိုးနှင့်တစ်မျိုး မတူညီကြပါ။ အမိုင်းလို့စ်ပါဝင်မှု အနည်းအများ၊ ထမင်းချက်ပြုတ်ရာတွင် အပူချိန်အနိမ့်အမြင့်၊ ဂျယ်လီခဲတတ် အေးခဲမှု၊ ထမင်းသားရှည်ထွက်မှု၊ အမွှေးနံ့ပါဝင်မှုနှင့် နူးညံ့ပျော့ပျောင်း၍ စားသုံးရာတွင် ကောင်းမွန်မှု စသည့်အချက်များက အခြားဆန်များထက် ရွှေဘိုပေါ်ဆန်းဘေးကြားဆန်၏ အရည်အသွေးနှင့် ထူးခြားသည့် ဂုဏ်သတ္တိများပင်ဖြစ်သည်။

## စိုက်ဧက၊ အထွက်နှင့် ဈေးနှုန်းဈေးကွက်

စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၂၂-၂၀၂၃ ခုနှစ် မိုးစပါး စိုက်ဧကပေါင်း ၁၈၁၉၉၉၀ ဧကနှင့် နွေစပါးစိုက်ဧကပေါင်း ၁၁၇၇၁၄ ဧက စုစုပေါင်းစိုက်ဧက ၁၉၃၇၇၀၄ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရှိရသည်။ စိုက်ပျိုးသည့် စပါးမျိုးများမှာ ဧရာမင်း၊ ရွှေဘိုပေါ်ဆန်းဘေးကြား၊ မနောသုခ၊ ဆင်းသုခ၊ ပုလဲသွယ်၊ ဆင်းသွယ်ရင်၊ ရွှေသွယ်ရင်၊ ရွှေဝါထွန်း၊ ဆင်းကရီ-၃၊ မှော်ဘီ-2 IR 747 ၊ ရက်၉၀၊ တောင်ယာ၊ ညော့မထနှင့် အခြားမျိုးများကို စိုက်ပျိုးကြပြီး အများဆုံးစိုက်ပျိုးသည့်မျိုးမှာ ရွှေဘိုပေါ်ဆန်းဘေးကြားနှင့် ဧရာမင်းမျိုးတို့ဖြစ်ကြောင်း သိရှိရသည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် ရွှေဘိုပေါ်ဆန်းဘေးကြား စိုက်ဧက စုစုပေါင်း ၃၅၅၆၂၇ ဧကရှိသည့်အနက် ရွှေဘိုခရိုင်နှင့် ရေဦးခရိုင်တို့တွင် ရွှေဘိုပေါ်ဆန်းဘေးကြား စိုက်ဧက ၃၃၅၇၄၈ ဧက စိုက်ပျိုးပြီး ပျမ်းမျှအထွက်နှုန်းမှာ တစ်ဧကလျှင် ၈၁ တင်းခန့်ဖြစ်ကြောင်း သိရသည်။

ရွှေဘိုပေါ်ဆန်းဘေးကြား စပါးမျိုးသည် ရာသီစပါးမျိုးဖြစ်ပြီး ပုံမှန်အားဖြင့် ဇူလိုင် တတိယပတ်တွင် ပျိုးထောင်စိုက်ပျိုးပါက အောက်တိုဘာ တတိယပတ်တွင် သန္ဓေကပ်ကာ နိုဝင်ဘာ တတိယပတ်တွင် ပန်းပွင့်၍ ဒီဇင်ဘာ တတိယပတ်၌ ရိတ်သိမ်းနိုင်သဖြင့် သက်တမ်း ၁၅၀ ရက်ရှိသည်။ ယခင်နှစ် စပါးပေါ်ချိန် ရွှေဘိုပေါ်ဆန်းဘေးကြား တင်း ၁၀၀ ပေါက်ဈေးနှုန်းမှာ ကျပ်တစ်ဆယ့်ခြောက်သိန်ငါးသောင်းမှ နှစ်ဆယ့်တစ်သိန်းငါးသောင်းထိ၊ ဆန်တစ်အိတ် (၅၀ကီလို) လျှင် ကျပ်ငါးသောင်းရှစ်ထောင်မှ ကျပ်ရှစ်သောင်းထိ ပေါက်ဈေးနှုန်းရှိခဲ့ကြောင်း သိရသည်။ ယခု ၂၀၂၃ ခုနှစ် ဩဂုတ်လ ပေါက်ဈေးမှာ စပါးတင်း ၁၀၀လျှင် ကျပ်နှစ်ဆယ့်ကိုးသိန်းမှ ကျပ် သုံး ဆယ့်ခုနစ်သိန်းထိ၊ ဆန်တစ်အိတ် (၅၀ကီလို)လျှင် ကျပ်ကိုးသောင်းခြောက်ထောင်မှ ကျပ်တစ်သိန်းသုံးသောင်းထိ ပေါက်ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ ရွှေဘိုပေါ်ဆန်းဘေးကြားဆန်များကို တိုင်းဒေသကြီးအတွင်းနှင့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ မကွေး၊ ရှမ်း(တောင်)၊ ရှမ်း(မြောက်) စသည့် မြန်မာနိုင်ငံအနှံ့အပြားသို့ နေ့စဉ်တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

သို့ဖြစ်၍ စစ်ကိုင်းတိုင်းဒေသကြီးမှ ထွက်ရှိသည့် နာမည်ကျော်သည့် ရွှေဘိုပေါ်ဆန်းဘေး ကြားဆန်သည် နှစ်စဉ် ဝယ်လိုအား တိုးတက်မြင့်မားလာသည်နှင့်အညီ စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများမှာလည်း နှစ်စဉ် တိုးမြှင့်စိုက်ပျိုးထုတ်လုပ်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# ဩဂုတ်လအတွင်း ဓာတ်မြေသြဇာနှင့် ဘိလပ်မြေ တင်သွင်းမှုအခြေအနေ

**ဓာတ်မြေသြဇာ**

ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၆၂ ဒသမ ၈၅၇ သန်း တန်ဖိုးရှိဓာတ်မြေသြဇာတန်ချိန် ၁၅၀၀၀၀ ကျော် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တန်ချိန် ၇၀၀၀၀ ခန့်၊ အိုမန်နိုင်ငံမှ တန်ချိန် ၄၀၀၀၀ ကျော်၊ ထိုင်းနိုင်ငံမှ တန်ချိန် ၁၄၀၀၀ခန့်၊ တောင်ကိုရီးယားနိုင်ငံမှ တန်ချိန် ၁၀၀၀၀ ကျော်၊ မလေးရှားနိုင်ငံမှ တန်ချိန် ၈၅၀၀ ကျော်၊ ဘရူနိုင်း နိုင်ငံမှ တန်ချိန် ၃၀၀၀ ကျော်၊ ဂျာမနီနိုင်ငံမှ တန်ချိန် ၂၈၀၀ ကျော်၊ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၁၅၀၀ ခန့်၊ လာအိုနိုင်ငံမှ တန်ချိန် ၁၁၀၀ ကျော်၊ အီရန်နိုင်ငံမှ တန်ချိန် ၁၀၀၀ ကျော်၊ ကနေဒါနိုင်ငံမှ တန်ချိန် ၅၀၀ ကျော်၊ အင်္ဂလန်နိုင်ငံမှ တန်ချိန် ၅၀၀ ကျော်၊ ရုရှားနိုင်ငံမှ တန်ချိန် ၅၀၀ ကျော်၊ ဥဇဘက်ကစ္စတန်နိုင်ငံမှ တန်ချိန် ၄၀၀ ခန့်၊ ဘယ်လ်ဂျီယံနိုင်ငံမှ တန်ချိန် ၃၀၀ ကျော်၊ နော်ဝေနိုင်ငံမှ တန်ချိန် ၃၀၀ ကျော်၊ ထိုင်ဝမ်နိုင်ငံမှ တန်ချိန် ၃၀၀ ကျော် တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပင်လယ် ရေကြောင်းမှ ဓာတ်မြေသြဇာတန်ချိန် ၉၀၀၀၀ ခန့် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။

နယ်စပ်ကုန်သွယ်မှုမှ ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိကာလအတွင်း အမေရိကန် ဒေါ်လာ ၁၂ ဒသမ ၂၂၃ သန်း တန်ဖိုးရှိဓာတ်မြေသြဇာ တန်ချိန် ၄၀၀၀၀ ကျော် တင်သွင်းခဲ့သည်။ ထိုင်းနိုင်ငံမှ တန်ချိန် ၁၇၀၀ ကျော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တန်ချိန် ၃၈၀၀၀ ခန့် တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက နယ်စပ်ကုန်သွယ်မှုမှ ဓာတ်မြေသြဇာတန်ချိန် ၃၃၀၀ ကျော် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။

**ဘိလပ်မြေ**

ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၀၂ သန် တန်ဖိုးရှိ ဘိလပ်မြေ တန်ချိန် ၃၀၀၀ ကျော် တင်သွင်းခဲ့သည်။ ထိုင်းနိုင်ငံမှ တန်ချိန် ၂၆၀၀ ကျော်၊ မလေးရှားနိုင်ငံမှ တန်ချိန် ၂၀၀ ကျော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တန်ချိန် ၂၀၀ ကျော် တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ ဘိလပ်မြေတန်ချိန် ၆၀ ကျော် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။ နယ်စပ်မှ ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိကာလအတွင်း အမေရိကန် ဒေါ်လာ ၁ဒသမ ၅၈၅ သန်းတန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၂၀၀၀၀ ခန့် ထိုင်းနိုင်ငံမှ တင်သွင်းခဲ့ကြောင်း သိရသည်။ အနီးစပ်ဆုံးကာလနှင့်နှိုင်းယှဉ်ပါက နယ်စပ်မှ ဘိလပ်မြေတန်ချိန် ၁၅၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

**အိမ့် (DOT)**

# ဩဂုတ်လအတွင်း နို့ဆီ၊ နို့မှုန့်နှင့် ဆေးဝါးပစ္စည်းများ တင်သွင်းမှု အခြေအနေ

**နို့ဆီ**

ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိကာလအတွင်း ပင်လယ်ရေ ကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၈၃ သန်း တန်ဖိုးရှိ နို့ဆီတန်ချိန် ၁၀၀၀ ကျော် တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ နို့ဆီတန်ချိန် ၁၀၀၀ ကျော် လျော့နည်းတင်သွင်းခဲ့ကြောင်းသိရသည်။

**နို့မှုန့်**

ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၆၇ သန်း တန်ဖိုးရှိ နို့မှုန့်တန်ချိန် ၁၀၀၀ခန့် နယူးဇီလန်နိုင်ငံမှ တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ နို့မှုန့်တန်ချိန် ၁၅၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

**ဆေးဝါးပစ္စည်းများ**

ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၃၈ ဒသမ ၂၀၁ သန်းတန်ဖိုးရှိ ဆေးဝါးပစ္စည်းများ တန်ချိန် ၂၀၀၀ ကျော် တင်သွင်းခဲ့သည်။ ယခုတစ်ပတ်တွင် အာဂျင်တီးနား၊ ဘယ်လ်ဂျီယံ၊ ဆွစ်ဇာလန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘရာဇီးနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဆိုက်ပရပ်စ်နိုင်ငံ၊ အီကွေဒေါနိုင်ငံ၊ ဂျာမနီနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အိုင်ယာလန်နိုင်ငံ၊ အီတလီနိုင်ငံ၊ ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ စပိန်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ပေါ်တူဂီနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့် ဗီယက်နမ်နိုင်ငံတို့မှ တင်သွင်းခဲ့ကြောင်းသိရသည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ ဆေးဝါးပစ္စည်းများ တန်ချိန် ၁၀၀၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

**အိမ့်(DOT)**



**စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**(၄.၉.၂၀၂၃)ရက်နေ့မှ (၁၀.၉.၂၀၂၃)ရက်နေ့အထိ ရည်ညွှန်းဈေးနှုန်းထုတ်ပြန်ရန်**

**ခန့်မှန်းကုန်ကျစရိတ်စာရင်းနှင့် အရင်းဈေးတွက်ချက်မှု**

| | |
|---|---|
| Quantity (MT) | 1000 |
| CIF Price (USD/MT) | 935 |
| ပျမ်းမျှငွေလဲနှုန်း | 2513 |
| Customs ငွေလဲနှုန်း | 2100 |

| စဉ် | အကြောင်းအရာ | တွက်ချက်နှုန်း | ၁၀၀၀ တန် ကုန်ကျစရိတ် | (၁) ပိဿာကုန်ကျစရိတ် |
|---|---|---|---|---|
| ၁ | သွင်းကုန်လိုင်စင်ကြေး | | 93,600 | 0.15 |
| ၂ | TT ဘဏ်စရိတ်ငွေလွှဲခ | 1000 MT x CIF x ပျမ်းမျှငွေလဲနှုန်း x 0.125% | 2,937,069 | 4.80 |
| ၃ | စားအုန်းဆီအလျော့ | 1000 MT x 0.5% x CIF x ပျမ်းမျှငွေလဲနှုန်း | 11,748,275 | 19.18 |
| ၄ | ဆီကန်သိုလှောင်ထိန်းသိမ်းခ | 1000 MT x 612.39 Viss x MMK 8 | 4,899,120 | 8.00 |
| ၅ | ကုန်သွယ်လုပ်ငန်းခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 5% | 98,175,000 | 160.31 |
| ၆ | MITS စစ်ဆေးခ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၇ | FDA + Lab Test | | 440,000 | 0.72 |
| ၈ | ဆိပ်ကမ်းကပ်ခ | 1000 MT x USD 3.15 x ပျမ်းမျှငွေလဲနှုန်း | 7,915,950 | 12.93 |
| ၉ | ဆီအသင်းရန်ပုံငွေ | 1000 MT x MMK 200 | 200,000 | 0.33 |
| ၁၀ | Agent fee | | 250,000 | 0.41 |
| | Local cost | | **127,259,014** | **207.81** |
| ၁၁ | CIF Cost (1000 MT x CIF Price x ပျမ်းမျှငွေလဲနှုန်း) | | 2,349,655,000 | 3,836.86 |
| | **စရိတ်စုစုပေါင်း** | | **2,476,914,014** | **4,044.67** |

# ရွှေရည်ညွှန်းဈေး ကျပ် ၂၂ သိန်းကျော်ရှိ

ပြည်တွင်းရွှေရည်ညွှန်းဈေး ကျပ် ၂၂ သိန်းကျော်တွင်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ သိရသည်။

တစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ရွှေရည်ညွှန်းဈေးနှုန်းများအနေဖြင့် စက်တင်ဘာ ၁ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သား ကျပ် ၂၂၈၉၁၀၀၊ ၂ ရက်တွင် ကျပ် ၂၂၈၅၅၀၀၊ ၄ ရက်တွင် ကျပ် ၂၂၉၀၂၀၀၊ ၅ ရက်တွင် ကျပ် ၂၂၇၉၆၀၀၊ ၆ ရက်တွင် ကျပ် ၂၂၆၅၅၀၀၊ ၇ ရက်တွင် ကျပ် ၂၂၅၈၄၀၀ ဖြစ်ကြောင်း သိရသည်။

ထို့အတူ တစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ကမ္ဘာ့ရွှေဈေးနှုန်းများမှာ စက်တင်ဘာ ၁ ရက်တွင် ၁၉၄၃ ဒေါ်လာ၊ ၂ ရက်တွင် ၁၉၄၀ ဒေါ်လာ၊ ၄ ရက်တွင် ၁၉၃၅ ဒေါ်လာ၊ ၅ ရက်တွင် ၁၉၀၄ ဒေါ်လာ၊ ၆ ရက်တွင် ၁၉၂၃ ဒေါ်လာ၊ ၇ ရက်တွင် ၁၉၁၇ ဒေါ်လာဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (YGEA) က ရွှေနှင့်ပတ်သက်သည့် လုပ်ငန်းလိုင်စင် ၅ မျိုးအတွက် ထောက်ခံချက်များ အခမဲ့ ထုတ်ပေးနေကြောင်း စက်တင်ဘာ ၆ ရက်က အသိပေးချက် ထုတ်ပြန်ထားသည်။

လုပ်ငန်းလိုင်စင် လျှောက်ထားရာတွင် လိုအပ်သည့် ရွှေဆိုင်လိုင်စင် ထောက်ခံချက်၊ ရွှေသန့်စင်လုပ်ငန်းလိုင်စင်ထောက်ခံချက်၊ ပန်းတိမ်လုပ်ငန်းလိုင်စင်ထောက်ခံချက်၊ အပေါင်ဆိုင်လုပ်ငန်းလိုင်စင် ထောက်ခံချက်နှင့် ရွှေအတုံးအခဲ အရောင်းအဝယ်လိုင်စင် ထောက်ခံချက်များကို အခမဲ့ ထောက်ခံပေးလျက်ရှိပြီး သက်ဆိုင်ရာကဏ္ဍအလိုက် လိုအပ်သည့် ထောက်ခံချက်များကို YGEA အသင်းရုံးတွင် ရုံးချိန်အတွင်း အခမဲ့ လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

**ပန်းဆု**

# ပြည်တွင်း ငွေကြေးဈေးကွက် အရောင်းအဝယ်အေးနေ

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားငွေသုံးစွဲမှုကို ထိန်းချုပ်လျက်ရှိရာ လက်ရှိပြည်တွင်းငွေကြေးဈေးကွက်အတွင်း ကြိုက်ရောင်း၊ ကြိုက်ဝယ်စနစ်ဖြင့် အရောင်းအဝယ် အေးလျက်ရှိကြောင်း သိရသည်။ ပြီးခဲ့သည့် ဩဂုတ် ၂၈ ရက်၌ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် အမေရိကန်ဒေါ်လာ၊ ယူရိုငွေ ရောင်းဝယ်မှုပြုလုပ်နေသူများကို တာဝန်ရှိသူများက အသွင်ယူ ဖမ်းဆီးခဲ့ပြီးနောက်ပိုင်းတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းများ ကျဆင်းလာကြောင်း သိရသည်။

Dollar Buy/Sell Market and News နှင့် ယူရို၊ ဒေါ်လာ ရောင်းဝယ်ပို့ဆောင်လိုသူများ ဆုံစည်းရာ Euro Dollar Trading Group စသည့် နာမည်များဖြင့် လူမှုကွန်ရက်ပေါ်တွင် သတ်မှတ်ပေါက်ဈေးထက် ကျော်လွန်၍ ငွေကြေးအရောင်းအဝယ်ပြုလုပ်နေသူတစ်ဦးကို တာဝန်ရှိသူများက အသွင်ယူဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ဗဟိုဘဏ်သတ်မှတ်ထားသည့် အမေရိကန်ဒေါ်လာ ရည်ညွှန်းဈေးမှာ တစ်ဒေါ်လာ ၂၁၀၀ ကျပ်၊ လိုင်စင်ရ ငွေလဲကောင်တာများတွင် တစ်ဒေါ်လာ ၂၉၂၀ ကျပ် သတ်မှတ်ထားပြီး အဆိုပါ သတ်မှတ်ဈေးထက် ပိုမိုရောင်းချခြင်းမပြုလုပ်ရန် ဗဟိုဘဏ်က အသိပေးထားသည်။ ဗဟိုဘဏ်အနေဖြင့် ရည်ညွှန်းနိုင်ငံခြားငွေလဲနှုန်းကိစ္စနှင့်ပတ်သက်၍ လက်ရှိ သတ်မှတ်နှုန်းထားကို ပြောင်းလဲမည်မဟုတ်ဘဲ ဘဏ်ငွေလဲကောင်တာများတွင် နိုင်ငံခြားငွေ ငွေသားတိုးမြှင့် ရောင်းချပေးမည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ထားသည်။

**ပန်းဆု**

# စတော့ရှယ်ယာ တန်ဖိုး ကျပ်သန်း ၂၆၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့

ပြီးခဲ့သည့် ဩဂုတ် ၂၄ ရက်မှ ယခု စက်တင်ဘာလ ၆ ရက်အထိ စာရင်းဝင်ကုမ္ပဏီများ၏ စတော့ရှယ်ယာ အရောင်းအဝယ်ဖြစ်မှု တန်ဖိုး ကျပ်သန်း ၂၆၀ ကျော် ရှိခဲ့ကြောင်း ရန်ကုန်စတော့အိပ်ချိန်း (YSX) မှ သိရသည်။ အဆိုပါ ကာလအတွင်း အရောင်းအဝယ် ဖြစ်မြောက်သည့် ရှယ်ယာအစောင်ရေ စုစုပေါင်း ၉၇၈၂၄ စောင်ရှိပြီး တန်ဖိုးအားဖြင့် ကျပ် ၂၆၄ ဒသမ ၄၅ သန်း ရှိခဲ့ခြင်းဖြစ်သည်။

ကုမ္ပဏီတစ်ခုချင်းစီ၏ အစုရှယ်ယာရောင်းချနိုင်မှုအနေဖြင့် First Myanmar Investment (FMI) က အစုရှယ်ယာ ၅၅၇၂ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၅၂ ဒသမ ၄၀ သန်း၊ Myanmar Thilawa SEZ Holidings Public (MTSH) က အစုရှယ်ယာ ၄၇၂၃၈ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁၄၈ ဒသမ ၉၉ သန်း ရရှိခဲ့ကြောင်း သိရသည်။

အလားတူ မြန်မာနိုင်ငံသားများဘဏ် (MCB) က အစုရှယ်ယာ ၁၂၅၅ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၉ ဒသမ ၉၇ သန်း၊ ပထမပုဂ္ဂလိကဘဏ် (FPB) က အစုရှယ်ယာ ၈၃၅၅ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁၄ ဒသမ ၁၅ သန်း ရရှိခဲ့သည်။ ထို့အတူ TMH Telecom Public (TMH) က အစုရှယ်ယာ ၉၁၀ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၂ ဒသမ ၂၂ သန်း၊ Ever Flow River Group Public (EFR) က အစုရှယ်ယာ ၂၇၆၇ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၆ ဒသမ ၃၆ သန်း ရရှိခဲ့သည်။

ယင်းအပြင် Amata Holding Public Co.,Ltd. (AMATA) က အစုရှယ်ယာ ၁၆၃၁ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၇ ဒသမ ၈၉ သန်း၊ Myanmar Agro Exchange Public Co.,Ltd. (MAEX) က အစုရှယ်ယာ ၁၂၀၉၆ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၂၂ ဒသမ ၄၅ သန်း စသည်ဖြင့် အသီးသီးရရှိခဲ့ကြောင်း သိရသည်။

**ပန်းဆု**

# စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်နေသည့် ကမ္ဘာ့နိုင်ငံရေး အခြေအနေများကြောင့် ကမ္ဘာ့ရွှေဈေးသည် အပြောင်း အလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသည်။ ကမ္ဘာ့ရွှေဈေးသည် ဩဂုတ် ၃၁ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၄၅ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ စက်တင်ဘာ ၇ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၁၈ ဒေါ်လာဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။ ပြည်တွင်းရွှေဈေးသည်လည်း ဩဂုတ် ၃၁ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၃၇၅၅၀၀၀ ပေါက်ဈေးရှိခဲ့ရာမှ စက်တင်ဘာ ၇ ရက်တွင် ကျပ် ၃၅၅၅၀၀၀ သို့ အတက်အကျ ဖြစ်ပေါ်ခဲ့ကြောင်းကို ရွှေဈေးကွက်အတွင်းမှ သိရှိရသည်။

ယခုနှစ်အတွင်း မြန်မာနိုင်ငံ၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး (GDP) သည် တိုးတက်မှုနှုန်း ၃ ဒသမ ၃ ရာခိုင်နှုန်း ရှိလာမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် ၃ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်မှုရှိလာနိုင်ကြောင်း အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)မှ ခန့်မှန်းထုတ်ပြန်ထားသည်။

ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၆ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာငွေလဲလှယ်နှုန်းများကို တစ်ဖက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်။

ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်၌ ဝယ်လိုအား ပြောင်းလဲမှုပေါ်လိုက်၍ ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၆ ရက်ထိ ရက်သတ္တပတ်အတွင်း ကျပ် ၃၄၉၀-၃၅၁၀ ကြားရှိနေကြောင်း သိရှိရသည်။

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၃၁-၈-၂၀၂၃ | ၁-၉-၂၀၂၃ | ၄-၉-၂၀၂၃ | ၅-၉-၂၀၂၃ | ၆-၉-၂၀၂၃ | တစ်ပတ်အတွင်း ဒေါ်လာငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၀.၀၀ | - |
| ၂ | Thai Baht | THB | ၃၄.၉၇၅ | ၃၅.၀၀၀ | ၃၅.၂၁၀ | ၃၅.၄၇၀ | ၃၅.၅၀၅ | ၁.၅၂ | ↑ |
| ၃ | Singapore Dollar | SGD | ၁.၃၅၂ | ၁.၃၅၁ | ၁.၃၅၄ | ၁.၃၆၁ | ၁.၃၆၁ | ၀.၆၇ | ↑ |
| ၄ | Malaysian Ringgit | MYR | ၄.၆၄၀ | ၄.၆၄၇ | ၄.၆၅၅ | ၄.၆၆၃ | ၄.၆၇၄ | ၀.၇၃ | ↑ |
| ၅ | Indonesian Rupiah | IDR | ၁၅၂၃၀ | ၁၅၂၃၉ | ၁၅၂၃၉ | ၁၅၂၆၅ | ၁၅၂၉၃ | ၀.၄၂ | ↑ |
| ၆ | Chinese Yuan | CNY | ၇.၂၉၀ | ၇.၂၆၁ | ၇.၂၇၀ | ၇.၃၀၄ | ၇.၃၀၄ | ၀.၁၉ | ↑ |
| ၇ | Indian Rupee | INR | ၈၂.၇၂၆ | ၈၂.၇၂၆ | ၈၂.၆၉၃ | ၈၃.၀၄၃ | ၈၃.၁၃၅ | ၀.၄၉ | ↑ |
| ၈ | Japanese Yen | JPY | ၁၄၅.၈၉၄ | ၁၄၅.၄၃၉ | ၁၄၆.၄၂၃ | ၁၄၇.၁၇၂ | ၁၄၇.၃၄၈ | ၁.၀၀ | ↑ |
| ၉ | Australian Dollar | AUD | ၁.၅၄၆ | ၁.၅၄၅ | ၁.၅၄၈ | ၁.၅၆၈ | ၁.၅၆၁ | ၁.၁၀ | ↑ |
| ၁၀ | Euro | EUR | ၀.၉၂၀ | ၀.၉၂၂ | ၀.၉၂၆ | ၀.၉၃၀ | ၀.၉၃၁ | ၁.၂၀ | ↑ |
| ၁၁ | Pound Sterling | GBP | ၀.၇၈၈ | ၀.၇၈၉ | ၀.၇၉၂ | ၀.၇၉၆ | ၀.၇၉၆ | ၁.၀၂ | ↑ |

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၃ ခုနှစ်၊ စက်တင်ဘာ ၆ ရက်တွင် Thai Rice Exporter Association Website တွင် ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၁၇ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၄၇ ဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ် ဆန် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၆၅၄ ဖြင့် လည်းကောင်း၊ ဧည့်မထ (၅ %) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၄၀ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၀၄ ဖြင့် လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၂၆ ဖြင့်လည်းကောင်း အသီးသီးဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရှိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၄၇ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၃၂ ဖြင့်လည်းကောင်းရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ ရာခိုင်နှုန်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၇၇ဖြင့်လည်းကောင်း အသီးသီးရှိခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ Thai Rice Exporter Association တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ထိုင်းနိုင်ငံ၌ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန်၊ ဧည့်မထ ၅ ရာခိုင်နှုန်း ဆန်၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်ဈေးနှုန်းများမှာ အနည်းငယ် ကျဆင်းခဲ့ပြီး ပါကစ္စတန်နိုင်ငံတွင် ဆန်ဈေးနှုန်းမှာ မြင့်တက်ခဲ့ကာ ဗီယက်နမ်နှင့် အိန္ဒိယနိုင်ငံတို့တွင် ဆန်ဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိကြောင်း သိရှိရသည်။

ပြည်ပဆန်ဈေးကွက်သတင်းအနေဖြင့် အင်ဒိုနီးရှားနိုင်ငံသည် ကနဦးအနေဖြင့် အိန္ဒိယနိုင်ငံမှ ဆန်တန်ချိန် တစ်သန်း တင်သွင်းရန် စီစဉ်ခဲ့သော်လည်း အိန္ဒိယနိုင်ငံသည် ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးမူဝါဒ၏ ဆောင်ရွက်ချက်အနေဖြင့် ဆန်တင်ပို့မှုကို အိန္ဒိယအစိုးရမှ ငြင်းပယ်ခဲ့ကြောင်း သိရှိရသည်။ ထို့ကြောင့် အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံမှ တစ်နှစ်လျှင် ဆန်တန်ချိန် ၂၅၀၀၀၀ ကို ဝယ်ယူရန် ကမ္ဘောဒီးယားအစိုးရထံမှ သဘောတူညီမှု ရရှိခဲ့ကြောင်း အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒို၏ ပြောကြားချက်အရ သိရှိရသည်။ အယ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သော မိုးခေါင်ရေရှားမှုနှင့် စပါးရိတ်သိမ်းမှုဆိုင်ရာ အနှောင့်အယှက်များအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် အင်ဒိုနီးရှားအစိုးရသည် ရိက္ခာသိုလှောင်မှု တိုးမြှင့်ရန် တက်ကြွစွာ ဆောင်ရွက်လျက်ရှိနေကြောင်း သိရှိရသည်။

ပြည်တွင်း ဆန်ဈေးကွက်သတင်းအနေဖြင့် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း) ဆန်ဈေးကွက်တွင် ပေါ်ဆန်းနယ်စုံ (ဖျာပုံ၊ မြောင်းမြ၊ ဒေးဒရဲ) တို့မှ ဆန်တစ်အိတ်လျှင် ကျပ် ၁၀၀၀၀၀ မှ ၁၁၀၀၀၀ ကြား ပေါက်ဈေးရှိပြီး ရွှေဘိုပေါ်ဆန်းမှာ ဆန်တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀ မှ ၁၂၅၀၀၀ကြားပေါက်ဈေးရှိသည်။ ဆန်ကြမ်းဖြစ်သော ဧည့်မထ ၂၅ မှတ်တန် ဆန်တစ်အိတ်လျှင် ကျပ် ၆၅၀၀၀ မှ ၆၈၀၀၀ ကြား ပေါက်ဈေးရှိပြီး ဧည့်မထ ရိုးရိုးဆန်တစ်အိတ်လျှင် ကျပ် ၆၅၀၀၀ မှ ၆၉၀၀၀ ကြား ပေါက်ဈေးရှိကာ ယခုတစ်ပတ်တွင် ဆန်ကြမ်းဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိကြောင်း သိရှိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာ ၁ ရက်အထိ (ယာယီ) စာရင်းများအရ ပြည်ပနိုင်ငံများသို့ ဆန်နှင့် ဆန်ကွဲ တင်ပို့နိုင်မှုတွင် ဆန်တန်ချိန် ၁၇၄၀၆၁ ဒသမ ၈၄၁ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၈၄ ဒသမ ၆၉၁ သန်း၊ ဆန်ကွဲ တန်ချိန် ၂၁၅၀၃၃ ဒသမ ၄၅၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၈၅ ဒသမ ၇၇၄ သန်း၊ စုစုပေါင်း ဆန်နှင့် ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၃၈၉၀၉၅ ဒသမ ၂၉၁ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇၀ ဒသမ ၄၆၅ သန်းရရှိထားပြီး ယခင်နှစ်ကာလတူတွင် ဆန်တန်ချိန် ၄၈၁၄၁၀ ဒသမ ၇၀၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇၅ ဒသမ ၄၂၉ သန်း၊ ဆန်ကွဲတန်ချိန် ၃၄၁၁၆၀ ဒသမ ၅၀၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၉ ဒသမ ၉၁၂ သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၈၂၂၅၇၁ ဒသမ ၂၀၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၈၅ ဒသမ ၃၄၁ သန်း တင်ပို့ခဲ့သည်။ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် ဆန်တန်ချိန် ၃၀၇၃၄၈ ဒသမ ၈၅၉ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၉၀ဒသမ၇၃၈ သန်းနှင့် ဆန်ကွဲတင်ပို့မှုအနေဖြင့် ဆန်ကွဲတန်ချိန် ၁၂၆၁၂၇ ဒသမ ၀၅၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၁၃၈ သန်း လျော့နည်းတင်ပို့ခဲ့သည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာ ၆ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ဧည့်မထ ဆန်တစ်အိတ်လျှင် ၁၅၅ - ၁၆၀ ယွမ် (ပြင်ပငွေလဲနှုန်း ၁ ယွမ်လျှင် ၄၇၆ ကျပ်နှုန်းရှိသောကြောင့် ဆန်တစ်အိတ်လျှင် ကျပ် ၇၃၇၈၀ မှ ၇၆၁၆၀ ကြား) ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် စက်တင်ဘာ ၆ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ကျပ် ၁၀၀ နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရသည်။

တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန် ဈေးနှုန်းများကို လေ့လာကြည့်ပါက ဧည့်မထဆန် တစ်ပြည်လျှင် ဟားခါးမြို့တွင် ကျပ် ၆၈၅၀ ဖြင့် အမြင့်ဆုံးဈေးနှုန်းဖြစ်ပေါ်ခဲ့ပြီး ပြည်မြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၆၅၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက သုည ဒသမ ၂၄ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း သိရှိရသည်။ စက်တင်ဘာလ ပထမပတ်အတွင်း နိုင်ငံတကာ ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများ ရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

■

# မြန်မာနိုင်ငံမှ ထွက်ရှိသည့် ထောပတ်သီးများကို ဘာရိန်းနိုင်ငံမှ ဝယ်ယူရန် Hybrid စနစ်ဖြင့် တွေ့ဆုံဆွေးနွေး

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ထောပတ်သီးများကို ဘာရိန်းနိုင်ငံမှ ဝယ်ယူရန်အတွက် အိန္ဒိယနိုင်ငံအခြေစိုက် Riyara ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (MAVO) မှ တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံ ကော်လ်ကတ္တားမြို့ မြန်မာစီးပွားရေးသံမှူး၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (နေပြည်တော်)နှင့် ရှမ်းပြည်နယ် ဦးစီးမှူးရုံးတို့မှ တာဝန်ရှိသူများသည် ဩဂုတ် ၃၁ ရက်တွင် Hybrid ဖြင့် စီးပွားရေးတွေ့ဆုံဆွေးနွေးမှုကို ဆောင်ရွက်ခဲ့သည်။

အဆိုပါ စီးပွားရေးတွေ့ဆုံဆွေးနွေးပွဲကို မြန်မာနိုင်ငံမှ ထောပတ်သီးများကို ပြည်ပဈေးကွက်ရရှိပြီး ပိုမိုတိုးချဲ့တင်ပို့နိုင်ရန် အတွက် ချိတ်ဆက်ဆောင်ရွက်ခဲ့ပြီး ဘာရိန်းနိုင်ငံ Riyara ကုမ္ပဏီမှ ၎င်းတို့နိုင်ငံအတွင်းရှိလက်လီအရောင်းဆိုင်များ၌ ရောင်းချလို၍ မြန်မာနိုင်ငံမှ ထောပတ်သီးများကို ဝယ်ယူတင်သွင်းရန် စိတ်ဝင်စားပြီး တင်သွင်းနိုင်ရန်အတွက် ထုတ်လုပ်မှုပမာဏ၊ အရည်အသွေး၊ အသိအမှတ်ပြုလက်မှတ်များ၊ သယ်ယူပို့ဆောင်မည့် နည်းလမ်းနှင့် ထုတ်ကုန်သက်တမ်း (Shelf Life) အခြေအနေများကို မေးမြန်းကြပြီး မြန်မာနိုင်ငံ ထောပတ်သီး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း (MAVO)မှ တာဝန်ရှိသူများက Global GAP လက်မှတ်ရရှိထားသည့် ထောပတ်ခြံများ၊ အရည်အသွေးစစ်ဆေးထားသည့် ထောက်ခံချက်များ၊ တင်ပို့နိုင်မည့် ပမာဏနှင့် လက်ရှိတင်ပို့နေသည့် ဈေးကွက်အခြေအနေတို့ကို တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆွေးနွေးမှုအရ ယခုနှစ်အောက်တိုဘာလလယ်တွင် ထောပတ်သီးနှင့် ထောပတ်သီးအဆီ နမူနာများကို ပေးပို့သွားမည်ဖြစ်ပြီး လိုအပ်သည်များကို မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် အိန္ဒိယနိုင်ငံ ကော်လ်ကတ္တားမြို့ မြန်မာစီးပွားရေးသံမှူးတို့မှ ဆက်လက်ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စောဝင်းကျော် (myantrade)**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် စက်တင်ဘာ ၄ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၂၅ နိုင်ငံအနက် ဇမ်ဘီယာနိုင်ငံသည် ယခုတစ်ပတ်တွင် ၁၅ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး ဘူလ်တန်နိုင်ငံတွင် ၁၂ ဒသမ ၂၀ ရာခိုင်နှုန်း၊ သီရိလင်္ကာနိုင်ငံတွင် ၁၁ ဒသမ ၂၀ ရာခိုင်နှုန်းနှင့် အင်ဒိုနီးရှားနိုင်ငံတွင် ၁၁ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်း မြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၄၉ နိုင်ငံရှိကြောင်း တွေ့ ရှိရသည်။

Global Petrol Prices Website ၏ ဖော်ပြချက်၌ ယခုတစ်ပတ်အတွင်း လာအို၊ မလေးရှား၊ ဟောင်ကောင်၊ အင်ဂိုလာ၊ အာဂျင်တီးနား၊ ဘာဘေဒို၊ ဘီနင်၊ ဟန်ဂေရီ၊ ကင်ညာနှင့် နယူးဇီလန် စသည့်နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၆၂ နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်နေကြောင်း တွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ထိုင်း၊ ပေါ်တူဂီ၊ ဘရာဇီး၊ လူဇင်ဘတ်၊ ကနေဒါ၊ နော်ဝေ၊ ဆွီဒင်နှင့် ဒိန်းမတ်အပါအဝင် နိုင်ငံပေါင်း ၁၄ နိုင်ငံရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁ ရာခိုင်နှုန်းမှ ၃ ဒသမ ၈၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ စက်တင်ဘာ ၄ ရက် Global Petrol Prices Website တွင်ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် အင်ဒိုနီးရှားနိုင်ငံတွင် ၁၁ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံတွင် ၁ ဒသမ ၆၀ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံတွင် ၁ ဒသမ ၁၀ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် ၁ ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံတွင် သုည ဒသမ ၅၀ ရာခိုင်နှုန်းနှင့် ဖိလစ်ပိုင်နိုင်ငံတွင် သုည ဒသမ ၄၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် စက်တင်ဘာ ၄ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၂၅ နိုင်ငံအနက် ဘူလ်တန်နိုင်ငံသည် ယခုတစ်ပတ်တွင် ၂၄ ဒသမ ၈၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံတွင် ၁၇ ဒသမ ၆၀ ရာခိုင်နှုန်း၊ UAE နိုင်ငံတွင် ၁၅ ဒသမ ၃၀ ရာခိုင်နှုန်းနှင့် ဇမ်ဘီယာနိုင်ငံတွင် ၁၅ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး မြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၅၂ နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

Global Petrol Prices Website ၏ ဖော်ပြချက်၌ ယခုတစ်ပတ်အတွင်း လာအို၊ မလေးရှား၊ ဟောင်ကောင်၊ အာဂျင်တီးနား၊ ဘာဘေဒို၊ ဂျာမနီ၊ ပီရူး၊ တောင်အာဖရိက၊ ဆူဒန်နှင့် ဇင်ဘာဘွေ စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၆၀ တွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်နေကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ထိုင်း၊ ခရိုအေးရှား၊ ပေါ်တူဂီ၊ လက်ဘနွန်၊ နော်ဝေ၊ ဆွီဒင်၊ ဘယ်လ်ဂျီယံနှင့် ဒိန်းမတ်အပါအဝင် နိုင်ငံပေါင်း ၁၃ နိုင်ငံရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၄ ဒသမ ၂၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ စက်တင်ဘာ ၄ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် အင်ဒိုနီးရှားနိုင်ငံတွင် ၁၇ ဒသမ ၆၀ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတွင် ၁ ဒသမ ၃၀ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် ၁ ဒသမ ၁၀ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံတွင် သုည ဒသမ ၉၀ ရာခိုင်နှုန်းနှင့် စင်ကာပူနိုင်ငံတွင် သုည ဒသမ ၆၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။ အာဆီယံနိုင်ငံ များ၏ စက်တင်ဘာ ၄ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၁.၁၈ | ၁.၂၀ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၉၇ | ၁.၁၁ |
| ၃ | ထိုင်း | လီတာ | ၁.၃၄ | ၀.၉၀ |
| ၄ | ဗီယက်နမ် | လီတာ | ၁.၀၅ | ၀.၉၅ |
| ၅ | စင်ကာပူ | လီတာ | ၂.၀၈ | ၁.၈၈ |
| ၆ | မလေးရှား | လီတာ | ၀.၄၄ | ၀.၄၆ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၃၁ | ၁.၁၃ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၂၇ | ၁.၁၄ |
| ၉ | လာအို | လီတာ | ၁.၃၄ | ၀.၉၆ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

DOT (P&S)

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၁၉ | ၁.၀၇ |
| ၂ | ဂျပန် | လီတာ | ၁.၂၆ | ၁.၁၂ |
| ၃ | အိန္ဒိယ | လီတာ | ၁.၂၅ | ၁.၁၂ |

ပြည်တွင်းဈေးကွက်အတွင်း ရောင်းချလျက်ရှိသော စက်သုံးဆီဈေးနှုန်းများမှာ စက်တင်ဘာ ၇ ရက်တွင် အောက်တိန်း-92 တစ်လီတာလျှင် ၂၂၅၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ကျပ် ၂၃၆၀ ၊ ဒီဇယ် တစ်လီတာလျှင် ၂၄၉၅ ကျပ်နှင့် ပရီမီယံဒီဇယ် တစ်လီတာလျှင် ကျပ် ၂၅၇၀ အသီးသီး ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီ ဈေးနှုန်းများအား လေ့လာရာတွင် ဟားခါးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၃၅၀၀၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၃၄၅၀ ၊ ကျိုင်းတုံမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၃၄၁၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၃၄၁၅ ကျပ်ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ရန်ကုန်မြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၂၃၉၀၊ ဒီဇယ်တစ်လီတာလျှင် ၂၄၅၅ ကျပ်၊ ပဲခူးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၂၄၀၀၊ ဒီဇယ်တစ်လီတာလျှင် ကျပ် ၂၄၆၀ ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ ပြည်တွင်း စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ယခင်တစ်ပတ်ထက် ဓာတ်ဆီ တစ်လီတာလျှင် ၁၀ ကျပ် ဈေးနှုန်းကျဆင်းခဲ့ပြီး ဒီဇယ် တစ်လီတာလျှင် ကျပ် ၈၀ သို့ ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

# ဧရာဝတီတိုင်းဒေသကြီး ကုန်သည်/စက်မှုလက်မှုအသင်းနှင့် ထိုင်းနိုင်ငံ တာ့ခ်ခရိုင် ကုန်သည်/စက်မှုလက်မှုအသင်းတို့ တွေ့ဆုံ

ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ARCCI) မှ တာဝန်ရှိသူများနှင့် ထိုင်းနိုင်ငံ Tak ခရိုင် ကုန်သည်များနှင့်စက်မှုလက်မှုအသင်းမှ ကိုယ်စားလှယ်တို့သည် စက်တင်ဘာ ၅ ရက် ညနေ ၃ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ Royal Ayar ကုမ္ပဏီ ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးပွဲတစ်ရပ် ကျင်းပပြုလုပ်ခဲ့သည်။ တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံဘက်မှ ARCCI အသင်း ဥက္ကဋ္ဌ၊ မွန်ပြည်နယ် CCI အထွေထွေ အတွင်းရေးမှူး၊ ARCCI အသင်း၏ အထွေထွေအတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူးရုံး တာဝန်ခံနှင့် ထိုင်းနိုင်ငံဘက်မှ Tak ခရိုင် ကုန်သွယ်ရေးရာရုံး ညွှန်ကြားရေးမှူး၊ စီမံကိန်းဌာန ညွှန်ကြားရေးမှူး၊ Tak ခရိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၏ ကိုယ်စားလှယ်များ စုစုပေါင်း ၁၀ ဦး တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံပွဲတွင် ARCCI အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကာ ထိုင်းနိုင်ငံဘက်မှ Tak ခရိုင် ကုန်သွယ်ရေးရာရုံး၏ ညွှန်ကြားရေးမှူး Ms. Parichart Pongpuntao မှလည်း (Virtual) စနစ်ဖြင့် တက်ရောက်ကာ နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

ထို့နောက် Tak ခရိုင် CCI အသင်း ကိုယ်စားလှယ် Mr. Pongchai Tonarunchai နှင့် မွန်ပြည်နယ် CCI အထွေထွေအတွင်းရေးမှူး ဦးနေဇော်အောင်တို့က LIMEC (The Laung Prabang - Indochina -Mawlamyine Economic Corridor) နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ Corridor တစ်လျှောက် ဆက်စပ်လျက်ရှိသော ဒေသများအချင်းချင်း စီးပွားရေး၊ ပညာရေး၊ ခရီးသွားလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် နယ်စည်းမခြား ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်နှင့် အိန္ဒိယနိုင်ငံများ နှင့်လည်း ချိတ်ဆက် ဆောင်ရွက်သွားရန် အစီအစဉ်ရှိကြောင်း ပြောကြားကာ Tak ခရိုင်အတွင်းရှိ ကုမ္ပဏီများမှထုတ်လုပ်သော လယ်ယာသုံးစက်ကိရိယာများ၊ လူသုံးကုန်၊ စားသောက်ကုန်များကို မိတ်ဆက်ပြသကြသည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းရှင်၊ ကုမ္ပဏီများထံမှ ၎င်းထုတ်ကုန်များကို တင်သွင်းဖြန့်ဖြူးရန် စိတ်ဝင်စားသူများ၊ ၎င်းထုတ်ကုန်များအတွက် လိုအပ်သော ကုန်ကြမ်းများကို ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချရန် စိတ်ဝင်စားသူများအား ဖိတ်ခေါ်ပါကြောင်း စက်တင်ဘာ ၁၀ ရက်မှ ၁၅ ရက်အတွင်း နှစ်ဖက်လုပ်ငန်းရှင်များအတွက် Online Virtual စနစ်ဖြင့် Business Matching ပြုလုပ်နိုင်ရန်စီစဉ်ထားကြောင်း ရှင်းလင်းဆွေးနွေးသည်။

ARCCI အသင်းဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးတို့က တိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းရှင်များ၊ ကုမ္ပဏီများကို Business Matching တက်ရောက်နိုင်ရန် စီစဉ်ထားမည်ဖြစ်ကြောင်း၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ တိုင်းဒေသကြီးဦးစီးမှူးရုံး တာဝန်ခံက ဧရာဝတီတိုင်းဒေသကြီးမှ ထိုင်းနိုင်ငံသို့ ပဲပုပ်တင်ပို့ရောင်းချနိုင်ရန် အလားအလာတို့ကို ပြန်လည်ဆွေးနွေးကာ တွေ့ဆုံပွဲကို ညနေ ၅ နာရီခွဲတွင် ရုပ်သိမ်းခဲ့ကြောင်း သိရှိရသည်။

**ရောကုန်သွယ်မြှင့်**






# ကျိုင်းလပ် နယ်စပ်ကုန်သွယ်ရေးစခန်းက မြန်မာ-လာအို နှစ်နိုင်ငံကုန်သွယ်မှုကို တိုးမြှင့်စေမည်

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၁) ဖြင့် အကောင်အထည်ဖော် တည်ဆောက်ခဲ့သည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တာချီလိတ်ခရိုင် ကျိုင်းလပ် နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၆ ရက် နံနက်ပိုင်းတွင် အဆိုပါ နယ်စပ်ကုန်သွယ်ရေးစခန်း၌ ကျင်းပပြုလုပ်ခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တက်ရောက်၍ ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။

မြန်မာ-လာအို နှစ်နိုင်ငံအကြား မဲခေါင်မြစ် ပိုင်းခြားထားမှုကြောင့် နှစ်နိုင်ငံကုန်သွယ်မှု ဖွံ့ဖြိုးခြင်း မရှိခဲ့သော်လည်း မြန်မာ-လာအို ချစ်ကြည်ရေးတံတား တည်ဆောက်နိုင်ခဲ့ပြီးဖြစ်၍ နှစ်နိုင်ငံ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာမှုအပေါ် အခြေခံပြီး ကုန်သွယ်မှုများ မြှင့်တင်ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ယခင်ကာလများတွင် ကုန်သွယ်မှုများဆောင်ရွက်နိုင်မှု မရှိခဲ့သော်လည်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လအထိ အခြားရေထွက်ပစ္စည်းဖြစ်သည့် ပုစွန်ဖွဲ့ ၂၁၅၂ ဒသမ ၅၀၀ တန်၊ တန်ဖိုး သုည ဒသမ ၉၄၈ ဒေါ်လာသန်း၊ ဩဂုတ်လတွင် ဆီးဆန် ၁၇ တန်၊ တန်ဖိုး သုည ဒသမ ၀၁၄ ဒေါ်လာသန်းနှင့် စက်တင်ဘာလတွင် ဆေးရွက်ကြီး ၂၂ တန်၊ တန်ဖိုး သုည ဒသမ ၀၃၅ ဒေါ်လာသန်း၊ စုစုပေါင်း သုည ဒသမ ၉၉၇ ဒေါ်လာသန်းအား တာချီလိတ်စခန်း၏ ပို့ကုန်ကြော်ငြာလွှာဖြင့် ကျိုင်းလပ်စခန်းမှ တင်ပို့နိုင်ခဲ့သည်။

လာမည့် ဘဏ္ဍာနှစ်တွင် ယခုတင်ပို့ခဲ့သည့် ပစ္စည်းအမယ်များအပြင် ပြောင်းသီးနှံထွက်ပေါ်လာမည့်ရာသီတွင် ပြောင်းတင်ပို့မှုများ ရှိလာနိုင်သဖြင့် ပြောင်းစိုက်တောင်သူများနှင့် တင်ပို့သူ လုပ်ငန်းရှင်များအတွက် အခြေအနေကောင်းများ ဖြစ်ပေါ်နိုင်ပြီး ပို့ကုန်တိုးမြှင့်ရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သုံးသပ်ရပါသည်။

**CJ**

## မြဝတီကုန်သွယ်ရေးဇုန်မှ ဩဂုတ်လအတွင်း ကုန်သွယ်မှု အခြေအနေ

မြဝတီကုန်သွယ်ရေးဇုန်၏ ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိ ကာလအတွင်း ပို့ကုန်တန်ဖိုးအမေရိကန်ဒေါ်လာ ၁၅ ဒသမ ၂၁၉ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၀၂၃ သန်းဖြစ်၍ ကုန်သွယ်မှုပမာဏမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၅၅ ဒသမ ၂၄၂ သန်းဖြစ်ပြီး ကုန်သွယ်မှုလျော့ထားချက်အပေါ် ၃၉ ဒသမ ၄၅၉ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

ကာလတူဖြစ်သော ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၊ ဇူလိုင်လ လုပ်ငန်းဆောင်ရွက်မှုနှင့် နှိုင်းယှဉ်ပါက ပို့ကုန် အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၃၆၃ သန်းနှင့် သွင်းကုန် အမေရိကန်ဒေါ်လာ ၈၁ ဒသမ ၇၃၃ သန်း လျော့နည်းခဲ့ကြောင်း သိရသည်။ ပို့ကုန်ပိုင်းတွင် လျော့နည်းရခြင်းမှာ ဩဂုတ် ၇ ရက်မှစ၍ ဩဂုတ်လ နောက်ဆုံးပတ်ထိ မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် မြန်မာ-ထိုင်း ကုန်သွယ်မှုလမ်းကြောင်းရှိ မြဝတီလမ်းပိုင်းအချို့လမ်းပြင်ဆင်နေမှုများ ရှိနေခဲ့ခြင်းကြောင့်ဖြစ်သည်။

အနီးစပ်ဆုံးကာလဖြစ်သော ဇူလိုင်လ လုပ်ငန်းဆောင်ရွက်မှုနှင့် နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် တန်ဖိုးအမေရိကန်ဒေါ်လာ ၃၀ ဒသမ ၁၄၂ သန်း၊ သွင်ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၅၈ဒသမ ၉၅၇ သန်းဖြစ်၍ ကုန်သွယ်မှုပမာဏအနေဖြင့် တန်ဖိုး အမေရိကန်ဒေါ်လာ ၈၉ ဒသမ ၀၉၉ သန်း လျော့နည်းခဲ့ကြောင်း သိရသည်။

**အိမ့် (DOT)**

## တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ဩဂုတ်လအတွင်း ကုန်သွယ်မှုအခြေအနေ




တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ဩဂုတ် ၁ ရက်မှ ဩဂုတ် ၃၁ ရက်ထိ ကာလအတွင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၃၂ သန်း၊ သွင်းကုန် တန်ဖိုး အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၂၇ သန်းဖြစ်၍ ကုန်သွယ်မှုပမာဏမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၇ ဒသမ ၈၅၉ သန်းဖြစ်ပြီး ကာလတူ လုပ်ငန်းဆောင်ရွက်မှုနှင့်နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၆၁၈ သန်းပိုမိုခဲ့ပြီး သွင်းကုန်ပိုင်းတွင် တန်ဖိုးအမေရိကန်ဒေါ်လာ ၄ ဒသမ ၂၆၅ သန်း လျော့နည်းခဲ့သဖြင့် ကုန်သွယ်မှုပမာဏမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၃ဒသမ ၆၄၇ သန်း လျော့နည်းခဲ့ကြောင်း သိရသည်။

ကာလတူထက်ပို့ကုန်ပိုင်းတွင် ပိုမိုရခြင်းမှာ သစ်တောထွက်ပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂၁ သန်း၊ ရေထွက်ပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၇၀ သန်း လျော့နည်းခဲ့သော်လည်း လယ်ယာထွက်ကုန်ပစ္စည်းအုပ်စုနှင့် အခြားပစ္စည်းအုပ်စုတို့ တင်ပို့မှုပိုမိုခဲ့ခြင်းကြောင့်ဖြစ်သည်။


သွင်းကုန်ပိုင်းတွင် ကာလတူထက်လျော့နည်းရခြင်းမှာ ရင်းနှီးမြှုပ်နှံမှုပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၂၁၀ သန်း၊ လုပ်ငန်းသုံးပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၃ဒသမ ၈၈၃ သန်းနှင့် လူသုံးကုန်ပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုညဒသမ ၁၇၂ သန်း လျော့နည်းတင်သွင်း ခဲ့ခြင်းကြောင့်ဖြစ်သည်။

အနီးစပ်ဆုံးကာလဖြစ်သော ဇူလိုင်လ လုပ်ငန်းဆောင်ရွက်မှုနှင့် နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၆၁၉ သန်း ပိုမိုခဲ့ပြီး သွင်းကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၃၉ သန်းလျော့နည်းခဲ့သဖြင့် ကုန်သွယ်မှုပမာဏအနေဖြင့် တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၂၀ သန်း လျော့နည်းခဲ့ခြင်းဖြစ်သည်။


အနီးစပ်ဆုံးကာလထက် ပို့ကုန်ပိုင်းတွင် ပိုမိုရခြင်းမှာ လယ်ယာထွက်ကုန်ပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၅၈၁ သန်း လျော့နည်းခဲ့သော်လည်း စက်မှုကုန်ချောပစ္စည်းအုပ်စုတွင် တန်ဖိုးအမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၈ သန်း၊ အခြားပစ္စည်းအုပ်စုတွင် သုည ဒသမ ၀၃၀ သန်း ပိုမိုခဲ့ခြင်းကြောင့်ဖြစ်သည်။ သွင်းကုန်ပိုင်းတွင် လျော့နည်းရခြင်းမှာ လူသုံးကုန်ပစ္စည်းအုပ်စုတွင် သုည ဒသမ ၀၁၆ သန်း ပိုမိုခဲ့သော်လည်း ရင်းနှီးမြှုပ်နှံမှုပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၆၀၆ သန်း၊ လုပ်ငန်းသုံးပစ္စည်းအုပ်စုတွင် ၃ဒသမ ၁၄၉ သန်း လျော့နည်းခဲ့ခြင်းကြောင့်ဖြစ်သည်။

**အိမ့် (DOT)**

## မြို့ကြီးများ၏ ၂၀၂၃ခုနှစ်၊ စက်တင်ဘာ ၁ ရက်နေ့နှင့် ၈ရက်နေ့တွင် ဖြစ်ပေါ်နေသည့် ဧည့်မထ စပါးတင်းဈေးနှင့် ဆန်အိတ်ဈေး နှိုင်းယှဉ်ချက်




## မြို့ကြီးများ၏ ၂၀၂၃ခုနှစ်၊ စက်တင်ဘာ ၁ ရက်နေ့နှင့် ၈ရက်နေ့တွင် ဖြစ်ပေါ်နေသည့် ပေါ်ဆန်းစပါးတင်းဈေးနှင့် ဆန်အိတ်ဈေး နှိုင်းယှဉ်ချက်




ပေါ်ဆန်းအုပ်စုတွင် မော်လမြိုင်၊ စစ်တွေ၊ ရွှေဘိုတို့မှာ ဒေသထွက်ဆန်ဖြစ်ပြီး ပြည်ဆန်ဈေးမှာ နတ်တလင်းဆန်ဈေး ဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေးတို့မှာ မနောသုခဆန်၊ ရွှေဘိုမှာ အသွယ်စနွှေ(သစ်) အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## အာရှနိုင်ငံများ၏ FOB ဆန်ဈေးနှုန်းများ

၈-၉-၂၀၂၃ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | | | | | | |
| ဆန်ဖြူ ၁၀၀ % | ၆၆၂ | ၆၅၄ | ↓ | - | - | - | - | - | - | | | - |
| ဆန်ဖြူ ၅% | ၆၄၆ | ၆၄၀ | ↓ | ၆၂၂ | ၆၄၇ | ↑ | - | - | - | - | - | - |
| ဆန်ဖြူ ၁၀% | | | | | | | | | | | | |
| ဆန်ဖြူ ၁၅% | | | | | | | | | | | | |
| ဆန်ဖြူ ၂၅% | ၆၀၇ | ၆၀၄ | ↓ | ၆၀၂ | ၆၃၂ | ↑ | - | - | - | - | - | - |
| ပေါင်းဆန် | ၆၄၉ | ၆၂၉ | ↓ | - | - | - | - | - | - | - | - | - |

*Source: thairiceexporters*



## ပြည်တွင်းဆီဈေးနှုန်းများ (၈-၉-၂၀၂၃)


*ကျပ်/ပိဿာ*

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၁၅၀၀၀ | ၁၃၅၀၀ | - | ၁၃၀၀၀ | ၁၃၀၀၀ | - | ၆၈၀၀ | ၆၈၀၀ | - |
| ရန်ကုန် | ၁၅၀၀၀ | ၁၃၅၀၀ | - | ၁၃၀၀၀ | ၁၃၀၀၀ | - | ၆၈၀၀ | ၆၈၀၀ | - |
| မန္တလေး | ၁၄၀၀၀ | ၁၃၅၀၀ | - | ၁၃၀၀၀ | ၁၂၀၀၀ | - | ၉၀၀၀ | ၉၀၀၀ | - |
| ပဲခူး | ၁၄၅၀၀ | ၁၄၅၀၀ | - | ၁၃၅၀၀ | ၁၃၅၀၀ | - | ၈၀၀၀ | ၉၅၀၀ | ↑ |
| မကွေး | ၁၁၅၀၀ | ၁၁၅၀၀ | - | ၁၁၅၀၀ | ၁၁၅၀၀ | - | ၈၀၀၀ | ၈၀၀၀ | - |
| မုံရွာ | ၁၃၅၀၀ | ၁၃၅၀၀ | - | ၁၂၅၀၀ | ၁၂၅၀၀ | - | ၈၀၀၀ | ၉၃၀၀ | ↑ |
| စစ်တွေ | ၁၆၀၀၀ | ၁၆၀၀၀ | - | - | - | - | ၁၀၀၀၀ | ၁၀၀၀၀ | - |

# ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၀၂၃ ခုနှစ် လအလိုက် ပဲမျိုးစုံ ပြည်တွင်း တစ်တန်ဈေးနှုန်းများ ကာလတူနှိုင်းယှဉ်ချက်

ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဇန်နဝါရီလမှ စက်တင်ဘာလအထိ ပြည်တွင်း ပဲမျိုးစုံ ကာလတူဈေးနှုန်းများ နှိုင်းယှဉ်ရာ၌ မတ်ပဲတစ်တန်ဈေးနှုန်းမှာ ဇန်နဝါရီလတွင် ကျပ် ၁၆၄၂၅၀၀ ရှိရာမှ စက်တင်ဘာလတွင် ၂၅၀၅၀၀၀ ကျပ်သို့ ငွေကျပ် ရှစ်သိန်းခြောက်သောင်းကျော် (ကျပ် ၈၆၂၅၀၀) သို့လည်းကောင်း၊ ပဲတီစိမ်း တစ်တန်ဈေးနှုန်းမှာ ဇန်နဝါရီလတွင် ကျပ် ၁၃၂၈၉၀၀ ရှိရာမှ ဩဂုတ်လတွင် ကျပ် ၂၂၉၆၅၀၀ သို့ ငွေကျပ် ကိုးသိန်းခွဲကျော် (ကျပ် ၉၆၇၆၀၀) သို့လည်းကောင်း၊ ပဲစင်းငုံ တစ်တန်ဈေးနှုန်းမှာ ဇန်နဝါရီလတွင် ကျပ် ၁၇၇၅၀၀၀ ရှိရာမှ စက်တင်ဘာလတွင် ကျပ် ၄၁၅၀၀၀၀ သို့ ငွေကျပ်နှစ်ဆယ့်သုံးသိန်းခုနစ်သောင်းကျော် (ကျပ် ၂၃၇၅၀၀၀) ကျပ်သို့လည်းကောင်း၊ ကုလားပဲအနေဖြင့် မတ်လတွင် ၂၀၇၂၉၀၀ ကျပ်မှ စက်တင်ဘာလတွင် ကျပ် ၂၉၆၀၉၀၀ သို့ ငွေကျပ် ရှစ်သိန်းရှစ်သောင်းကျော် (ကျပ် ၈၈၈၀၀၀) သို့လည်းကောင်း အသီးသီးဈေးမြင့်တက်သွားသည်ကို တွေ့ရှိရသည်။

တောင်သူများအနေဖြင့် ပဲမျိုးစုံများအနက် ပဲစင်းငုံမှာ ဈေးကောင်းရရှိနေသဖြင့် ပိုမိုတိုးချဲ့ စိုက်ပျိုးသင့်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။




စစ်မြစ်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၈-၉-၂၀၂၃ ရက်နေ့တွင်ဖြစ်ပေါ်နေသည့် ပဲမျိုးစုံများ၏ အမြင့်ဈေးနှုန်းများအား ကာလတူနှိုင်းယှဉ်ထားခြင်း ဖြစ်ပါသည်။







## SOUTHERN VILLE COMPANY LIMITED

*Importer of high-quality power cables and accessories from international manufacturers*

NO.2905, INDUSTRIAL ZONE RD, INDUSTRIAL ZONE-2, SOUTH DAGON INDUSTRY, 63 WARD, SOUTH DAGON TOWNSHIP, YANGON REGION

09 881 888 445

INFO@SOUTHERNVILLE.COM.M M

GP TRADING

PROVE THE BEST, SERVING A FRESH

**GENERAL PHARMACEUTICALS AND TRADING CO., LTD**

FROZEN FISH AND SHRIMPS SUPPILER

**Address :** Room 8, Building P, Shwe Zalutt Street, Shwe Zabal Yeik Mon Housing, Kamayut Township, Yangon, Myanmar.

**Mobile :** + 95 9 5197021

**Email :** myintlwin1382@gmail.com
sales.gptrading@gmail.com

## SHWE SIN OO TRADING LIMITED

### ပဲမျိုးစုံ
### နှင့်
### နှမ်းရောင်းဝယ်ရေး

### Buying Pulses and Sesame Seeds

Add : No.16, 1 st Floor, Sint Oh Dan Street, Latha Township, Yangon, Myanmar.
Tel : 09-5115664, 95-1-8225837
Fax : 95-1-8224011
Email : shwesinoodoc@gmail.com

KAUNG HTET ANIMAL FEED

ကောင်းထက်

ဒေသတွင်းထုတ်ကုန် | နိုင်ငံတကာ အရည်အသွေး | သင့်တင့်မျှတသော ဈေးနှုန်း

အရည်အသွေး မှန်ကန်ပြည့်ဝသော မွေးမြူရေးအစာများ



ကျန်းမာ သန်စွမ်းသော အသားတိုး၊ ဥစားနှင့် ဆီမီး ကြက်သားပေါက်များ

DOC


ROSS

Hy-Line

အမှတ်(၃၀)၊ မြို့ရှောင်လမ်း၊ ထောက်ကြန့်တိုးဂိတ်အနီး၊ မှော်ဘီမြို့နယ်၊ ရန်ကုန်။
09-783638805, 09-5039114, 09-444111188 Hot Line:09-73022993
Facebook: Kaung Htet Feed Mill, Website:khlivestock.com


H & T Myanmar
Elegant Fragrances Co., Ltd.
Head Office No.11/13, Ground Floor, 136th Street,
Ma U Gone Quarter, Tamwe Township, Yangon.
Sale Center No.110, 27th Street(Middle Street), Pabedan Township, Yangon.
09-255867844, 09-253242424, 09-420008375, 01-376663
handt@myanmarelegant.com
handtmyanmarelegant.com


MMM
Car Sales Center
Email:mmmcarsalecenter@gmail.com
www.facebook.com/MMM car sales centre
min min maung Services Co.,Ltd
မော်တော်ကားဝယ်ယူရန်စိတ်ဝင်စားနေသူများအတွက် မြန်မာနိုင်ငံရာသီဥတုနှင့်အထူး သင့်လျော်သော ဂျပန်နိုင်ငံမှတိုက်ရိုက်တင်သွင်းလာသည့် အရည်အသွေးမြင့် ကားကောင်းကားသန့်များကို ဝယ်ယူသူ အမည်ပေါက် စိတ်တိုင်းကျရွေးချယ်ဝယ်ယူနိုင်ရန် အနယ်နယ်အရပ်ရပ်မှ မိတ်ဟောင်းမိတ်သစ်များကို ကျွန်တော်တို့ MMM Car Sale Center မှ ဖိတ်ခေါ်အပ်ပါသည်။
အမှတ် (၁၉/၂၀), ပြည်လမ်းမကြီး၊ နာနတ်တောဂုံးကျော်နှင့် လှည်းတန်းဂုံးကျော်ကြား (၇) ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်။ Ph:09 7979 85859, 09 863 8585


BOWLING
Experience the fun at Rock & Bowl
where every moment is a striking success!
ROCK & BOWL
Contact Info
09 6777 888 93
Taw Win Road, 9 Mile,
Mayangone Township,
Yangon.
(Royal Sportainment Complex 1st Floor)


Aye Nyein Thar Co., Ltd
Speedy Move To Future With Us
ပြည်ပမှ တိုက်ရိုက်တင်သွင်းသော အရည်အသွေးမြင့် ဓာတ်သုံးဆီ အမျိုးမျိုးအား စျေးနှုန်းချိုသာစွာဖြင့်
ဝယ်ယူသူအားလုံးစိတ်တိုင်းကျ လောင်စာဆီ/လောင်စာ ဖြန့်ဖြူးရောင်းချပေးနေပါသည်
Fuel Station
Aye Nyein Thar Company Limited
No.51(C), University Avenue Road, Shwe Taung Kyar (1)ward, Bahan Township, Yangon.
Tel: +95-9-5108291, +95-9-765485405, +95-9-750228889 Web : www.ayenyeinthar.com , E-Mail : admin.hr@ayenyeinthar.com
Htet Ekari Fuel Station
1. No(2) Main Road, Shan Tae Gyi Upper Village, Hlegu Township. Tel: +95-9-762100989
2. Yangon-Mandalay Highway Road, Taung Gyi Kwe Village, Intagaw City. Tel: +95-9-782067900
3. Lower Mingalardon Road, Tar Sone, Shwe Pyi Thar Township.
Tharaphu Fuel Station
1. Danyin Gone Railway Road, Insein Township. Tel: +95-9-457195400
2. Yangon-Mandalay Highway Road, Oktwin Township, Taungoo. Tel: +95-54-25316

# ရန်ကုန်တိုင်းဒေသကြီး၌ ရှစ်လအတွင်း အထည်ချုပ်လုပ်ငန်းအပါအဝင် ရင်းနှီးမြှုပ်နှံမှု ၄၅ ခုကိုခွင့်ပြုခဲ့

ရန်ကုန်တိုင်းဒေသကြီး၌ ရှစ်လအတွင်း CMP အထည်ချုပ်လုပ်ငန်းအပါအဝင် ရင်းနှီးမြှုပ်နှံမှု၄၅ ခုကိုခွင့်ပြုခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါနိုင်ငံသားနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုအသစ် ၄၅ ခုတို့အား ဇန်နဝါရီလမှ ဩဂုတ်လအထိ ခွင့်ပြုထားခြင်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုများတွင် စက်မှုလုပ်ငန်းများ၊ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများ၊ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ငန်းများ၊ ဝန်ဆောင်မှုနှင့်ထုတ်လုပ်မှုလုပ်ငန်းများလည်းပါဝင်ကြောင်း၊ လုပ်ငန်းအများစုမှာCMP အထည်ချုပ်လုပ်ငန်းများဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၈၀၀၀ ကျော်ကို ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

ယင်း CMP စနစ်ဖြင့် အထည်ချုပ်လုပ်ငန်းများတွင် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှု အများဆုံးဖြစ်ပြီး ထိုင်း၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့မှလည်း လာရောက် ရင်းနှီးမြှုပ်နှံမှုရှိကြောင်း သိရသည်။



# ငါးလတာကာလအတွင်း စက်မှုကုန်ချော တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄ ဘီလီယံကျော် ဝင်ငွေရရှိ

မြန်မာနိုင်ငံမှ စက်မှုကုန်ချော တင်ပို့မှု ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၏ ဧပြီ ၁ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ငါးလတာကာလ အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၈ ဘီလီယံကျော်ရရှိခဲ့ကြောင်း စက်တင်ဘာ ၈ ရက်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သည်။

အဆိုပါပမာဏမှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၀၅ ဘီလီယံကျော် ဝင်ငွေရရှိခဲ့သော ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၉၆၂ သန်းကျော် လျော့နည်းသွားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ကိန်းဂဏန်းများအရ သိရသည်။

နိုင်ငံ၏ ပို့ကုန်တင်ပို့မှုများအနက် စက်မှုကုန်ချောထုတ်ကုန်များကို အများဆုံး တင်ပို့နိုင်ခဲ့ပြီး လယ်ယာထွက်ပစ္စည်းနှင့် ရေထွက်ပစ္စည်းများထက် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း ဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

မြန်မာနိုင်ငံသည် လယ်ယာထွက်ကုန်၊ တိရစ္ဆာန်နှင့် ရေထွက်ကုန်များ၊ သတ္တုတွင်းထွက်များ၊ သစ်တောထွက် ပစ္စည်းများနှင့် စက်မှုကုန်ချောပစ္စည်းများကို တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယ အပါအဝင် ပြည်ပကုန်သွယ်မှု မိတ်ဖက်နိုင်ငံများသို့ အဓိကတင်ပို့လျက်ရှိကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် စက်တင်ဘာ ၁ ရက်အထိ မြန်မာနိုင်ငံ၏ ပို့ကုန်တင်ပို့မှုမှ စုစုပေါင်း အမေရိကန် ဒေါ်လာ ၆ ဒသမ ၄၈ ဘီလီယံကျော် ဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

ကိုဇေ - စုစည်းသည်

# ဖိလစ်ပိုင်နှင့် မြန်မာ အကြား စိုက်ပျိုးရေးနှင့် အခြားကဏ္ဍများ ပူးပေါင်းဆောင်ရွက်မည်

ဖိလစ်ပိုင်နှင့်မြန်မာအကြား စိုက်ပျိုးရေးနှင့်အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပူးပေါင်းဆောင်ရွက်ရန်အတွက် ASEAN-BAC Philippinesဥက္ကဋ္ဌ Mr. Jose Ma. A Concepcion III နှင့် ASEAN-BAC Myanmar ဥက္ကဋ္ဌဦးအေးဝင်းတို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)မှ သိရသည်။

စက်တင်ဘာ ၅ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့၊ The Sultan Hotel ၌ ကျင်းပသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များ အများအပြား တက်ရောက်သော ဖိလစ်ပိုင်-အင်ဒိုနီးရှား စားပွဲဝိုင်းဆွေးနွေးပွဲတွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

အဆိုပါ နားလည်မှုစာချွန်လွှာတွင် အသေးစား၊ အလတ်စားနှင့် အကြီးစား တောင်သူလယ်သမားများ၊ လုပ်ငန်းရှင်များနှင့်သက်ဆိုင်ရာ အဖွဲ့အစည်းများအကြား အလားအလာရှိသော စိုက်ပျိုးရေးကဏ္ဍ၊ စိုက်ပျိုးရေးနည်းပညာ၊ စားနပ်ရိက္ခာဖူလုံရေး၊ စားနပ်ရိက္ခာဘေးအန္တရာယ် ကင်းရှင်းရေးနှင့် စိုက်ပျိုးရေးအခြေခံ စားနပ်ရိက္ခာထုတ်လုပ်ရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းပုံစံများနှင့် တန်ဖိုးမြှင့်ထောက်ပံ့မှု ကွင်းဆက်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လေ့လာမှုများနှင့်လမ်းညွှန်မှုများ ပြုလုပ်ကြရန် ပါရှိသည်။

ထို့နောက် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ နည်းပညာဖလှယ်ခြင်း၊ ဆန်နှင့်လယ်ယာထွက်ကုန်များ၊ ဝန်ဆောင်မှုကဏ္ဍများတွင် လိုအပ်သည့် စီးပွားရေးဆိုင်ရာ လိုအပ်ချက်များကို သတ်မှတ်ရန်လည်း ဖော်ပြထားသည်။

ယင်းပြင် ရာသီဥတုပြောင်းလဲမှုကို ရင်ဆိုင်ဖြေရှင်းရာတွင် ထိရောက်သော မဟာဗျူဟာများကို မြှင့်တင်ရန်နှင့် မြန်မာနှင့် ဖိလစ်ပိုင်နိုင်ငံတို့အတွက် ရေရှည်တည်တံ့သော လယ်ယာစီးပွားရေးပတ်ဝန်းကျင်ကိုရရှိရန်တို့ ပါဝင်ကြောင်း သိရသည်။

# ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စစ်တွေနယ်စပ် ကုန်သွယ်ရေးစခန်းမှသာ တင်ပို့ရမည့် ကုန်ပစ္စည်းအချို့သတ်မှတ်

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရခိုင်ပြည်နယ်ရှိ စစ်တွေနယ်စပ် ကုန်သွယ်ရေးစခန်းမှသာ တင်ပို့ရမည့် ရေထွက်ပစ္စည်း၊ လယ်ယာထွက်ကုန်နှင့် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းအချို့ကို သတ်မှတ်လိုက်ကြောင်း စက်တင်ဘာ ၁ရက်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ ကုန်သွယ်ရေးဦးစီးဌာနမှ ထုတ်ပြန်သည့် ပို့ကုန်၊ သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ (၁၅/၂၀၂၃)အရ သိရသည်။

အဆိုပါ ထုတ်ပြန်ချက်အရ ကုန်သွယ်မှုလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်စေရန် အပါအဝင်တစ်ဖက်နိုင်ငံနှင့် ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ကာ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ် ကုန်သွယ်မှုတွင် ဆန်၊ ဆန်ကွဲ၊ ပဲမျိုးစုံ၊ နှမ်း၊ မြေပဲ၊ မြေပဲဆန်၊ ကြက်သွန်နီ စသည့် လယ်ယာထွက်ကုန်နှင့် စိုက်ပျိုးရေး ထွက်ကုန်ပစ္စည်းများ၊ ရေချိုရေငန် ငါးမျိုးစုံ ရေထွက်ပစ္စည်းများကို စစ်တွေကုန်သွယ်ရေးစခန်းမှသာ တင်ပို့ရမည်ဖြစ်ကြောင်း၊ စက်တင်ဘာ ၄ ရက်မှ စတင်ကာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။



၂၀၂၃ -၂၀၂၄ဘဏ္ဍာနှစ် ငါးလတာကာလအတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ကုန်သွယ်မှုပမာဏ ဒေါ်လာ ၆ ဒသမ ၉၅၄ သန်းကျော်သာ ရရှိထားကြောင်း ကုန်သွယ်ရေးဦးစီးဌာနမှ ထုတ်ပြန်ထားသည့် စာရင်းဇယားများအရ သိရသည်။

# အထည်ချုပ်လုပ်ငန်းများအတွက် ပြည်ပအော်ဒါများ နိုဝင်ဘာလတွင် ပြန်လည်ရရှိမည်

မြန်မာနိုင်ငံက အထည်ချုပ်လုပ်ငန်းများအတွက် ပြည်ပအော်ဒါများ လာမည့် နိုဝင်ဘာလတွင် ပြန်လည်ရရှိမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ သိရသည်။

ပြီးခဲ့သည့် ရှစ်လတာအတွင်း မြန်မာနိုင်ငံသို့ ဝင်ရောက်လာသည့် ပြည်ပရင်းနှီးမြှုပ်နှံမှုအသစ်များတွင် လက်ခစား CMP အထည်ချုပ်လုပ်ငန်းများက အများဆုံးဖြစ်ပြီး အဆိုပါ အထည်ချုပ်လုပ်ငန်းများတွင် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အများဆုံးဖြစ်ကြောင်း သိရသည်။

"ရင်းနှီးမြှုပ်နှံမှုကတော့ တရုတ်များလိမ့်မယ်။ တခြားနိုင်ငံတွေလည်းရှိပါတယ်။ အရေအတွက်ချင်း ယှဉ်ကြည့်မယ်ဆိုရင်တော့ တရုတ်များတယ်လို့ ယူဆလို့ရပါတယ်" ဟု အဆိုပါအသင်းမှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးထွန်းထွန်းက စက်တင်ဘာ ၉ ရက်တွင် ပြောသည်။

လက်ခစားစနစ်ဖြင့် ချုပ်လုပ်ကြသည့် CMP အထည်ချုပ်လုပ်ငန်းများတွင် ဂျပန်၊ တရုတ်၊ တောင်ကိုရီးယားအပါအဝင် နိုင်ငံစုံက လာရောက်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နေခြင်းဖြစ်ကြောင်း သိရသည်။

ယခု ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်မှုလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများနှင့် လက်ခစား CMP အထည်ချုပ်လုပ်ငန်းများ အပါအဝင် ပြည်ပရင်းနှီးမြှုပ်နှံမှု အသစ် ၄၅ ခုကို ခွင့်ပြုပေးခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ရှစ်လတာအတွင်း ခွင့်ပြုခဲ့သည့် လုပ်ငန်းအများစုမှာ လက်ခစား CMP အထည်ချုပ်လုပ်ငန်းများသာဖြစ်ပြီး တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုအများဆုံးဖြစ်ကာ ထိုင်း၊ တောင်ကိုရီးယား၊ ဂျပန်နိုင်ငံတို့ကလည်း လာရောက်ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

ပြည်တွင်းက မြန်မာနိုင်ငံသားပိုင် ပုဂ္ဂလိကအထည်ချုပ်လုပ်ငန်းအများစုသည်လည်း အဆိုပါ ပြည်ပရင်းနှီးမြှုပ်နှံတဲ့ အထည်ချုပ်လုပ်ငန်းတွေနဲ့တန်းတူ ပြည်ပက အော်ဒါအမှာစာများအတွက် လက်ခစားစနစ်ဖြင့် ချုပ်လုပ်ပြီး လုပ်ငန်းလည်ပတ်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် လှိုင်သာယာစက်မှုဇုန်အပါအဝင် စက်မှုဇုန်ပေါင်း ၂၉ ဇုန်ရှိပြီး အထည်ချုပ်လုပ်ငန်းပေါင်း ၃၀၀ ကျော်မှ ၄၀၀ ဝန်းကျင်ခန့်အထိ လုပ်ငန်းဆက်လက်လည်ပတ်နေကြောင်း သိရသည်။

အဆိုပါ စက်ရုံများတွင် တိုက်ရိုက်ခန့်အပ်ထားသည့် အလုပ်သမား လေးသိန်းကျော်မှ ငါးသိန်းနီးပါးဝန်းကျင်ခန့် အပါအဝင် ဆက်စပ်နေသည့် လုပ်ငန်းများက အလုပ်သမားဦးရေ ခုနစ်သိန်းမှနေ၍ ရှစ်သိန်းဝန်းကျင်အထိ အလုပ်အကိုင်ရရှိထားကြောင်း သိရသည်။ **ပန်းဆု**



# ပြည်ပပို့ကုန်တင်ပို့မှုမှ ကန်ဒေါ်လာ ၆ ဘီလီယံကျော် ရရှိထား

ယခု ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၏ ငါးလတာကာလအတွင်း ပြည်ပပို့ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆ ဒသမ ၄၈ ဘီလီယံကျော် ရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါတင်ပို့မှုသည် ဧပြီ ၁ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ရရှိထားသည့် ပို့ကုန်ဝင်ငွေများဖြစ်ပြီး စက်မှုကုန်ချောတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ဝ၈ ဘီလီယံဖြင့် အများဆုံးတင်ပို့ထားပြီး လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၄ ဘီလီယံဖြင့် ဒုတိယအများဆုံး ဝင်ငွေရရှိထားခြင်းဖြစ်သည်။

"နယ်စပ်ကုန်သွယ်ရေးက ကုန်သွယ်မှုက ပုံမှန်အတိုင်းတော့ သွားနေတယ်။ ပင်လယ်ရေကြောင်းကလည်း သူ့နည်းသူ့ဟန်နဲ့တော့ သွားနေတာပါပဲ"ဟု မူဆယ်ဆန်စပါးကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက စက်တင်ဘာ ၉ ရက်တွင် ပြောသည်။

ယင်းအပြင် ရေထွက်ကုန်ပစ္စည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၂၄၄ ဒသမ ၄၈ သန်း၊ အခြားကဏ္ဍတင်ပို့မှုမှ ကန်ဒေါ်လာ ၆၁၄ ဒသမ ၄၆၂ သန်း၊ သတ္တုတွင်းထွက်ပစ္စည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၁၃၃ ဒသမ ၉၅၈ သန်း၊ သစ်တောထွက်ပစ္စည်း တင်ပို့မှုမှ ကန်ဒေါ်လာ ၂၉ ဒသမ ၉၀၅ သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၃ ဒသမ ၅၆၃ သန်းဖြင့် အနည်းဆုံး ပို့ကုန်ဝင်ငွေရရှိထားကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကာလတူက ပြည်ပတင်ပို့မှုမှ ပို့ကုန်ဝင်ငွေ ကန်ဒေါ်လာ ၇ ဒသမ ၂၈ ဘီလီယံရရှိထားကြောင်း သိရသည်။ ပြည်ပနိုင်ငံများမှ သွင်းကုန်တင်သွင်းမှုအနေဖြင့် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်းနှင့် CMP (အထည်အလိပ်) တို့ကို ပြန်လည်တင်သွင်းလျက်ရှိကြောင်း သိရသည်။ **ပန်းဆု**

## ပြည်ပဆန်ဈေးနှုန်းများ

6-9-2023 r$2-9-2023 t x d

| စဉ် | အမျိုးအမည် | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken (Well Milled Double Polished Sortexed) | 585 - 595 | |
| 2 | Myanmar Long Grain White Rice 10% Broken (Well Milled Double Polished Sortexed) | 575 - 585 | |
| 3 | Myanmar Long Grain White Rice 15% Broken (Well Milled Double Polished Sortexed) | 565 - 575 | |
| 4 | Myanmar Long Grain White Rice 20% Broken (Well Milled Double Polished Sortexed) | 555 - 565 | |
| 5 | Myanmar Long Grain White Rice 25% Broken (Well Milled Double Polished Sortexed) | 545 - 555 | |
| 6 | Myanmar Long Grain White Rice 25% Broken (Reasonable Well Milled) | 535 - 545 | |
| 7 | Myanmar Long Grain White Rice (Kayinma) 5% Broken(Well Milled Double Polished Sortexed) | 590 - 600 | |
| 8 | Myanmar Long Grain White Rice (Kayinma) 10% Broken(Well Milled Double Polished Sortexed) | 580 - 590 | |
| 9 | Myanmar Long Grain White Rice (Kayinma) 15% Broken(Well Milled Double Polished Sortexed) | 570 - 580 | |
| 10 | Myanmar Long Grain White Rice (Kayinma) 25% Broken(Well Milled Double Polished Sortexed) | 560 - 570 | |
| 11 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 585 - 595 | |
| 12 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 575 - 585 | |
| 13 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 565 - 575 | |
| 14 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 555 - 565 | |
| 15 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Softexed) | 585 - 595 | |
| 16 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Softexed) | 575 - 585 | |
| 17 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Softexed) | 565 - 575 | |
| 18 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Softexed) | 555 - 565 | |
| 19 | Myanmar White Rice Tun Pu(or)Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 585 - 595 | |
| 20 | Myanmar White Rice Tun Pu(or)Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 575 - 585 | |
| 21 | Myanmar White Rice Tun Pu(or)Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 565 - 575 | |
| 22 | Myanmar White Rice Tun Pu(or)Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 555 - 565 | |
| 23 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 630 - 640 | |
| 24 | Myanmar Parboiled Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 620 - 630 | |
| 25 | A-1 , 2 (Sortexed) | 465 - 475 | |
| 26 | B-1 , 2 (Sortexed) | 455 - 460 | |
| 27 | B-1,2 (Non-Sortexed) | 430 - 440 | |

Source : မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

# ယခုလအတွင်း ရန်ကုန်ဆိပ်ကမ်းသို့ ကုန်တင်သင်္ဘော ၅၃ စင်း ဝင်ရောက်ဆိုက်ကပ်မည်

ယခု စက်တင်ဘာလအတွင်း ရန်ကုန်ဆိပ်ကမ်းသို့ နိုင်ငံတကာ ကုန်တင်သင်္ဘော ၅၃ စင်း ဝင်ရောက်ဆိုက်ကပ်ပြီး ကုန်သွယ်မှုပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးမှ သိရသည်။

နိုင်ငံ့ကုန်သွယ်မှုတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများသို့ အပြည်ပြည်ဆိုင်ရာ ကုန်သေတ္တာတင်သင်္ဘောများ လစဉ်ပုံမှန် ဝင်ရောက်ဆိုက်ကပ်နေပြီး ပိုမိုကုန်သွယ်နိုင်ရန်အတွက်လည်း ဆောင်ရွက်နေကြောင်း သိရသည်။




"ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းကနေ ဖောက်သည်နိုင်ငံတွေနဲ့ ကုန်သွယ်မှုလုပ်ငန်းတွေကို တိုးမြှင့်ဆောင်ရွက်နေပါတယ်။ ကုန်သေတ္တာတင် သင်္ဘောလိုင်းတွေကလည်း ခရီးစဉ်တွေ တိုးပြီးပြေးဆွဲကြဖို့ လုပ်နေပါတယ်"ဟု မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးမှ တာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၉ ရက်တွင် ပြောသည်။

လက်ရှိတွင် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးမှ ပြည်ပနိုင်ငံများနှင့် ဈေးကွက်ချဲ့ထွင်ပြီး ကုန်သွယ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ခြင်း၊ ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးနှင့် ပြည်တွင်းလိုအပ်ချက်အရ သွင်းကုန်များကိုလည်း တိုးမြှင့်တင်သွင်းနိုင်ရန်အတွက် ကုန်သေတ္တာတင်သင်္ဘောလိုင်းအသီးသီးက ခရီးစဉ်များကို ပြန်လည်တိုးချဲ့ပြေးဆွဲရန် ဆောင်ရွက်နေကြောင်း သိရသည်။

ရန်ကုန်ဆိပ်ကမ်းသို့ ၂၀၂၃ ခုနှစ်အတွင်း ကုန်သေတ္တာတင်သင်္ဘော တစ်လလျှင် အစင်းရေ ၅၀ ကျော်နှင့် ရှစ်လအတွင်း အစင်း ၄၀၀ ကျော် ဆိုက်ကပ်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှာ ယခု ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ရှစ်လတာကာလအတွင်း နိုင်ငံတကာ ကုန်သေတ္တာတင်သင်္ဘောကြီး ၄၂၈ စင်း ဝင်ရောက်ဆိုက်ကပ်ကာ ကုန်သွယ်မှုပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာကုန်တင်သင်္ဘောများ လအလိုက်ဝင်ရောက်ရာတွင် ဇန်နဝါရီလတွင် ၅၂ စင်း၊ ဖေဖော်ဝါရီလတွင် ၅၁ စင်း၊ မတ်လတွင် ၅၅ စင်း၊ ဧပြီလတွင် အစင်း ၅၀၊ မေလတွင် ၅၆ စင်း၊ ဇွန်လတွင် ၅၇ စင်း၊ ဇူလိုင်လတွင် ၅၃ စင်း၊ ဩဂုတ်လတွင် ၅၄ စင်းအထိ ဆိုက်ကပ်ခဲ့ကြောင်း သိရသည်။

**ပန်းဆု**

# ပျားရည်တစ်တန်လျှင် ကန်ဒေါ်လာ ၃၀၀၀အထိ ဈေးရရှိနေသည့်အတွက် ပျားမွေးမြူရေးလုပ်ငန်း ၁၃၀ ကျော် တိုးလာ

မြန်မာ့ပျားရည်ကို လက်ရှိတွင် ဖောက်သည်ဈေးကွက်နိုင်ငံများမှ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၅၀၀ မှ ၃၀၀၀ အထိ ဈေးကောင်းပေးဝယ်နေသည့်အတွက် ပျားမွေးမြူရေးလုပ်ငန်း ၁၃၀ ကျော် တိုးပွားလာကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပျားလုပ်ငန်းဌာနက သိရသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ပျားရည်များသည် အမေရိကန်၊ ဂျပန်၊ ကိုရီးယား၊ ကနေဒါနှင့် အာဆီယံဒေသတွင်း နိုင်ငံများတွင် ဈေးကွက်နေရာများရရှိထားခြင်းဖြစ်ပြီး တစ်နှစ်လျှင်တန်ချိန် ၃၀၀၀ အထိ တင်ပို့ရောင်းချနေရခြင်းဖြစ်သည်။



ပြည်တွင်း၌ ပုဂ္ဂလိက ပျားမွေးမြူရေးလုပ်ငန်းတိုးချဲ့လုပ်ကိုင်လာသည်မှာ ပြီးခဲ့သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ထက် ယခု ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် လုပ်ငန်းပေါင်း ၁၃၀ ကျော် တိုးလာပြီး စုစုပေါင်းလုပ်ငန်း ၉၅၀ ကျော်အထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

ပျားလုပ်ငန်းဌာနအနေဖြင့် လက်ရှိတွင် ပြည်တွင်းရှိ မြို့နယ် ၃၁ မြို့နယ်၌ အစိုးရပိုင် ပျားမွေးမြူရေးစခန်း ၃၁ ခုကို ဖွင့်လှစ်ထားပြီး ပျားမွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်နေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ပျားမွေးမြူရေးလုပ်ငန်းများမှ နှမ်းပျားရည်၊ ဆီးပျားရည်၊ ရော်ဘာပျားရည်နှင့် လိုက်ချီးပျားရည် စသည့် ပျားရည်အမျိုးအစားများကို ထုတ်လုပ်နေခြင်းဖြစ်ပြီး ပြည်ပသို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ယင်းအပြင် ပုဂ္ဂလိကပျားမွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်လည်း နည်းပညာများနှင့် ပျားဘုရင်မ မျိုးကောင်းမျိုးသန့်များကို ပံ့ပိုးကူညီပေးလျက်ရှိနေသောကြောင့် ပျားမွေးမြူရေးလုပ်ငန်းကို မှတ်ပုံတင်လုပ်ကိုင်သူများပြားလာခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဌာနအနေဖြင့် ပျားဘုရင်မများကို မျိုးမြှင့်တင်ဆောင်ရွက်ရန်၊ ပြည်ပမှ ပျားဘုရင်မမျိုးကောင်းမျိုးသန့်များ ဝယ်ယူတင်သွင်းရန်တို့ကိုလည်း စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။



## မြန်မာ့သကြား ဘင်္ဂလားဒေ့ရှ် ဝယ်ယူလို

ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် ပြည်တွင်းဝယ်လိုအားဖြည့်တင်းနိုင်ရန်အတွက် မြန်မာနိုင်ငံမှ သကြားတင်သွင်းလိုသောကြောင့် ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ဘင်္ဂလားဒေ့ရှ်မစ်ရှင်နှင့် မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်လုပ်ငန်းရှင်များအသင်းတို့ ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်လုပ်ငန်းရှင်များအသင်းအနေဖြင့် ဘင်္ဂလားဒေ့ရှ်သို့ သကြားတင်ပို့ရန်အတွက် ဘင်္ဂလားဒေ့ရှ်ကုန်သွယ်မှုကော်ပိုရေးရှင်း (TCB) နှင့် နားလည်မှုစာချွန်လွှာ(MoU)ရေးထိုးပြီး တင်ပို့ရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် နှစ်စဉ်ထွက်ရှိသည့် သကြားကို ပြည်တွင်းဝယ်လိုအားအတွက် ဖြည့်တင်းပြီးနောက် ပိုလျှံသည့် သကြားများကို ဗီယက်နမ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့သို့ တင်ပို့နေခြင်းဖြစ်သည်။

လက်ရှိတွင် မြန်မာနိုင်ငံမှ တင်ပို့နိုင်သည့် သကြားလက်ကျန်များ ရှိနေသည့်အတွက် ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့ရန် စိတ်ဝင်စားမှုရှိကြောင်း သိရသည်။

ထို ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့မှ သကြားများကို အဓိက တင်သွင်းပြီး လက်ရှိလက်လီသကြား ဈေးကွက်မြင့်မားနေသည့်အတွက် အစိုးရသတ်မှတ်ဈေးထက် ပိုမိုပေး၍ ဝယ်ယူကြကြောင်း သိရသည်။

ယင်းနိုင်ငံ၏ သကြားလက်လီဈေးနှုန်းသည် တစ်ကီလိုလျှင် တာကာ ၁၂၈-၁၃၅ ရှိပြီး နှစ်စဉ် သကြား လိုအပ်ချက်အတွက် ကုန်ကြမ်း တန်ချိန် နှစ်သန်းကျော် တင်သွင်းရကြောင်း သိရသည်။

မြန်မာ့ဈေးကွက်အတွင်း လက်ရှိ၌ လက်လီသကြားဈေးမှာ ပြီးခဲ့သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက နှစ်ဆကျော်ခန့် မြင့်တက်နေပြီး တစ်ပိဿာ ကျပ် ၄၀၀၀ ဝန်းကျင်ရှိကြောင်း သိရသည်။

**ပန်းဆု-စုစည်းသည်**

# ဘာရိန်းနိုင်ငံတွင် ရောင်းချရန် မြန်မာ့ထောပတ်သီးနှင့်ထောပတ်သီးအဆီများ နမူနာ တင်ပို့ရန်ရှိ

မြန်မာနိုင်ငံမှထောပတ်သီးများကို ပြည်ပသို့ ပိုမိုတိုးချဲ့တင်ပို့နိုင်ရန်အတွက် ချိတ်ဆက်ဆောင်ရွက်လျက်ရှိရာ လက်ရှိ၌ ဘာရိန်းနိုင်ငံသို့ မြန်မာ့ထောပတ်သီးနှင့် ထောပတ်သီးအဆီများ တင်ပို့ရောင်းချနိုင်ရန် ဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ဘာရိန်းနိုင်ငံ Riyara ကုမ္ပဏီမှ ၎င်းတို့နိုင်ငံအတွင်းရှိ လက်လီအရောင်းဆိုင်များ၌ မြန်မာ့ထောပတ်သီး ရောင်းချလိုကြောင်း ကမ်းလှမ်းလာခြင်းဖြစ်ပြီး အဆိုပါကုမ္ပဏီမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း (MAVO)မှ တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံ ကော်လ်ကတ္တားမြို့၊ မြန်မာစီးပွားရေးသံမှူး၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ (နေပြည်တော်)နှင့် ရှမ်းပြည်နယ် ဦးစီးမှူးရုံးတို့မှ တာဝန်ရှိသူများ စီးပွားရေးတွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ယင်းဆွေးနွေးမှုတွင် ထုတ်လုပ်မှုပမာဏ၊ အရည်အသွေး၊ အသိအမှတ်ပြုလက်မှတ်များ၊ သယ်ယူပို့ဆောင်မည့်နည်းလမ်းနှင့် ထုတ်ကုန်သက်တမ်း(Shelf Life)စသည့်အချက်များပါဝင်ကြောင်း သိရသည်။

ထို့ပြင် မြန်မာနိုင်ငံမှ Global GAP လက်မှတ် ရရှိထားသည့် ထောပတ်ခြံများ၊ အရည်အသွေးစစ်ဆေးထားသည့် ထောက်ခံချက်များ၊ တင်ပို့နိုင်မည့် ပမာဏများနှင့် လက်ရှိ တင်ပို့နေသည့် ဈေးကွက်အခြေအနေတို့ကိုပါ ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးမှုရလဒ်အရ လာမည့် အောက်တိုဘာလလယ်တွင် မြန်မာ့ထောပတ်သီးနှင့် ထောပတ်သီးအဆီ နမူနာများကို ပေးပို့သွားမည်ဖြစ်ပြီး လိုအပ်သည်များကို မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့နှင့် အိန္ဒိယနိုင်ငံ၊ ကိုလ်ကတ္တားမြို့ရှိ မြန်မာစီးပွားရေးသံမှူးတို့မှ ဆက်လက် ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထောပတ်သီးကို ရှမ်းပြည်နယ် (တောင်ပိုင်း၊ မြောက်ပိုင်း)နှင့် မန္တလေးတိုင်းဒေသကြီး (ပြင်ဦးလွင်)တို့တွင် အများဆုံးစိုက်ပျိုးကြပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် တောင်ကြီး၊ဟိုပုံး၊ ညောင်ရွှေ၊ ဆီဆိုင်၊ ကလော၊ ပင်းတယ၊ ရွာငံ၊ ရပ်စောက်၊ ပင်လောင်း၊ ဖယ်ခုံ၊ လွိုင်လင်တို့တွင်လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် လားရှိုး၊ ကွတ်ခိုင်၊ ကျောက်မဲ၊ သီပေါ၊ နောင်ချိုနှင့်မန္တလေးတိုင်းဒေသကြီး (ပြင်ဦးလွင်)တို့တွင်လည်းကောင်း စိုက်ပျိုးကြကြောင်း သိရသည်။



# နယ်စပ်မှတင်သွင်းမည့် ကုန်ပစ္စည်း ခုနစ်မျိုးအတွက် နိုင်ငံခြားငွေ ရောင်းပေးမည်

နယ်စပ်ကုန်သွယ်ရေးတွင် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုကော်မတီ(FESC)က ခွင့်ပြုထားသည့်သွင်းကုန်အမယ် ခုနစ်မျိုးအတွက် Online Trading အစီအစဉ်ဖြင့် နိုင်ငံခြားငွေ ရောင်းချပေးမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ ကုန်ပစ္စည်း ခုနစ်မျိုးမှာ သံ/သံမဏိ၊ ကော်စေ့၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ၊ ဆိုလာနှင့် ယာဉ်ယန္တရားများဖြစ်ပြီး FESC က အတည်ပြုထားသည့် Draft License များကို ခွင့်ပြုပေးသွားမည်ဖြစ်သောကြောင့် FESC No. နဲ့တကွ Online Matching တွင် မှတ်ချက်ဖြင့် တင်ပေးရမည်ဖြစ်ကြောင်း သိရသည်။

ယင်းအပြင် ဘဏ်များအနေဖြင့်လည်း သွင်းကုန်လုပ်ငန်းရှင်များ တင်ပြလာချိန်တွင် FESC No. မှန်/မမှန် သေချာစွာ စစ်ဆေးကာ တင်ပြပေးရန် လိုအပ်ပြီး မှန်ကန်ပါက လိုအပ်သည့် နိုင်ငံခြားငွေ ဝယ်ယူခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

ကျန်ရှိသည့်ပစ္စည်းများကို စီးပွား/ကူးသန်းမှ စစ်ဆေးပြီးမှသာ နိုင်ငံခြားငွေ ရောင်းပေးမည်ဖြစ်ကာ ဝယ်ယူလိုသည့် ငွေကြေးပမာဏကို တစ်ချိန်တည်းရောင်းပေးပြီး ပမာဏများပါကခွဲ၍ရောင်းပေးမည်ဖြစ်ကြောင်းသိရသည်။

လက်ရှိ တရုတ်-မြန်မာနှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးတွင် ပို့ကုန်/သွင်းကုန်အတွက် ယွမ်ငွေတစ်မျိုးတည်းကိုသာ သုံးစွဲရမည်ဖြစ်ကြောင်း FESC က ဆုံးဖြတ်ထားခြင်းဖြစ်သည်။

သွင်းကုန်လိုင်စင် လျှောက်ထားသည့်အခါ ပို့ကုန်ရငွေမှဖြစ်စေ၊ ပြည်တွင်းဘဏ်တွေမှဖြစ်စေ ဝယ်ယူထားသည့် ယွမ်ငွေရှိကြောင်း ဘဏ်စာရင်းကိုပါတင်ပြရမည်ဖြစ်ကြောင်း သိရသည်။

# “ ကိုယ့်နိုင်ငံသာမက ပြည်ပထိပါ လွယ်လွယ်ကူကူ တင်ပို့နိုင်အောင် လုပ်ဆောင်သွားချင်ပါတယ် ”

## မြန်မာ့ရိုးရာ ရက်ကန်းချည်ထည်လုပ်ငန်းပိုင်ရှင် ဒေါ်စန်းဖြူကျော်နှင့် တွေ့ဆုံမေးမြန်းခြင်း

**၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အား အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်သည့်နှစ်ဟု သတ်မှတ်ကာ ပုဂ္ဂလိကလုပ်ငန်းများ တိုးတက်ရေး ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ သိရသည်။ ယင်းသို့ အသေးစား၊ အလတ်စားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အနေဖြင့်လည်း ကဏ္ဍတစ်ရပ်အဖြစ် ဦးစားပေးထည့်သွင်းကာ ပံ့ပိုးကူညီမှုများ လုပ်ဆောင်ပေးလျက်ရှိသည်။ သို့ဖြစ်ရာ အသေးစား၊ အလတ်စားလုပ်ငန်းများ လတ်တလော ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများနှင့်စပ်လျဉ်း၍ ပြည်တွင်းတွင် ရက်ကန်းချည်ထည်များအား ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည့် မြန်မာ့ရိုးရာ ရက်ကန်းချည်ထည်လုပ်ငန်းပိုင်ရှင် ဒေါ်စန်းဖြူကျော် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည်။**

**မြန်မာ့ရိုးရာ ရက်ကန်းချည်ထည်တွေကို ပြည်တွင်းဈေးကွက်ထဲ ဖြန့်ဖြူးနေတဲ့အကြောင်းလေး သိပါရစေ။**

အရင်တုန်းကတော့ လက်ရက်ကန်းပေါ့။ ကိုယ်တွေဆီက ချည်တွေကို အဆင့်ဆင့် အများကြီးပေါ့။ ချည်မျှင်လေးရဖို့အထိ ဗိုင်းငင်ရတာတို့ ဘာတို့ရှိတယ်။ အခုကတော့ အိန္ဒိယနိုင်ငံကနေ တင်သွင်းတဲ့ ချည်တွေကို တိုက်ရိုက်သုံးလိုက်တဲ့ အခါကျတော့ အဲဒီအဆင့်တွေ မရှိတော့ဘူး။ မရှိပေမယ့်လည်း အခုလက်ရှိ အချိန်မှာတော့ လက်ရက်ကန်းလည်းရော စက်ရက်ကန်းပါ ရှိပါတယ်။ ဒါပေမယ့် စက်ရက်ကန်းကျတော့ ဒီအိန္ဒိယနိုင်ငံကလာတဲ့ ချည်တွေကို ချွတ်မယ်။ အရောင်ဆိုးမယ်။ ရစ်လုံးနဲ့ရစ်ပြီးတော့ ပြန်ပတ်မယ်။ အဆင့်ဆင့်ပေါ့။ လုံချည်မှာကျတော့ အထည်မဖြစ်မချင်း ရက်ကန်းစင်ပေါ်ကို မရောက်မချင်းကတော့ လက်နဲ့အကုန်လုပ်ရတာချည်းပဲ။ အထည်တွေ အကုန်လုံးကို စည်းအကွင်းလေးတွေ ဖြစ်ဖို့အတွက်က သားရေပတ်လေးတွေနဲ့ အပွင့်လေးတွေ၊ လိုင်းလေးတွေ ဖော်ရတယ်။ ဖော်ပြီးတဲ့အခါမှ လိုချင်တဲ့အရောင် ထည့်ပြီးခါမှ ဖြည်လိုက်လို့ရှိရင် အပွင့်ပုံစံလေးတွေ ပေါ်လာတယ်။ အဲတော့မှ အလယ်လိုင်းလေးတွေမှာ အရောင်လိုချင်တယ်ဆိုလို့ရှိရင် မီးဖိုလေးသေးသေးလေးတွေနဲ့လုပ်ပြီး ဆေးဖျော်ပြီး လက်နဲ့ လုပ်ရတာပေါ့။ အဲလို အဆင့်ဆင့်လုပ်ပြီးတော့မှ ရက်ကန်းစင်ကို ဆိုးပြီးသား အပွင့်ဖော်ပြီးသား ချည်လေးတွေကို ပတ်ရသေးတယ်။ လိမ်းတုံးသွင်းပြီးတော့မှ ရက်ကန်းစင်ပေါ်ကို အဲလိမ်းတုံးကြီးတင်ပြီးတော့မှ စရက်တော့တာ။ ရက်ပြီးသွားရင် အပွင့်ဖော်တဲ့အပေါ်မှာ မူတည်ပြီးတော့ အရောင်စုံထွက်လာတာ။ အရင်တုန်းကဆို လက်ရက်ကန်းဆို အထည်ထွက်တာနည်းတယ်။ အခုခေတ်မှာ စက်ရက်ကန်းတွေပေါ်လာတော့ အထည်အရေအတွက် များများထွက်ပါတယ်။ အရည်အသွေးပိုင်းကလည်း ပိုပြီးကောင်းလာတယ်။ လက်ရက်ကန်းတွေတုန်းကတော့ ချည်ကျုံ့တာတော့၊ ချည်ဆိုးရတဲ့နေရာတွေမှာ အဆင်မပြေတာတွေ အများကြီးရှိတယ်။ ဝတ်လိုက်လို့ရှိရင်လည်း ကျုံ့သွားတာတို့၊ ဆေးရောင် ကျွတ်တာတို့ရှိတယ်။ စက်ရက်ကန်းတွေကျတော့ ဆေး အရောင်မကျွတ်တာ၊ ရေလျှော်ရင် မကျုံ့တာတွေ အာမခံနိုင်တယ်။ နည်းနည်းလေး အခက်အခဲဖြစ်တာက စက်ရက်ကန်းဖြစ်တဲ့ အတွက် လျှပ်စစ်မီးကတော့ အဆက်မပြတ်လိုတာပေါ့။ ပွင့်လင်းရာသီလိုမျိုး မီးအချိန်ကြာကြာ ပြတ်တဲ့အခါမျိုးကျရင်တော့ ဖောက်သည်တွေ လိုချင်တဲ့ အထည်အရေအတွက် အတိုင်းအတာအထိ မပေးနိုင်ဘူး။ အဲလိုမျိုးလေးတွေရှိပါတယ်။



**ရိုးရာရက်ကန်းအထည်တွေအတွက် ကုန်ကြမ်းရရှိမှု အခြေအနေလည်း ပြောပြပေးပါဦး။**

ကုန်ကြမ်းက အရင်တုန်းကတော့ ဒီကိုယ့်နိုင်ငံကထုတ်တဲ့ ဝါချည်တို့ ဘာတို့တော့ရှိတာပေါ့။ အခုကတော့ အဲဒါတွေကလည်း အခက်အခဲတွေ အမျိုးမျိုးရှိတဲ့အတွက် အိန္ဒိယနိုင်ငံကလာတဲ့ ကုန်ကြမ်းတွေကို သုံးရပါတယ်။ ကိုယ့်ပြည်တွင်းရကနေ ကုန်ကြမ်းရမယ်။ ချည်တွေဘာတွေ အရည်အသွေးမီတယ်။ ပံ့ပိုးပေးမယ်ဆိုရင် အဆင်ပြေတာပေါ့။ ဒါပေမယ့် တင်သွင်းတဲ့ အခြေခံချည်တွေက ပြည်ပကတင်သွင်းတာဖြစ်တဲ့အတွက် ဈေးလေးတွေ ကွာသွားတာပေါ့။ သုံးရတဲ့ ကုန်ကြမ်းဈေးတွေကွာတာပေါ့။ အဓိကတော့ မိရိုးဖလာလည်း လုပ်လာတဲ့အတွက် လုပ်ငန်းတစ်ခု တိုးချဲ့ဖို့ ဒီထက်ပိုပြီး ကောင်းအောင်လုပ်မယ်။ ဖောက်သည်တွေအတွက် လိုအပ်သလောက် ထုတ်လုပ်ပေးနိုင်မယ်ဆိုရင်တော့ ဒီစက်တွေ ရက်ကန်းစင်တွေတိုးဖို့ ငွေကြေးအရင်းအနှီးတွေ လိုအပ်ပါတယ်။ နည်းပညာအရဆိုရင်တော့ မိရိုးဖလားအတိုင်း လက်တွေနဲ့ အရောင်ဆိုးတယ်။ ဒယ်အိုးတွေနဲ့ ဆိုးတယ်။ လှမ်းရတယ်။ အခုလိုမျိုး မိုးရာသီဆို ခြောက်ဖို့ ခက်ခဲတယ်။ အဲဒီအတွက် နည်းပညာပိုင်းမှာဆိုရင် ဆိုးတဲ့စက်တွေ လိုအပ်ပါတယ်။ အဲလိုမျိုးဖြစ်လာရင်တော့ ပေါင်းခံတာ၊ အခြောက်ခံတာ တစ်ဆင့်ချင်း အဆင်ပြေသွားမှာ ဖြစ်ပါတယ်။ အဲလိုမျိုးတွေဖြစ်ရင် ပိုကောင်းပါတယ်။ ရက်ကန်းပဲလုပ်တဲ့လုပ်ငန်းဆိုရင် အခုလိုမိုးတွင်းရာသီ အရောင်းပါးတယ်ဆို ဘယ်လိုပဲ အရောင်း

## တိပ္ပ

ပါးပါး အလုပ်သမားတွေရဲ့ စားဝတ်နေရေးအတွက် ဖြေရှင်းပေးရတာပေါ့။ မိုးတွင်းကာလမှာတော့ ကိုယ်ဆီကထွက်တဲ့ ချည်ထည်ပစ္စည်းလေးတွေရော အလုပ်သမားတွေလာပြီး သွင်းတဲ့ပစ္စည်းလေးတွေရော ဒိုင်ခံဝယ်ထားရတယ်။

**အခုလိုမျိုး အသေးစား၊ အလတ်စား လုပ်ငန်းတစ်ရပ်အနေနဲ့ ကြုံတွေ့ရတဲ့ အခက်အခဲတွေရှိရင် သိပါရစေ။**

အဓိကတော့ ရက်ကန်းလုပ်ငန်းအတွက် စက်ပစ္စည်းတွေ လိုအပ်ပါတယ်။ ရက်ကန်းစင်တွေ ထပ်ပြီးတိုးချဲ့ပေးဖို့ လိုအပ်ပါတယ်။ ဖြစ်နိုင်မယ်ဆိုရင် အရောင်ဆိုးဆေးတွေ လိုအပ်ပါတယ်။ နောက်ပြီးတော့ လျှပ်စစ်မီး ပြတ်တောက်တယ်ဆိုရင် လျှပ်စစ်မီးနဲ့လည်ပတ်ရမယ့် အင်ဂျင်ပါဝါမျိုးတွေ လိုအပ်ပါတယ်။

**မြန်မာ့ရက်ကန်းထုတ်ကုန်တွေကို ဈေးကွက်ထဲ ဖြန့်ဖြူးမှု အခြေအနေလေး ပြောပြပေးပါဦး။**

ထုတ်ကုန်လေးတွေကတော့ တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ လက်လီရော လက်ကားရော ရောင်းချလျက်ရှိပါတယ်။အခုလက်ရှိမှာလည်း မြန်မာ့ရိုးရာ ရက်ကန်းထည် ချည်ထည်လေးတွေကိုလည်းပဲ လူတွေက အရမ်းနှစ်သက်လာကြတယ်။ ကျွန်မတို့ဘက်ကလည်းပဲ အရည်အသွေးကို အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ပေးလျက်ရှိပါတယ်။ အထည်က ရေနဲ့လျှော်လိုက်ရင် ကျုံ့သွားတယ်။ ဒါမျိုးတွေလည်း မဖြစ်ရအောင် အတတ်နိုင်ဆုံး အရည်အသွေးအကောင်းဆုံးနဲ့ထုတ်လုပ်ပေးတဲ့အတွက် လက်ရှိမှာလည်း ရောင်းအားကောင်းပါတယ်။ထုတ်ကုန်တွေကိုလည်း ပြည်ပရောက်နေတဲ့ မြန်မာတွေကနေပြီး လှမ်းမှာယူတာတွေရှိပါတယ်။ ထိုင်း၊ စင်ကာပူတို့ မလေးရှားရောက်နေတဲ့သူတွေကလည်း ပို့ပေးပါလို့ မှာတာမျိုးတွေရှိတဲ့အတွက် ပို့ပေးရတာတွေရှိပါတယ်။

**ဖြည့်စွက်ပြောချင်တာများရှိပါသလား။**

ဒီထုတ်ကုန်လေးတွေကို ကိုယ့်နိုင်ငံသာမက ပြည်ပထိပါ လွယ်လွယ်ကူကူ တင်ပို့နိုင်အောင် လုပ်ဆောင်သွားချင်ပါတယ်။ အခက်အခဲတွေအနေနဲ့လည်း စက်ပစ္စည်းတွေ ငွေရေးကြေးရေးတွေ လိုအပ်တယ်။ စက်ရက်ကန်းဖြစ်တဲ့အတွက် လျှပ်စစ်မီးရရှိဖို့အတွက် လိုအပ်နေတာလေးတွေကိုပံ့ပိုးပေးနိုင်ရင်တော့ အကောင်းဆုံးဖြစ်ပါတယ်လို့ ပြောလိုပါတယ်။






*(ယခင်တစ်ပတ်မှအဆက်)*

### မြေပဲမျိုးစေ့ချခြင်းနှင့် စိုက်ပျိုးခြင်း

မစိုက်ပျိုးမီ မျိုးစေ့ကို tetramethylenedisulphotetramine (TMDT) သို့မဟုတ် မျိုးစေ့လူးနယ်ဆေးများဖြင့် အညွှန်းပါရှိသည့်အတိုင်း ညွှန်ကြားချက်များကိုလိုက်နာရန် လိုအပ်ပြီး မျိုးစေ့ အာလူးနယ်ဆေးအသုံးပြုခြင်းဖြင့် မှိုတက်ခြင်း၊ ပိုးမွှားကျရောက်ခြင်းနှင့် ပုပ်သိုးမသွားစေရန် မျိုးစေ့လူးနယ်ဆေးကိုအသုံးပြုရန် လိုအပ်ပါသည်။ အစေ့ကိုစိုစွတ်သော မြေတွင် စိုက်ပါက အပင်ပေါက်မြန်စေပါသည်။ မြေပဲပင်များသည် ၁၂ လက်မမှ ၁၈လက်မအထိမြင့်ပြီး သုံးပေအထိပေါက်တတ်သောကြောင့် အတန်းတစ်တန်းကို အနည်းဆုံး၃၆လက်မအကွာတွင်ထားရန် အကောင်းဆုံးဖြစ်သည်။ မြေပဲစေ့များ စိုက်ပျိုးရန် မြေဆီလွှာ ပူနွေးလာသည်အထိ အမြဲစောင့်ပါ။ အစေ့များကို ၂လက်မ အနက် ၄-၆ လက်မ အကွာတွင် စိုက်ပါ။ မစိုက်ပျိုးမီ အစေ့များကို ရေထဲတွင် တစ်ညစိမ်ထားခြင်းဖြင့် ကြီးထွားမှုနှုန်း မြန်ဆန်စေပါသည်။

စိုက်ပျိုးပြီး တစ်ပတ်အတွင်း မြေပဲပျိုးပင်များ ပေါက်ထွက်ပြီး တစ်လခန့် ဖြည်းညှင်းစွာကြီးထွားလာမည်ဖြစ်သည်။ ဥပမာအားဖြင့် မြေဆီလွှာ၏အထက်တွင် အရွက်လေးရွက်ကို မြင်ရသောအခါ အပင်၏အောက်တွင်၁၂လက်မ ရှည်သော အမြစ်များပါသော အမြစ်များရှိသည်။(၃၈-၄၅)ရက်အကြာတွင် အပင်မှပန်းများ စတင်ပွင့်လာမည်။

မြေပဲတန်းကြားနှင့် ပင်ကြားတွင်ရှိသော ပေါင်းမြက်ပင်များ၏ ပြိုင်ဆိုင်မှုကိုလျှော့ချရန်အတွက် ပေါင်း မပေါ် ပေါက်မီ ပေါင်းသတ်ဆေး၊ ကြားထွန်၊ ပေါက်ပြား သို့မဟုတ် လက်ဖြင့် ပေါင်းရှင်းပေးရန် တတ်နိုင်သမျှ မကြာခဏ ရှင်းပေးရန် လိုအပ်သည်။ မြေပဲပင်ကို ထိခိုက်ဒဏ်ရာရစေပြီး အထွက်နှုန်းကိုထိခိုက်စေသောကြောင့် မြေပဲပင်နှင့် အလွန် နီးကပ်စွာ မကပ်မိစေရန် သတိထားရပါမည်။ မြေပဲသည် ပူပြင်းသောနေဒဏ်ကို ခံနိုင်ရည်မရှိသော်လည်း အပင်များကို တစ်ပတ်လျှင်တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ် ရေသွင်း၊ ရေလောင်းပေးရန် လိုအပ်ပါသည်။ အစေ့အဆန်များ မြေမျက်နှာပြင်အနီးတွင် ကြီးထွားလာသောအခါ စိုက်ပျိုးပြီး ရက်ပေါင်း (၅၀ မှ ၁၀၀) အတွင်း ရေလောင်းရန် အရေးကြီးသောကာလဖြစ်သည်။အပင်များ ရင့်ကျက်ခါနီးတွင် မြေဆီလွှာကို ခြောက်သွေ့စေဖို့ လိုအပ်ပါသည်။ အလွန်စိုစွတ်သောမြေသည် ရင့်ကျက်သောမြေပဲများကို ပတ်ပတ်လည်တွင် အညှောက်ပေါက်စေရန် အားပေးသည်။

### မြေပြုပြင်ခြင်းနှင့်မြေဩဇာထည့်သွင်းခြင်း

မြေပဲအများစုဟာ နိုက်ထရိုဂျင်ကို ပြုပြင်ပေးတဲ့အတွက် ဓာတ်မြေဩဇာ များများစားစား မလိုအပ်သော်လည်း ဘိုရွန်၊ ဇင့်နဲ့ တခြားအာဟာရဓာတ် အနည်းငယ်ပါရှိသည့် ကယ်လ်စီယမ်တွေ ကြွယ်ဝစွာ လိုအပ်ပါသည်။ မစိုက်ပျိုးမီ မြေပြင်ချိန်တွင် တစ်ဧက ယူရီးယား ၂၈ ပေါင်၊ စူပါဖော့စဖိတ် ၁၁၂ ပေါင်နှင့် ပိုတက်စီယမ် ၂၈ ပေါင် ထည့်ရန် လိုအပ်သည်။ မြေဆွေး သို့မဟုတ် ဆွေးမြည့်နေသော မြေဩဇာများကို ထည့်သွင်းပေးရန်လည်း လိုအပ်သည်။ ကယ်လ်စီယမ် ထပ်ဖြည့်ရန်အတွက် မြေဆီလွှာကို ဂျစ်ပဆမ်၊ ကျောက်မှုန့်များ ထပ်မံလိုအပ်ပြီး အချဉ်ဓာတ်များသောမြေများတွင် မြေပဲကို စိုက်ပျိုးရန်အတွက် ထုံးသည် မရှိမဖြစ်လို အပ်ပါသည်။ လယ်မထွန်မီ တစ်ဧက နွားချေး၊ ကြက်ချေး(သို့)သဘာဝမြေဆွေးလှည်း(၅-၁၀)ထည့်ရန် လိုအပ်ပါသည်။ မြေဆီလွှာထက်သန်ရန်အတွက် ထွန်ယက်ခြင်း၊ ပေါင်းမြက်များ ဖယ်ရှားခြင်းနှင့်သီးနှံများ အကြွင်းကျန်မရှိစေဘဲ ဖယ်ရှားပေးရန် လိုအပ်ပါသည်။

ဓာတုမြေဩဇာ ၂၀ ကီလိုဂရမ်၊ (N2-40) ကီလိုဂရမ်၊ (P2O5) နှင့် (K2-40) ကီလိုဂရမ်၊ အော်ဂဲနစ်မြေဩဇာများ ထည့်သွင်းပေးရန် လိုအပ်သည်။Phosphat(P)အရင်းအမြစ်အနေဖြင့် တစ်ခုတည်းသော superphosphate သည် မြေပဲများအတွက် အသင့်တော်ဆုံးဖြစ်ပြီး Sulphur(S)လည်း ပါဝင်သောကြောင့် ၎င်းတွင် တစ်စိတ်တစ်ပိုင်း ပျော်ဝင်နိုင်သည်။ နိုက်ထရိုဂျင်ဓာတ်မြေဩဇာများထဲတွင် ဆာလဖာပါဝင်မှု (၂၄%) ကြောင့် မြေပဲသီးနှံအတွက် ammonium sulfate ကို ဦးစားပေးသည်။ အစေ့သည် ဓာတ်မြေဩဇာနှင့် မထိတွေ့သင့်ပါ။ ဖော့စဖရပ်စ်ကို ဆာလဖာလိုအပ်ချက်နှင့် ကိုက်ညီသည့် တစ်ခုတည်းသော စူပါဖော့စဖိတ်ပုံစံဖြင့် အသုံးပြုသင့်သည်။ အပင်ပေါက်ပြီး ၄၅ ရက်အကြာတွင် ဂျစ်ပဆမ်မြေဩဇာ တစ်ဧကလျှင် ပေါင်(၂၀၀ မှ ၂၅၀)အထိ မြေကြီးပေါ်တွင် သုံးစင်တီမီတာအတွင်းထည့်ပါ။ ရွက်ဖျန်းမြေဩဇာကို အနည်းဆုံး(၃-၅)ကြိမ် ဖျန်းပေးသင့်သည်။gynophore အတွင်းရှိ ထပူနာ(အစာကြော)များ ကျဉ်းမြောင်းမှုကြောင့် အသီးအပွင့် အစိတ်အပိုင်းများမှ gynophore မှတစ်ဆင့် အစေ့များဆီသို့ ကယ်လစီယမ်၏ရွေ့လျားမှုကို ကန့်သတ်ထားသောကြောင့် ဖွံ့ဖြိုးဆဲအစေ့များထံ ကယ်လစီယမ်ကို လွတ်လွတ်လပ်လပ်ထောက်ပံ့ပေးနိုင်သောကြောင့် လိုအပ်သည်။ ၎င်းသည် အစေ့အဆန်များနှင့် အစေ့များဖြည့်သွင်းမှု အရေအတွက်ကို တိုးတက်စေမည်ဖြစ်သည်။ ကယ်လ်စီယမ် ၂၂ဒသမ ၃ရာခိုင်နှုန်းအပြင် gypsumသည် မြေဆီလွှာသို့ ဆာလဖာ ၁၈ ဒသမ ၆ ရာခိုင်နှုန်း ကို ထောက်ပံ့ပေးသည်။ Urea နှင့် DAP ကဲ့သို့သော မြင့်မားသောခွဲခြမ်းစိတ်ဖြာသော ဓာတ်မြေဩဇာများဖြင့် မြေပဲကို စဉ်ဆက်မပြတ် စုပ်ယူသည့်အခါ ဆာလဖာ ချို့တဲ့မှု ဖြစ်နိုင်ခြေရှိသည်။

### မြေပဲပင်များကို ပြုစုစောင့်ရှောက်ခြင်း

မြေပဲသည် ပဲပင် သို့မဟုတ် ပဲမျိုးနွယ်ဝင် အပင်တစ်မျိုးဖြစ်ပြီး ၎င်း၏အစေ့များသည် အစေ့အဆန်များဖြစ်သည်။ မြေပဲပင်များသည် အမြင့် တစ်ပေကျော်သာပေါက်ပြီး သုံးပေခန့် ပြန့်ပွားသည်။ မြေပဲပင်များသည် (Self-Polination) မိမိဘာသာဝတ်မှုန်ကူးကြပြီး အဓိပ္ပာယ်မှာ (Male and Female) Flowers အထီးပွင့်နှင့် အမအပွင့်များသည် တူညီသောအပင်ပေါ်တွင် ပေါ်နေပါသည်။ ပန်းပွင့်များ ကြွေသွားသည်နှင့် တစ်လက်မခန့်နက်သော မြေကြီးထဲသို့ ပေါက်ရောက်ပြီး အခွံမာသီးများ သို့မဟုတ် အစေ့များပါရှိသော အစေ့များအဖြစ်သို့ ပေါက်သွားပါသည်။

ပန်းပွင့်များ ကြွေသွားသည်နှင့် တစ်လက်မခန့် နက်သော မြေကြီးထဲသို့ ပေါက်ရောက်ပြီး မျိုးဥများသည် ဖောရောင်လာကာ မြေကြီးဆီသို့ စတင်ကြီးထွားလာပြီး မြေကြီးထဲသို့ တွန်းထုတ်သွားကြသည်။ အခွံမာသီးများ သို့မဟုတ် အစေ့များပါရှိသော အစေ့များအဖြစ်သို့ ရောက်ရှိသွားပါသည်။

အပင်များ ခြောက်လက်မမြင့်သောအခါ ဇွယ်(peg)များ အလွယ်တကူ စိမ့်ဝင်နိုင်စေရန် မြေဆီလွှာကို ပျော့ပျောင်းအောင် ထွန်ယက်ထားရန် လိုအပ်ပါသည်။ သေးငယ်သော အဝါရောင် ပဲစေ့ကဲ့သို့ အပွင့်များသည် ပင်စည်၏အောက်ပိုင်းတစ်လျှောက်တွင် ကြီးထွားလာမည်ဖြစ်သည်။

မြေပဲများသည် ပူနွေးသော၊ အပူပိုင်းဒေသ ရာသီဥတုနှင့် သဲ၊ ရေစိမ့်ဝင်နိုင်သော မြေဆီလွှာ များတွင် ရှင်သန်ကြပြီး အပင်၏အစေ့များဖြစ်သည့် အခွံခွာထားသော မြေပဲစိမ်းကို မတ်လ သို့မဟုတ် ဧပြီလတွင် မြေဆီလွှာအပူချိန် ၆၅ °F ဝန်းကျင်သို့ရောက်ရှိသောအခါ နောက်ဆုံးနှင်းပြီးနောက် စိုက်ပျိုးသည်။ ရိတ်သိမ်းချိန်သည် စိုက်ပျိုးပြီး ရက်ပေါင်း ၁၂၀ မှ ၁၆၀အတွင်း စက်တင်ဘာ သို့မဟုတ် အောက်တိုဘာလတွင် ရိတ်သိမ်းသည်။

Runner မြေပဲများသည် လူကြိုက်များပြီး Runner မြေပဲ ထက်ဝက်ကျော်သည် မြေပဲထောပတ် ပြုလုပ်လေ့ရှိပြီး ကျန်တစ်ဝက်ကျော်သည် မြန်မာနိုင်ငံအတွင်းရှိ အစားအစာဈေးကွက်၏ ၇၀ ရာခိုင်နှုန်းအတွက်ဖြစ်ပြီး ကျန်အချို့ကို သကြားလုံးအဖြစ် သို့မဟုတ် သရေစာအခွံမာသီးများအဖြစ် ရောင်းချကြသည်။ ဆီပါဝင်မှု မြင့်မားသော စပိန်မြေပဲသည် သေးငယ်ပြီး အဝိုင်းရှိသော အမျိုးအစားဖြစ်ပြီး သကြားလုံးများ၊ မြေပဲထောပတ်နှင့်မြေပဲဆီတို့ကိုပြုလုပ်ရန် အသုံးပြုကြပြီး သရေစာ အခွံမာသီးများအဖြစ် ရောင်းချကြသည်။

Valencia မြေပဲများသည် အနီရောင်တောက်တောက် အရေပြားရှိပြီး အခွံတစ်ခုလျှင် အခွံမာသီး (၃-၄) စေ့အထိရှိပြီး ချိုမြိန်တဲ့အရသာရှိသောကြောင့် မြေပဲပြုတ်အတွက် အသုံးပြုမှုများသည်ကို တွေ့ရပါသည်။ ဗာဂျီးနီးယားမြေပဲများသည် မျိုးကွဲအားလုံး၏ အကြီးဆုံး မြေပဲစေ့များပါရှိပြီး သရေစာ အခွံမာသီးဖြစ်သည်။

## ရန်ကုန်မြို့ သီရိမင်္ဂလာဈေးရှိ သစ်သီးဝလံဈေးနှုန်း လအလိုက် နှိုင်းယှဉ်ဖော်ပြချက်

ရန်ကုန်မြို့ သီရိမင်္ဂလာဈေးကြီးသို့ သစ်သီးဝင်ရောက်မှုမှာ စက်တင်ဘာ ၈ ရက်တွင် ဖရဲသီး၊ ကွဲကောသီး၊ သရက်သီး၊ သဘော်သီး၊ နာနတ်သီးများ ကုန်ပိဿာချိန် ၄၅၀၀၀ ခန့်စီနှင့် ဒူးရင်းသီး ဝင်ရောက်မှု ပိဿာချိန် ၄၃၀၀၀ ခန့်ရှိကြောင်း သိရသည်။

သီရိမင်္ဂလာဈေးသို့ အနယ်နယ်အရပ်ရပ်မှ သစ်သီးဝလံများ နေ့စဉ် ဝင်ရောက်လျက်ရှိရာ အများဆုံးဝင်ရောက်သည့် ဒေသအလိုက် ကုန်စည်များမှာ မန္တလေး၊ ကျောက်ဆည်၊ မိတ္ထီလာမှ ဖရဲသီး၊ မှော်ဘီ၊ တိုက်ကြီး၊ မော်လမြိုင်မှ ကျွဲကော်သီး၊ အောင်ပန်း၊ တောင်ကြီး၊ ထားဝယ်၊ မူဆယ်၊ ညောင်လေးပင်၊ ပြင်ဦးလွင်မှ သရက်သီး၊ မန္တလေး၊ ရွှေတောင်၊ ကျုံပျော်မှ သဘော်သီး၊ မူဆယ်၊ လားရှိုး၊ သီပေါ၊ ထားဝယ်မှ နာနတ်သီး၊ မော်လမြိုင်၊ ရေး၊ ပဲခူးမှ ဒူးရင်းသီးများ အများဆုံး ဝင်ရောက်ကြောင်း သိရသည်။ ထိုပစ္စည်းများကို မြန်မာနိုင်ငံ အနှံ့အပြားသို့ ကုန်ဖလှယ်သည့်စနစ်ဖြင့် ပြန်လည်တင်ပို့ ရောင်းချကြောင်း ရန်ကုန်သီရိမင်္ဂလာဈေးမှ စုံစမ်းသိရှိရသည်။

CJ

| စဉ် | သစ်သီးအမျိုးအမည် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ |
|---|---|---|---|---|---|---|---|
| ၁ | ဖရဲသီး | ၃၀၀၀-၁၀၀၀၀ | ၃၀၀၀-၁၂၀၀၀ | ၃၀၀၀-၁၂၀၀၀ | ၃၀၀၀-၇၀၀၀ | ၃၅၀၀-၇၀၀၀ | ၂၀၀၀-၆၀၀၀ |
| ၂ | ကွဲကောသီး | ၁၅၀၀-၃၅၀၀ | ၁၅၀၀-၃၀၀၀ | ၁၅၀၀-၃၀၀၀ | ၁၀၀၀-၂၀၀၀ | ၁၅၀၀-၂၅၀၀ | ၁၂၀၀-၂၀၀၀ |
| ၃ | ထောပတ်သီး | ၈၀၀-၁၀၀၀ | ၅၀၀-၁၂၅၀၀ | – | – | – | – |
| ၄ | ပျားလိမ္မော်သီး(ပိဿာ) | ၅၀၀၀-၆၀၀၀ | ၆၀၀၀-၈၀၀၀ | ၅၀၀၀-၈၀၀၀ | – | – | – |
| ၅ | သရက်သီး | ၃၀၀-၂၀၀၀ | ၃၀၀-၁၈၀၀ | ၂၀၀-၂၀၀၀ | ၂၀၀-၁၂၀၀ | ၂၀၀-၁၃၀၀ | ၂၀၀-၁၅၀၀ |
| ၆ | သဘော်သီး | ၅၀၀-၁၅၀၀ | ၅၀၀-၁၅၀၀ | ၁၀၀၀-၂၅၀၀ | ၁၅၀၀-၅၀၀၀ | ၁၀၀၀-၅၀၀၀ | ၁၅၀၀-၅၀၀၀ |
| ၇ | နာနတ်သီး | ၅၀၀-၁၀၀၀ | ၅၀၀-၁၀၀၀ | ၅၀၀-၁၀၀၀ | ၅၀၀-၈၀၀ | ၅၀၀-၁၃၀၀ | ၅၀၀-၈၀၀ |
| ၈ | ဒူးရင်းသီး | – | – | ၃၀၀၀-၅၀၀၀ | ၃၀၀၀-၁၀၀၀၀ | ၇၀၀၀-၁၅၀၀၀ | ၅၀၀၀-၂၀၀၀၀ |



# မော်လမြိုင်မှ အောင်မြင်နေသည့် အထည်ချုပ်လုပ်ငန်း သို့မဟုတ် အသေးစားလုပ်ငန်း

ခင်ကြည်(မွန်ပြည်နယ်)

မွန်ပြည်နယ်၊မော်လမြိုင်မြို့အတွင်းစက်ချုပ်ပညာဖြင့် အသေးစား အထည်ချုပ်လုပ်ငန်းကို မိမိတို့အိမ်၌အလုပ်ရုံသဖွယ် စီမံဆောင်ရွက်လျက် စီးပွားရေးလုပ်ငန်း အထည်ချုပ်လုပ်ငန်းများရှိသည်။ ထိုအထည်ချုပ်လုပ်ငန်းကို အမျိုးသမီးများက ဦးဆောင်၍ လုပ်သားများ ခန့်အပ်ပြီး လုပ်ကိုင်နေသူများဖြစ်ကြသည်။ မွန်ပြည်နယ် မော်လမြိုင်မြို့၊ ဇေယျာသီရိရပ်ကွက်၊ ရွှေမြိုင်သီရိရပ်ကွက်၊ လှိုင်ရပ်ကွက်တို့တွင် အထည်ချုပ်လုပ်ငန်းခုနစ်ခုရှိသည်။ စက်ချုပ်ပညာသည် လူတို့အတွက် အလှအပဆင်မြန်းခြင်း၊ ခေတ်နှင့်အညီ ဖန်တီးဆန်းသစ်ခြင်း၊ မြန်မာအမျိုးသမီးများဘဝ၏ အသက်မွေးဝမ်းကျောင်းအတွက် လွန်စွာကောင်းမွန်သည့် အတတ်ပညာရပ်တစ်ခုဖြစ်သည်။ ယခင်က စက်ချုပ်ပညာရပ်ကို ဝါသနာပါသူများ၊ အိမ်ထောင်ရှင်အမျိုးသမီးများ တစ်ဖက်တစ်လမ်းမှ အိမ်တွင်းကုန်ကျစရိတ် သက်သာစေလိုကြောင်း လေ့လာဆည်းပူးကြသည့် အတတ်ပညာရပ်တစ်ခုဖြစ်ပါသည်။ ယနေ့ခေတ်တွင် စက်ချုပ်ပညာဖြင့် စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်လာသူပိုမိုများလာသည်ကို တွေ့ရှိရသည်။ ထိုကဲ့သို့ မြန်မာအမျိုးသမီးများအနေဖြင့် မိမိတို့အိမ်တွင် မိသားစုနှင့်အတူတကွ တစ်ဖက်တစ်လမ်းမှ ဝင်ငွေတိုးပွားစေရေး၊ မိသားစုစားဝတ်နေရေးဖူလုံရေးတို့အတွက်ရရှိရန် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သော အထည်ချုပ်လုပ်ငန်းကိုဦးစီး၍ အသေးစားစီးပွားရေးလုပ်ငန်းများကို တွင်ကျယ်စွာ လုပ်ကိုင်ခြင်းဖြစ်သည်။

## ukdfurfypöüf0 , f, Jcif

မော်လမြိုင်မြို့အထည်ချုပ်အသေးစားလုပ်ငန်း၌ လိုအပ်သည့် ကုန်ကြမ်းပိတ်စကို ယိုးဒယား မဲဆောက်မြို့၊ မြဝတီမြို့နှင့် ရန်ကုန်မြို့ ဘက်ခြမ်းမှ ဝင်ရောက်သော ပိတ်သား (စပန့်၊ ကော်တွန်၊ ပါထိုင်း) တို့ကို အသုံးပြုသည်။ ကီလိုဂရမ်ချိန် ဈေးနှုန်းဖြင့်လည်းကောင်း၊ ဈေးနှုန်းအားဖြင့် တစ်တောင်စမှ သုံးတောင်စပိတ်ဖြတ် တစ်ကီလိုကို ကျပ် ၄၅၀၀ မှ ၆၅၀၀ အတွင်းရှိပြီး တစ်ကိုက်စမှ ၄ကိုက်စပိတ်ဖြတ် တစ်ကီလိုကို ၇၀၀၀ ကျပ်မှ ၈၅၀၀ ကျပ်အတွင်း၊ နှစ်ကိုက်စမှ ကိုက်ရှည် ၂၀ပိတ်စ တစ်ကီလိုကို ကျပ် ၁၀၀၀၀ မှ ၁၄၀၀၀ အတွင်း အပွင့်အဆင်၊ကာတွန်းရုပ်အဆင်များဖြင့်ဈေးနှုန်းကွာခြားမှုရှိသည်။ ကိုက်ဖြတ်ဝယ်ယူလျှင် ဈေးနှုန်းအားဖြင့် ပိတ်စအဆင် ကာလာစုံ၊ ဒီဇိုင်းစုံ ရွေးချယ်ဝယ်ယူ၍ရသည် တစ်ကိုက်ကို ၂၅၀၀မှ ၃၀၀၀ကျပ်အတွင်း ပိတ်စအမျိုးအစားအပေါ် မူတည်၍ ဈေးနှုန်းကွာခြားချက်ရှိပါသည်။ ထိုပိတ်စများကို ဝယ်ယူ၍ အထည်ချုပ်လုပ်ငန်း၏ ကုန်ကြမ်းအဖြစ် အသုံးပြုခြင်းဖြစ်သည်။

## vkdfefv nfywfESifhvkdo ;c&&Si G

လုပ်သားများသည် နံနက် ၇နာရီမှ ညနေ၅ နာရီအထိ အလုပ်ချိန်ကို သတ်မှတ်၍လုပ်ကိုင်ကြသည်။ ချုပ်သည့်အထည်ပေါ် မူတည်၍ ချုပ်ထည်အမျိုးအမည်များမှာ အမျိုးသမီးဝတ်အကျႌနှင့် ဘောင်းဘီရှည် (ဝမ်းဆက်)၊ အကျႌနှင့်ဘောင်းဘီတို (ဝမ်းဆက်)၊ ဂါဝန်ရှည်၊ ခေါင်းစွပ်လက်တိုအကျႌ၊ခေါင်းစွပ်လက်ပြတ်အကျႌ၊ ကလေး ကျား/မ ဝတ် ဝမ်းဆက်စုံ၊ အမျိုးသားဝတ် ဂျိုင်းပြတ်စွပ်ကျယ်၊ အမျိုးသားဝတ် ဘောင်းဘီတို(ပိုးကြိုးပါ)အထည်များ ချုပ်လုပ်သည်။ ဒီဇိုင်းဆွဲ ပိတ်ညှပ်သူများအနေဖြင့် ပိတ်စကို သေချာစနစ်တကျထားပြီးမှ ကတ်သလောက်(အကျႌပုံစံ)ကို ထပ်တူညှပ်ရသည်။ အထည်တစ်ခုလုံးတွင် ပါဝင်မည့် လိုအပ်ပစ္စည်းများကို သေချာစွာ ပြုလုပ်ပေးရသည်။ အထည်ချုပ်သည့်လုပ်ငန်းတွင် အထည်ညှပ်သူများသည် ဝင်ငွေအများဆုံးရသူဖြစ်သည်။ အထည်အရေအတွက်အပေါ် မူတည်၍ ရရှိသဖြင့် တစ်နေ့ကို လုပ်သားခရငွေကျပ် ၆၀၀၀ မှ ၁၀၀၀၀ အထိ ရရှိသည်။ ၎င်းမှတစ်ဆင့် ချုပ်လုပ်သူထံသို့ရောက်ရှိပြီး ရိုးရိုးအပ်ချုပ်စက်ဖြင့်သော်လည်းကောင်း၊မော်တာအပ်ချုပ်စက်ဖြင့်လည်းကောင်း အသုံးပြု၍ အထည်ချုပ်ကြသည်။ ချုပ်ရိုးချုပ်သား ခိုင်ခံ့မှု၊ သပ်ရပ်မှု၊ အပ်ချည်မကျော်စေရန် အထည်ချုပ်ရသည် အထည်အရေအတွက်ပေါ် မူတည်၍ အထည်ချုပ်သူ လုပ်အားခမှာ တစ်နေ့တာ လုပ်အားခရငွေ ကျပ်၄၀၀၀မှ၈၀၀၀အတွင်းရရှိသည်။ထိုမှချုပ်ပြီးသား အထည်ကို မီးပူတိုက်၍ အချောသပ် အိတ်သွတ်ရသည်။ ၎င်းပြုလုပ်သူ လုပ်အားခ တစ်နေ့တာရငွေ ကျပ် ၄၀၀၀ နှင့် ၇၀၀၀ အတွင်းရရှိသည်။ အထည်ချုပ်လုပ်ငန်းတွင် အလုပ်လုပ်ကြသူအားလုံးသည် အမျိုးသမီးများဖြစ်ကြသည်။ လုပ်သားများအနေဖြင့် လုပ်ကိုင်မှုကွဲပြား၍ ရရှိသည့်ဝင်ငွေလည်း ကွဲပြားမှုရှိသည်။

## t x npfESifh;Eef t ajc t ae

ချုပ်ထည်အမျိုးအမည်များနှင့်ဈေးနှုန်းအခြေအနေမှာ အမျိုးသမီးဝတ် စပန့်ပိတ်သား အကျႌနှင့်ဘောင်းဘီရှည် (ဝမ်းဆက်) ဆိုဒ်စုံကို ကျပ်၆၀၀၀ မှ ၆၅၀၀ ဆိုဒ်စုံ၊ စပန့်ပိတ်သားအကျႌနှင့်ဘောင်းဘီတို (ဝမ်းဆက်)ဆိုဒ်စုံကို ကျပ် ၄၅၀၀မှ ၄၈၀၀ အတွင်း၊ စပန့်ပိတ်သား ဂါဝန်ရှည် (ဆိုဒ်စုံ)တစ်ထည်ကို ကျပ် ၆၀၀၀ မှ ၆၅၀၀၊ ခေါင်းစွပ်လက်တိုအကျႌကျပ် ၃၅၀၀မှ ၄၀၀၀အတွင်း၊ စပန့်ပိတ်သား ခေါင်းစွပ်လက်ပြတ်အကျႌ(ဆိုဒ်စုံ) ကျပ် ၃၀၀၀၊ စပန့်ပိတ်သား ကလေး ကျား/မဝတ် ဝမ်းဆက်စုံ ကျပ် ၃၅၀၀ မှ ၄၀၀၀၊ စပန့်ပိတ်သား အမျိုးသားဝတ် ဂျိုင်းပြတ်စွပ်ကျယ် ကျပ် ၃၀၀၀၊အမျိုးသားဝတ် ပါထိုင်း ဘောင်းဘီတို(ပိုးကြိုးပါ) အထည် ကျပ် ၃၀၀၀ မှ ၄၅၀၀ အတွင်း ဆိုဒ်ကွာခြားမှုကြောင့် အနည်းငယ်ဈေးနှုန်းကွဟမှုရှိသည်။။

## ap;u Gufzefrdkq i&Gfl

အထည်ချုပ်လုပ်ငန်းဦးစီးသူမှ အထည်အမျိုးအစားခွဲ၍ သတ်မှတ်ပုံဖော်ပြီး ပိတ်ဖြတ်သူ၊ မီးပူတိုက်သူ၊ အထည်ညှပ်သူ၊ အထည်ချုပ်သူ၊ အထည်ကိုအဆင့်ဆင့်ပြုလုပ်၍ ထုပ်ပိုးပြီး နောက်ဆုံး ကုန်ချောဖြစ်သော ကုန်စည်ကို ရောင်းချသူ၊ ဖောက်သည်တို့အား ဖြန့်ဖြူးရောင်းချ၍ထိုမှတစ်ဆင့် ရပ်ကွက်မြို့နယ်ဈေးအသီးသီးတွင် ရောင်းချမှုတွေ့ရပါသည်။ ထိုပစ္စည်းများသည် မော်လမြိုင်မြို့ မြိုင်ရတနာနှစ်ထပ်ဈေး၊ အောက်ဈေး၊ မြိုင်ရတနာလေးထပ်ဈေး(အပေါ်ဈေး) ဒေါင်းမင်းရပ်ဈေး၊ ဈေးကြိုဈေး၊ သီရိမြိုင်ဈေး၊ ရွှေမြိုင်သီရိဈေး၊ အေးသာယာဈေးနှင့် ကရင်ပြည်နယ် ဘားအံမြို့ မြို့မဈေး၊ သီရိဈေး၊ အခွန်လွတ်ဈေး၊ လှိုင်းဘွဲ့မြို့၊ ကမမောင်းမြို့၊ ကြာအင်းဆိပ်ကြီးမြို့၊ ကော့ကရိတ်မြို့၊ ကမမောင်းမြို့နယ် အသီးသီးသို့ ဖြန့်ချိရောင်းချကြသည်။

## t x nfcsKyfvkyfief;\ t usKd;tjrwf&&Sdrl

အထည်ချုပ်ရုံတစ်ခုတွင် လုပ်သားလေးဦးနှင့်သော်လည်းကောင်းလုပ်ကိုင်သူရှိသလို လုပ်သားငါးဦးမှ ၁၅ ဦးဖြင့် လုပ်ငန်းကို လုပ်ကိုင်သည်များရှိသည်။ ၎င်းမှ စီးပွားရေးလုပ်ငန်း အထည်ချုပ် အလုပ်ရုံတစ်ခု၏ လုပ်သား ၁၀ ဦးနှင့် လုပ်ဆောင်နေသည့် စီးပွားရေးလုပ်ငန်း အောင်မြင်သူ အထည်ချုပ်လုပ်ငန်း ကောင်းထက်တံဆိပ်ပိုင်ရှင် မသန်းစိန်အား တွေ့ဆုံ၍ မေးမြန်းခဲ့ပါသည်။ လုပ်ငန်းအတွက် ရင်းနှီးငွေ၊ လုပ်သားခပေးရငွေ၊ အထည်ရောင်းချငွေ လုပ်ငန်းလည်ပတ် ဆောင်ရွက်မှုတစ်ခုလုံး၏ အသုံးစရိတ် တစ်လတွက်ချက်မှု အပေါ် ပြန်လည်ရရှိသည့် အကျိုးအမြတ်အားဖြင့် တစ်လလျှင် ငွေကျပ် ၄၀၀၀၀၀ မှ ၇၀၀၀၀၀အတွင်း ရရှိကြောင်းနှင့်အထည်ချုပ်ရတဲ့အရေအတွက်အပေါ် မူတည်၍ ဝင်ငွေကွာခြားမှုရှိပါကြောင်း သိရသည်။ ဆောင်းလနှင့်နွေလများ၌ အထည်ချုပ်ကောင်းသောလများဖြစ်ရှိသလို မိုးရာသီတွင် အနည်းငယ် လျော့နည်းမှုလည်းရှိကြောင်း၊ စက်ချုပ်ပညာကို လေ့လာဆည်းပူးသူများလည်းရှိလာကြောင်း၊ စက်ချုပ်ပညာမတတ်သေးသည့် ပညာသင်များကိုလည်း အခမဲ့သင်ကြားပေးနေကြောင်း၊ စိတ်ဝင်တစား ကြိုးစားလာကြသည့်အတတ်ပညာရှင်များရှိလာကြောင်း သိရှိရသည်။

မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်အတွင်း လူကြီးလူငယ် ဝတ်ဆင်သူများကြသည့် ပြည်တွင်းချုပ်အထည်ဖြစ်၍ ဈေးကွက်အတွင်း ရောင်းချသည့် အထည်ဈေးနှုန်းသက်သာသော၊ ခိုင်ခံ့သော၊ သပ်ရပ်စွာဝတ်ဆင်နိုင်သောအထည်ဖြစ်သည်။ ထို့ကြောင့် ဒေသစီးပွားဖွံ့ဖြိုးမှုတစ်ခုဖြစ်သည်နှင့်အညီ ဒေသတွင်းပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများနှင့်ဝင်ငွေများရရှိနေသည့် အထည်ချုပ်အသေးစားလုပ်ငန်းအကြောင်း တင်ပြလိုက်ရပါသည်။

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| **မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန** (Myanmar International Trade Center)၊ | **ဖုန်း-၀၁ ၃၈၅၃၂၂** | **အီးမေးလ်**-mitcmyantrade@gmail.com |
| **အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန** | **ဖုန်း-၀၁ ၉၆၆၉၉၅၉** | **အီးမေးလ်**-mhcyangon@gmail.com |

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC)**
**စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**



# ဂျပန်ဈေးကွက်သို့ မြန်မာ့ပျားရည် ပိုမိုတိုးမြှင့်တင်ပို့နိုင်မည့် အလားအလာများစွာရှိ

ရီရီဝင်း

ဂျပန်နိုင်ငံသည် ကမ္ဘာ့တတိယအများဆုံး ပျားရည်တင်သွင်းသည့်နိုင်ငံဖြစ်ပြီး ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၆၈ ဒသမ ၈ သန်းတန်ဖိုး တင်သွင်းခဲ့သည်ကို တွေ့ရှိရပါသည်။ ဂျပန်နိုင်ငံတွင် ပျားရည်သုံးစွဲမှု၏ ၉၅ ရာခိုင်နှုန်းကို ပြည်ပမှ တင်သွင်းလျက်ရှိပြီး နှစ်စဉ် ပျမ်းမျှအားဖြင့် တန်ချိန် ၄၅၀၀၀ ကျော် တင်သွင်းလျက်ရှိသည်။

၂၀၂၂ ခုနှစ်တွင် ကမ္ဘာပေါ်၌ ပျားရည်အများဆုံးတင်သွင်းခဲ့သည့်နိုင်ငံများမှာ အမေရိကန် ၂၉% ၊ ဂျာမနီ (၁၀. ၉%)၊ ဂျပန် (၅. ၇%)၊ ပြင်သစ်(၅. ၀၉%)နှင့် ဗြိတိန် (၄. ၆၃%)တို့ဖြစ်ကြပြီး အများဆုံး တင်ပို့ခဲ့သည့်နိုင်ငံများမှာ တရုတ် (၁၀. ၅%)၊ နယူးဇီလန် (၁၀. ၁%)၊ အာဂျင်တီးနား (၈. ၇%)၊ အိန္ဒိယ(၈. ၆၅%) နှင့် ယူကရိန်း(၅. ၂%)တို့ ဖြစ်ကြသည်။ ၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့နိုင်ငံပေါင်း ၁၇၉ နိုင်ငံမှ ပျားရည်တင်ပို့ခဲ့ကြသည့်နိုင်ငံများတွင် မြန်မာနိုင်ငံက ပျား ရည် တင်ပို့ခဲ့မှုမှာ အဆင့်(၄၈)နေရာတွင်ရှိခဲ့ပြီး ကမ္ဘာ့စုစုပေါင်း တင်ပို့မှု၏ သုည ဒသမ၁၂ ရာခိုင်နှုန်းဖြစ်သဖြင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၇သန်းတန်ဖိုး တင်ပို့နိုင်ခဲ့သည်ကို တွေ့ရှိရသည်။

၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံမှ ပျားရည်အများဆုံး တင်ပို့ခဲ့သည့်နိုင်ငံများမှာ ဂျပန်၊ ထိုင်း၊ အမေရိကန်၊ တောင်ကိုရီးယား၊ စင်ကာပူနိုင်ငံနှင့် တရုတ်နိုင်ငံ(တိုင်ပေ)တို့ဖြစ်ကြပြီး မြန်မာနိုင်ငံမှ စုစုပေါင်း ပျားရည်တင်ပို့မှု၏ ၇၂ ရာခိုင်နှုန်းကို ဂျပန်နိုင်ငံကို တင်ပို့ခဲ့သည်ကို တွေ့ရှိရသည်။

ဂျပန်လူမျိုးများသည် ကျန်းမာရေးကို အထူးအလေးထားသည့် လူမျိုးများဖြစ်သည့် အားလျော်စွာ အရည်အသွေးပြည့်ဝသည့် တန်ဖိုးမြင့်သဘာဝအခြေပြုထုတ်ကုန်များကို အလေးထား သုံးစွဲလာကြကာ ပျားရည်ကို ပိုမိုအသုံးပြုလာကြသည်ကို တွေ့ရှိရသည်။ ဂျပန်နိုင်ငံတွင် ပျားရည်ကို ယိုမျိုးစုံ၊ ဂျယ်လီ၊ ပေါင်မုန့်၊ ကိတ်မုန့်၊ ပီဇာ၊ ရေခဲမုန့် စသည့် စားသောက်ကုန်များနှင့် အဖျော်ယမကာများ၊ ကျန်းမာရေးဆိုင်ရာ ထုတ်ကုန်များ၊ ဆေးဝါးများနှင့် အလှကုန်များတွင် အဓိက သုံးစွဲလေ့ရှိကြပြီး ကျန်းမာရေးကို ပိုမိုအထောက်အကူဖြစ်စေရန် အတွက် သကြားအစားထိုးအဖြစ်လည်းကောင်း၊ ပျားရည်အသုံးပြုသည့် စားသောက်ကုန်များ ပိုမိုတာရှည်ခံသည့်အတွက်လည်းကောင်းပျားရည်သုံးစွဲမှု ပိုမိုမြင့်မားလာကာ ဝယ်လိုအား ပိုမိုမြင့်တက်လာသည်ကို တွေ့ရှိရသည်။

ဂျပန်နိုင်ငံတွင် တစ်ဦးလျှင် ပျားရည်သုံးစွဲမှုပမာဏမှာ ပျမ်းမျှအားဖြင့် သုည ဒသမ ၃၇ ကီလိုဂရမ်ရှိပြီး ပျားရည်၏ ကျန်းမာရေးဆိုင်ရာ ကောင်းကျိုးများကြောင့် စားသောက်ကုန်၊ အဖျော်ယမကာများနှင့် ကျန်းမာရေးဆိုင်ရာ ထုတ်ကုန်များတွင် ပိုမိုသုံးစွဲလာပြီး ၂၀၂၃ ခုနှစ်မှ ၂၀၂၈ ခုနှစ်အတွင်း ပျားရည်သုံးစွဲမှု နှစ်စဉ်တိုးတက်မှုနှုန်းမှာ ပျမ်းမျှအားဖြင့် ၄ ဒသမ ၉ရာခိုင်နှုန်းရှိလာနိုင်ကြောင်းလည်း ခန့်မှန်းထားသည်။ လက်ရှိတွင် ဂျပန်နိုင်ငံ၌ ပျားရည် လက်ကားဈေးနှုန်းမှာ တစ်ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၂ ဒေါ်လာမှ ၁၇ဒသမ၅ ဒေါ်လာအထိရှိပြီး လက်လီဈေးနှုန်းမှာ တစ်ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ ၁၆ ဒေါ်လာမှ ၂၅ ဒေါ်လာ အထိရှိနေသည်ကို တွေ့ရှိရသည်။

၂၀၂၂ ခုနှစ်တွင် ဂျပန်နိုင်ငံမှ ပျားရည်အများဆုံး တင်သွင်းခဲ့သည့်နိုင်ငံများမှာ တရုတ် (၃၉%)၊ ကနေဒါ (၁၄. ၆ %)၊ နယူးဇီလန်(၁၃. ၄%)၊ အာဂျင်တီးနား(၇. ၉%)၊ ဟန်ဂေရီ(၇. ၁%)၊ ရိုမေးနီးယား (၂. ၄%)၊ ဩစတြေးလျ (၂. ၂%)၊ မြန်မာ (၂. ၀၇%)၊ ယူကရိန်း (၂. ၀၅%)နှင့် မက္ကဆီကို (၁. ၇%)တို့ဖြစ်ကြသည်။ ဂျပန်နိုင်ငံအနေနှင့် ၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၀၆ သန်းတန်ဖိုးရှိ ပျားရည်များ တင်သွင်းခဲ့သည်ကို တွေ့ရှိရပြီး ကမ္ဘာ့နိုင်ငံများမှ စုစုပေါင်းတင်သွင်းမှု၏ ၂ ဒသမ ၀၇ ရာခိုင်နှုန်းရှိ၍ အဆင့်(၈)နေရာတွင်ရှိနေသည်ကို တွေ့ရှိရပါသည်။ ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံမှ ပျားရည် တင်သွင်းမှုမှာ နှစ် စဉ်တိုးတက်ခဲ့ပြီး ၂၀၁၈ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၂၀၂၂ ခုနှစ်တွင် ၂ ဒသမ ၁၆ ဆ များပြားလာသည်ကို တွေ့ရှိရသည်။ ဂျပန်နိုင်ငံအနေနှင့် ၂၀၂၃ ခုနှစ် မေလအထိတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၅ ဘီလီယံ တန်ဖိုးရှိ ပျားရည်များ တင်သွင်းခဲ့သည်ကို တွေ့ရှိရသည်။

အောက်ဖော်ပြပါဇယားမှာ ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ဂျပန်နိုင်ငံက ကမ္ဘာ့နိုင်ငံများထံမှ ပျားရည်တင်သွင်းခဲ့သည့် တန်ဖိုးများဖြစ်သည်-


**ဂျပန်နိုင်ငံ၏ပျားရည် တင်သွင်းမှုအခြေအနေ**

*အမေရိကန်ဒေါ်လာသန်း*

| စဉ် | ပျားရည် တင်သွင်းခဲ့သည့် နိုင်ငံများ | ၂၀၁၈ ခုနှစ် | ၂၀၁၉ ခုနှစ် | ၂၀၂၀ ပြည့်နှစ် | ၂၀၂၁ ခုနှစ် | ၂၀၂၂ ခုနှစ် |
|---|---|---|---|---|---|---|
| (က) | တရုတ် | ၇၂.၉၄၀ | ၆၈.၁၂၉ | ၇၃.၄၉၆ | ၆၇.၀၁၇ | ၆၅.၈၆၅ |
| (ခ) | ကနေဒါ | ၁၀.၀၁၇ | ၁၄.၂၇၉ | ၁၆.၅၇၄ | ၂၂.၂၁၉ | ၂၄.၆၅၅ |
| (ဂ) | နယူးဇီလန် | ၂၃.၁၇၄ | ၂၅.၂၄၇ | ၄၂.၅၅၃ | ၂၈.၅၁၀ | ၂၂.၅၇၂ |
| (ဃ) | အာဂျင်တီးနား | ၁၄.၇၅၃ | ၁၄.၀၃၁ | ၁၃.၆၀၉ | ၁၆.၁၂၇ | ၁၃.၄၅၂ |
| (င) | ဟန်ဂေရီ | ၅.၆၉၀ | ၈.၀၆၀ | ၈.၁၃၀ | ၈.၂၄၅ | ၁၁.၈၉၀ |
| (စ) | ရိုမေးနီးယား | ၅.၅၉၈ | ၂.၅၉၃ | ၂.၀၀၆ | ၁.၃၄၂ | ၄.၀၅၉ |
| (ဆ) | ဩစတြေးလျ | ၁.၂၁၈ | ၁.၂၄၆ | ၃.၆၀၅ | ၄.၇၅၁ | ၃.၆၇၃ |
| (ဇ) | မြန်မာ | ၁.၆၂၄ | ၁.၉၅၃ | ၂.၄၂၇ | ၂.၇၇၇ | ၃.၅၀၆ |
| (ဈ) | ယူကရိန်း | ၀.၁၀၄ | ၀.၆၂၅ | ၀.၆၂၁ | ၂.၃၇၀ | ၃.၄၇၀ |
| (ည) | မက္ကဆီကို | ၂.၄၅၈ | ၁.၀၀၈ | ၁.၅၂၈ | ၃.၆၀၇ | ၂.၈၈၉ |
| | စုစုပေါင်း | ၁၄၅.၅၃၇ | ၁၄၄.၅၂၄ | ၁၇၃.၇၄၄ | ၁၆၉.၈၅၁ | ၁၆၈.၈၈၂ |

ဂျပန်နိုင်ငံသည် ပျားရည်တင်သွင်းသည့်နိုင်ငံဖြစ်သကဲ့သို့ ပျားရည်တင်ပို့သည့်နိုင်ငံလည်းဖြစ်ရာ ၂၀၂၂ ခုနှစ်တွင် ဂျပန်နိုင်ငံမှ ပျားရည်အများဆုံး တင်ပို့ခဲ့သည့်နိုင်ငံများမှာ တရုတ် (၂၇. ၃၀%)၊ ဟောင်ကောင်(၂၅. ၁၈ %)နှင့် စင်ကာပူ(၁၇. ၇၃%)တို့ဖြစ်သည်။ ၂၀၂၂ ခုနှစ်တွင် ဂျပန်နိုင်ငံ၏ ပျားရည်တင်ပို့မှုမှာ ကမ္ဘာ့အဆင့် ၇၈ နေရာတွင်ရှိပြီး အမေရိကန်ဒေါ်လာ သုည ဒသမ ၂၈ သန်း တန်ဖိုး တင်ပို့ခဲ့သည်ကို တွေ့ရှိရသည်။ ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၂၂ ခုနှစ်တွင် ပျားရည်တင်ပို့မှုမှာ ၄၃ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ကို တွေ့ရှိရသည်။ ၂၀၂၃ ခုနှစ် မေလအထိ ပျားရည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆ ဒသမ ၀၂ သန်းရရှိခဲ့သည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံမှ ဂျပန်နိုင်ငံသို့ပျားရည်များ တင်ပို့ရာတွင် အခြားသော စားသောက်ကုန်များနှင့်ဆက်စပ်သည့်ကုန်စည်များ တင်ပို့သည့်နည်းတူ ဂျပန်နိုင်ငံ၏ စားသောက်ကုန်သန့်ရှင်းရေး အက်ဥပဒေ (Food Sanitation Act) ပုဒ်မ ၂၇ အရ Notification Form for Importation of Foods ကို ဂျပန်နိုင်ငံ ကျန်းမာရေး၊ အလုပ်သမားနှင့်လူမှုဖူလုံရေးဝန်ကြီးဌာနသို့ ကြိုတင်တင်ပြရန် လိုအပ်မည်ဖြစ်သည်။ ဂျပန်နိုင်ငံ ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန Quarantine Station ရှိစစ်ဆေးရေးအရာရှိက တင်ပို့လာသည့်နိုင်ငံ၊ ကုန်စည်အမျိုးအစား၊ ထုတ်လုပ်တင်ပို့သူ၊ ထုတ်လုပ်သည့်နေရာ၊ ကုန်စည်တွင်ပါဝင်သည့်ပစ္စည်းများ၊ ထုတ်လုပ်မှုနည်းစနစ်များ၊ ထပ်ဖြည့်ပစ္စည်း (additives)သုံးစွဲမှုအခြေအနေ၊ စားသောက်ကုန် သန့်ရှင်းရေးအက်ဥပဒေပါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထုတ်လုပ်ထားခြင်း ရှိ/မရှိ၊ ဂျပန်နိုင်ငံ၏ စံသတ်မှတ်ချက်များနှင့်အညီ အစားအသောက် ထပ်ဖြည့်ပစ္စည်း (Food Additives) များကို သုံးစွဲထားခြင်း ရှိ/မရှိ၊ အဆိပ်အတောက်ဖြစ်စေသော၊ အန္တရာယ်ဖြစ်စေသောအရာများ ပါဝင်ခြင်း ရှိ/မရှိ၊ ထုတ်လုပ်သူနှင့်ထုတ်လုပ်သည့်နေရာဒေသတို့သည် ယခင်က သန့်ရှင်းမှုဆိုင်ရာ ပြဿနာများ ဖြစ်ပေါ်ခဲ့မှု ရှိ/မရှိ စသည်တို့ကို အောက်ပါလုပ်ငန်းစဉ်များအတိုင်း စစ်ဆေးသွားမည်ဖြစ်ကြောင်း လေ့လာသိရှိရသည်-




ပျားရည်တွင် အများဆုံးရှိရမည့် ပိုးသတ်ဆေးခါတ်ကြွင်း ပမာဏ သတ်မှတ်ချက်များ ပြင်ဆင်ထားမှုများကိုလည်း အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| စဉ် | ပိုးသတ်ဆေးခါတ်ကြွင်းအမည် | ယခင်သတ်မှတ်ချက် | ပြင်ဆင်သည့်သတ်မှတ်ချက် |
|---|---|---|---|
| (က) | Dimethomorph | - | ၀.၀၅ |
| (ခ) | Finamiphos | ၀.၀၀၅ | ၀.၀၅ |
| (ဂ) | Fluxapyroxad | - | ၀.၀၅ |
| (ဃ) | Prothioconazole | - | ၀.၀၅ |
| (င) | Clostebol | ၀.၀၀၀၅ | - |

ဂျပန်နိုင်ငံက တရုတ်နိုင်ငံထံမှ ပျားရည် ဝယ်ယူတင်သွင်းနေရသကဲ့သို့ တရုတ်နိုင်ငံသို့လည်း ပျားရည်ပြန်လည်တင်ပို့မှုရှိနေသည်ကို တွေ့ရှိရသည်။ တရုတ်၊ ဟောင်ကောင်နှင့် စင်ကာပူတို့ကိုလည်း တင်ပို့နေသည်ကို တွေ့ရှိရသဖြင့် အဆိုပါဈေးကွက်များသို့ မြန်မာနိုင်ငံမှလည်း ပျားရည်များ တိုးမြှင့်တင်ပို့သင့်ပြီး အဓိကဈေးကွက်ဖြစ်သည့် ဂျပန်နိုင်ငံ၏ လုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များကိုလည်း လိုက်နာရန် လိုအပ်ပါကြောင်း လေ့လာတင်ပြလိုက်ရပါသည်။

Source : **စီးပွားရေးသံမှူး၊ တိုကျိုမြို့၊ မြန်မာသံရုံး**

## (၆၈)ကြိမ်မြောက် ဗန်ကောက် လက်ဝတ်ရတနာပြပွဲသို့ လာရောက်ကြည့်ရှုသူ ၃၀၀၀၀ဦးခန့်ရှိနိုင်ကြောင်း ထိုင်းနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန (Department of International Trade Promotion (DITP)ခန့်မှန်းထား

(၆၈)ကြိမ်မြောက် ဗန်ကောက် လက်ဝတ်ရတနာပြပွဲကို ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ the Queen Sirikit National Convention Center (QSNCC) ကျင်းပလျက်ရှိပါကြောင်း၊ ယင်းပြပွဲသို့ ရောင်းသူ/ဝယ်သူနှင့် ဧည့်သည်၃၀၀၀၀ ဦးရေခန့် လာရောက်မည်ဟု ခန့်မှန်းထားကြောင်း၊ ကုန်သွယ်မှု တန်ဖိုးဘတ် ၃ ဘီလီယံကျော် ရရှိနိုင်မည်ဟု မျှော်လင့်ရကြောင်း အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Mr. Phusit Ratanakul Sereroengrit က ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့ ဖွင့်ပွဲ မိန့်ခွန်းတွင် ပြောကြားခဲ့သည်။

ယင်းပြပွဲကို အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာန၊ Gem and Jewelry Institute of Thailand (GIT) နှင့် အစိုးရနှင့် ပုဂ္ဂလိက ကုန်သွယ်ရေးအဖွဲ့အစည်းတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာ ကုန်စည်ပြပွဲဖြစ်ကြောင်း၊ နှစ် ၄၀ ပြည့်မြောက်ပြီဖြစ်ကြောင်း၊ ခန်းမ ၁ မှ ၈ အထိရှိပြီး ကုမ္ပဏီ ၁၁၀၀ တို့မှ ပြခန်း ၂၄၀၀ ဖြင့် ပြသလျက်ရှိကြောင်း ဖြည့်စွက် ပြောကြားသည်။

ထိုင်းနိုင်ငံ၏ အားသာချက်များဖြစ်သော ကျောက်မျက်ရတနာများ ကုန်သွယ်ရာ ဗဟိုချက်ဖြစ်ခြင်း၊ အရောင်အသွေးစုံ ကျောက်မျက်ရတနာများ၏အရည်အသွေးကိုမြင့်တက်စေရာတွင်ကျွမ်းကျင်မှုနှင့်လက်မှုပညာတွင် နိုင်ငံတကာမှ အသိအမှတ်ပြုခြင်းတို့ကြောင့် ကျောက်မျက်ရတနာနယ်ပယ်တွင် အောင်မြင်ရခြင်းဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်တွင် ကျောက်မျက်ရတနာသည် နိုင်ငံ၏ အဆင့်(၉)ရှိသော ပို့ကုန်အမယ်ဖြစ်ကြောင်း၊ အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံကျော်ဝင်ငွေရရှိခဲ့ကြောင်း၊ ယခုနှစ်တွင် ၁၀ရာခိုင်နှုန်းတိုးတက်ရရှိရန် ခန့်မှန်းထားကြောင်း၊ ဧည့်သည်များအနေဖြင့် ထိုင်းအပါအဝင် နိုင်ငံတကာမှ ခင်းကျင်းပြသလျက်ရှိသည့် ပစ္စည်းများကို လေ့လာနိုင်မည်ဖြစ်ကြောင်း Mr. Phusit က ပြောကြားခဲ့သည်။

ပြပွဲသို့ မြန်မာနိုင်ငံမှ ကျောက်မျက်ရတနာ ကုမ္ပဏီများလည်း ပါဝင်ပြသလျက်ရှိရာ ယခင်ပြပွဲများတွင် ဝယ်ယူကြည့်ရှုများအနေဖြင့်လည်း လာရောက်ကြည့်ရှုနိုင်ခြင်း၊ မိတ်ဖက်အသစ်များလည်း လာရောက်ကြည့်ရှုနိုင်ခြင်းအပြင် နိုင်ငံတကာမှ ကျောက်မျက်ကုမ္ပဏီများ လာရောက်ပြသကြသဖြင့် ခေတ်နှင့်အညီ ပြောင်းလဲလျက်ရှိသည့် ဖက်ရှင်ဒီဇိုင်းများကိုလည်း လေ့လာနိုင်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

Source: www.bangkokpost. gov၊

**ဒေါ်သီတာဝင်း၊ စီးပွားရေးသံမှူး၊**
**ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့။**

# အိန္ဒိယနှင့် ကုန်သွယ်ရေးသဘောတူညီချက်ပြုလုပ်ရန်ကိစ္စကို ကနေဒါ ခေတ္တရပ်နားထားမည်ဖြစ်ပြီး တိုးတက်မှုကို ပြန်လည်သုံးသပ်ရန်ဖြစ်ဟုဆို



ကနေဒါနိုင်ငံသည် ယခုနှစ်အတွင်း အိန္ဒိယနိုင်ငံနှင့် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးဆိုင်ရာ ကနဦးသဘောတူညီချက်ကိုလက်မှတ်ရေးထိုးရန် ရည်ရွယ်ခဲ့ပြီးနောက် သုံးလအကြာတွင် အိန္ဒိယနှင့် အဆိုပြုထားသော အဆိုပါ ကုန်သွယ်ရေးသဘောတူစာချုပ်ဆိုင်ရာ ဆွေးနွေးပွဲများကို ခေတ္တရပ်နားထားလိုက်ပြီဖြစ်ကြောင်း စက်တင်ဘာ ၁ ရက်က မထင်မှတ်ဘဲ ထုတ်ဖော်ပြောကြားခဲ့သည်။

“ကုန်သွယ်ရေး ညှိနှိုင်းမှုတွေဟာ ရှည်လျားပြီး ရှုပ်ထွေးတဲ့ လုပ်ငန်းစဉ်တွေ ဖြစ်ပါတယ်။ ပြီးတော့ ကျွန်တော်တို့ ဘယ်နေရာအထိရောက်ရှိနေပြီလဲဆိုတာ သုံးသပ်ဖို့ ခေတ္တရပ်နားထားပါတယ်” ဟု ကနေဒါဝန်ကြီးချုပ် Justin Trudeau ၏ လာမည့် သီတင်းပတ်အတွင်း နယူးဒေလီသို့ လာရောက်မည့် ခရီးစဉ် မတိုင်မီ ကနေဒါအစိုးရအရာရှိတစ်ဦးက သတင်းထောက်များအား ပြောကြားခဲ့သည်။ ကနေဒါနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ မဟာမင်းကြီး Sanjay Kumar Verma ကလည်း အိုတာဝါ(Ottawa)အနေဖြင့် ပြီးခဲ့သည့်လအတွင်း ယင်းသို့ ကုန်သွယ်ရေးဆွေးနွေးမှုကို ခေတ္တရပ်နားရန် ကြိုးပမ်းခဲ့သော်လည်း အကြောင်းရင်းကိုမူ ရှင်းလင်းပြောကြားခဲ့ခြင်းမရှိဟု အတည်ပြုခဲ့သည်။

အိန္ဒိယနိုင်ငံနှင့် ကနေဒါနိုင်ငံတို့သည် အငြင်းပွားမှုများကို ကိုင်တွယ်ဖြေရှင်းရန် ယန္တရားစနစ်တစ်ခုအား ချမှတ်ဆောင်ရွက်စဉ် ကုန်သွယ်မှုတိုးမြှင့်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုတိုးချဲ့ရန် ယခုနှစ်တွင်ကနဦးသဘောတူညီချက်တစ်ရပ်ကို အတည်ပြုရန် ရည်ရွယ်ထားကြောင်း ပြီးခဲ့သည့် မေလက ပြောကြားခဲ့ခြင်းဖြစ်သည်။ နယူးဒေလီသည် လာမည့် သီတင်းပတ်အတွင်း ကျင်းပရန်ရှိသည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေး၏ ဆက်စပ်ဆွေးနွေးပွဲများတွင် ကနေဒါနိုင်ငံအပါအဝင် အခြားနိုင်ငံများနှင့် နှစ်နိုင်ငံလွတ်လပ်စွာ ကုန်သွယ်မှုကိစ္စရပ်များကို ဆွေးနွေးရန် စီစဉ်ထားကြောင်း အိန္ဒိယထိပ်တန်း ကုန်သွယ်ရေးအရာရှိတစ်ဦးက ပြောကြားခဲ့သည်။ ကနေဒါဝန်ကြီးချုပ်Trudeau သည် အဆိုပါအစည်းအဝေးသို့ တက်ရောက်သွားမည်ဖြစ်သည်။

ကနေဒါနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ငါးနှစ်ကြာ ဆိုင်းငံ့ထားခဲ့သော နှစ်နိုင်ငံကုန်သွယ်မှု သဘောတူညီချက်အတွက် ဆွေးနွေးညှိနှိုင်းမှုများကို ၂၀၂၂ ခုနှစ် မတ်လတွင် ပြန်လည်စတင်ခဲ့သည်။ အိန္ဒိယ-ကနေဒါ အစောပိုင်းတိုးတက်မှု ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက် (India-Canada Early Progress Trade Agreement-EPTA)သည် ကုန်စည်၊ဝန်ဆောင်မှုများ၊ရင်းနှီးမြှုပ်နှံမှု၊ ပင်ရင်းဒေသစည်းမျဉ်းများ၊ သန့်ရှင်းရေးနှင့် ဇီဝရုပ်ကြွင်းဆိုင်ရာ အစီအမံများ၊ ကုန်သွယ်မှုဆိုင်ရာ နည်းပညာ အတားအဆီးများနှင့် အငြင်းပွားမှုဖြေရှင်းရေးတို့ကို အကျုံးဝင်သည့် သဘောတူညီချက်တစ်ခုဖြစ်သည်။

အဆိုပါ အိန္ဒိယ-ကနေဒါ အစောပိုင်း တိုးတက်မှု ကုန်သွယ်မှုဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုကို ခေတ္တရပ်နားထားသည်ဟု ကနေဒါဘက်မှ ထုတ်ဖော်ပြောကြားခဲ့သည်။ ယင်း EPTA သည် ဘက်စုံ လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်၏ရှေ့ပြေးနိမိတ်တစ်ခုဖြစ်သည်။

အိန္ဒိယ-ကနေဒါ နှစ်နိုင်ငံ ကုန်စည်ကုန်သွယ်မှုသည် ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၂ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး ၂၀၂၁ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၂၅ ရာခိုင်နှုန်းခန့် တိုးတက်လာသည်။ အနာဂတ်တွင် တိုးတက်လာဖွယ်ရှိသည့်ကဏ္ဍများမှာ အခြေခံအဆောက်အအုံကဏ္ဍ၊ သက်ရှိသိပ္ပံပညာ၊ သန့်ရှင်းသော စွမ်းအင်နည်းပညာ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ ဓာတ်သတ္တုကဏ္ဍနှင့် သဘာဝအရင်းအမြစ်ကဏ္ဍတို့ဖြစ်ကြောင်း သိရသည်။

“ဒါက ကျွန်တော်တို့ နှစ်နိုင်ငံစလုံးရဲ့တိုးတက်မှုနဲ့ နောက်ထပ်ခြေလှမ်းတွေကို လှမ်းနိုင်စေမှာပါ”။ စေ့စပ်ညှိနှိုင်းမှုတွေ ပြန်လည်စတင်မယ့်အချိန်မှာ နှစ်ဦးနှစ်ဖက် သဘောတူညီချက်နဲ့ ဆုံးဖြတ်သွားမှာပါ”ဟု အဆိုပါကိစ္စနှင့်ရင်းနှီးသော အိန္ဒိယအရာရှိတစ်ဦးက ပြောကြားခဲ့သည်။ ရင်းမြစ်များ၏အဆိုအရ နှစ်ဖက်စလုံးသည် ပင်ရင်းဒေသစည်းမျဉ်းများနှင့် အခွန်အကောက်များကဲ့သို့ ကိစ္စရပ်များအတွက် ညှိနှိုင်းမှုမရရှိသေးဟု သိရသည်။“အာဆီယံပြီးရင် အိန္ဒိယဟာ ရှင်းရှင်းလင်းလင်းနဲ့ တင်းကျပ်တဲ့ စည်းမျဉ်း စည်းကမ်းတွေရှိဖို့ စိတ်အားထက်သန်နေပြီး နိုင်ငံတော်တော်များများက အဲဒီအတွက် စိုးရိမ်မှုတွေ ရှိနေပါတယ်”ဟု ကုန်သွယ်ရေးကျွမ်းကျင်သူတစ်ဦးက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် ကနေဒါနိုင်ငံအပြင် ယူကေ၊ အီးယူတို့နှင့် ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီမှုများရရှိရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ဩစတြေးလျနိုင်ငံနှင့် သဘောတူခဲ့သော ချက်ချင်း ဖြေလျှော့ပေးရမည့် ကုန်သွယ်ရေးသဘောတူညီချက် (Early Harvest Trade Pact)ကို လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက် (Free Trade Agreement- FTA)အဖြစ် တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကနေဒါနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ဘက်စုံစီးပွားရေး မိတ်ဖက်ဆက်ဆံမှု သဘောတူညီချက်(CEPA)ကို ၂၀၁၀ပြည့်နှစ်ကတည်းက ဆွေးနွေးမှုများပြုလုပ်ခဲ့ကြပြီး ညှိနှိုင်းမှုများအတန်ကြာ ရပ်ဆိုင်းသွားပြီးနောက် ပြီးခဲ့သောနှစ်က ပြန်လည်စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဆွေးနွေးမှုများကို CEPA သည် အစောပိုင်း တိုးတက်မှု ကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ် (EPTA)ကို ဇဟိုပြုထားသည်။ သို့သော် နှစ်နိုင်ငံအကျိုးစီးပွားနှင့်ပတ်သက်၍ ဘုံသဘောတူညီချက်ရရှိရန် ခက်ခဲသောအပိုင်းများ ကျန်ရှိနေသည်ဟု ယူဆရသည်။ ထို့ကြောင့် ကနေဒါဘက်မှ အချိန်ယူ၍ ပြန်လည်သုံးသပ်မှုများပြုလုပ်ရန် စဉ်းစားလျက် အဆိုပါဆွေးနွေးမှုများကိုခေတ္တရပ်ဆိုင်းခဲ့ဟန်တူသည်။ သို့သော် မကြာမီကာလအတွင်း ကျင်းပရန်ရှိနေသည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးပွဲနှင့် ဆက်စပ်အစည်းအဝေးများတွင် ၎င်းတို့ နှစ်နိုင်ငံအကြား ဆွေးနွေးညှိနှိုင်းရရှိမှုများ ရရှိနိုင်ခြင်း ရှိ/မရှိဆိုသည်ကို စောင့်ကြည့်သွားရမည်ဖြစ်သည်။

**ကောင်းထွဋ်အောင်(စီးပွားရေးသံမှူး)၊**
**မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကော်လ်ကတ္တားမြို့။**

## ရုရှားနိုင်ငံအတွင်း ငွေကြေးဖောင်းပွမှုတိုးလာခဲ့

လက်ရှိ ငွေကြေးလဲလှယ်မှုဈေးနှုန်းအရ ရုရှားနိုင်ငံအတွင်း ငွေကြေးဖောင်းပွမှုသည် ဩဂုတ် ၂၈ရက်အထိ ၄ ဒသမ ၈၈ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုအချိန်တွင် ၅ ဒသမ ၀၃ ရာခိုင်နှုန်းအထိတိုးလာခဲ့ကြောင်း ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏သုံးသပ်ချက်အရ သိရှိရသည်။

အစားအသောက် ထုတ်လုပ်မှုအပိုင်းတွင် ကုန်ဈေးနှုန်းကြီးမြင့်လာမှုများကြောင့် ယခင်ရက်သတ္တပတ်တွင် ငွေကြေးဖောင်းပွမှုနှုန်း သုည ဒသမ ၀၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုအချိန်တွင် ငွေကြေးဖောင်းပွမှုနှုန်း သုည ဒသမ ၀၆ ရာခိုင်နှုန်းအထိ တိုးလာခဲ့ကြောင်း RAI သတင်းဌာနမှလည်း သုံးသပ်ထားသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ ပြောကြားချက်အရ စားသောက်ကုန်များ ဈေးနှုန်းတိုးမြင့်လာမှုမှာ ယခင် ရက်သတ္တပတ်ဈေးနှုန်းအတိုင်း သုည ဒသမ ၂၁ ရာခိုင်နှုန်းရှိနေသေးကြောင်း၊ သကြား၊ ကြက်ဥ၊ ပေါင်မုန့်၊ ကိတ်မုန့်၊ ပါစတာနှင့် စားသောက်ဖွယ်ရာအချို့ ဈေးနှုန်းတိုးမြင့်လာမှုမှာ အရှိန်အနည်းငယ်လျော့လာကြောင်း၊ အသားထွက်ကုန်များမှာ ဆက်လက်၍ ဈေးနှုန်းမြင့်တက်နေကြောင်း၊ ဂျုံမှုန့်၊ မုန့်အချို့ဈေးနှုန်းများမှာလည်း မြင့်တက်လာကြောင်း၊ နို့နှင့်နို့ထွက်ပစ္စည်းများ ဈေးနှုန်းတက်လာမှုသည် အရှိန်လျော့ကျလာသဖြင့် ထည့်တွက်ရန် မလိုကြောင်း၊ မော်တော်ကားဈေးနှုန်းတိုးမြင့်လာမှုများမှာလည်း အရှိန်လျော့ကျလာကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဆေးနှင့်ဆေးရုံသုံးပစ္စည်းများဈေးနှုန်း မြင့်တက်မှုနှုန်းမှာ ပိုမိုတိုးလာကြောင်း သိရှိရသည်။

ရုရှားဗဟိုဘဏ်မှ ယခုနှစ်အတွင်း ငွေကြေးဖောင်းပွမှုနှုန်းမှာ ၅ ရာခိုင်နှုန်းမှ ၆ ဒသမ ၅ ရာခိုင်နှုန်းအတွင်းရှိမည်ဟု ခန့်မှန်းထားကြောင်း၊ရုရှားဘဏ္ဍာရေးဝန်ကြီး Mr. Anton Siluanov မှ ၂၀၂၃ ခုနှစ် နှစ်ကုန်ပိုင်းတွင် ငွေကြေးဖောင်းပွမှုနှုန်းမှာ ၆ ရာခိုင်နှုန်းရှိမည်ဖြစ်ပြီး တာဝန်ရှိသူများအနေဖြင့် လာမည့်နှစ်တွင် ငွေကြေးဖောင်းပွမှုနှုန်းအား ၄ ရာခိုင်နှုန်းထိ လျော့ကျစေရန် လိုအပ်သည်များကို ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

**ခွန်မျိုးသူ(စီးပွားရေးသံမှူး၊ မော်စကိုမြို့)**

## ဆန်သိုလှောင်ထားသူများ၊ ဈေးကစားသူများနှင့် ဆန်သိုလှောင်ရုံများအား ဝင်ရောက်စစ်ဆေးသွားရန် ဖိလစ်ပိုင်သမ္မတ ညွှန်ကြား

ဆန်စပါး တရားမဝင်တင်သွင်းသူများ၊ ဆန်စပါး သိုလှောင်ဈေးကစားသူများအား ထိထိရောက်ရောက် အရေးယူနိုင်ရေးအတွက် ဆန်သိုလှောင်ရုံများအား စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားရန် သမ္မတ မားကို့စ်မှ ဖိလစ်ပိုင်အကောက်ခွန်ဦးစီးဌာနသို့ ညွှန်ကြားသည့်အမိန့်ထုတ်ပြန်ခဲ့သည်။

ဩဂုတ် ၂၉ ရက်က ပြုလုပ်ခဲ့သည့် သတင်းထုတ်ပြန်မှုတွင် အကောက်ခွန်ဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းများ တရားမဝင် တင်သွင်းသူများအား ဖမ်းဆီးနိုင်ရေး ယခုထက် နှစ်ဆတိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကုန်သိုလှောင်ရုံများတွင် ဆန်စပါးသိုလှောင်သိမ်းဆည်းထားမှုများ ရှိ/မရှိ၊ အထူးသဖြင့် ဆန်စပါးသိုလှောင်ထားရှိမှုများ ရှိ/မရှိကို ကြပ်မတ်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

သမ္မတ၏ညွှန်ကြားချက်နှင့်အညီ တင်သွင်းလာသည့်ဆန်များအား သိုလှောင်ထားရှိသည့် ဆန်သိုလှောင်ရုံများအား စစ်ဆေးသွားပြီး သက်တမ်းသတ်မှတ်ချက်ပါဝင်သည့် စာအား ထုတ်ပေးသွားမည်ဖြစ်သည်။ ထို့ပြင် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် လိုအပ်သည့် စစ်ဆေးမှုများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကောက်ခွန်ဦးစီးဌာနအနေဖြင့် သမ္မတညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်နေကြောင်း သိရှိနိုင်ရန် ဘူလကန်ဒေသရှိ ဆန်သိုလှောင်ရုံများအား ရှောင်တခင် စစ်ဆေးခဲ့ကြောင်း သိရသည်။ လက်ရှိတွင် ဆန်သိုလှောင်ရုံ သုံးခုအား စစ်ဆေးခဲ့ကြောင်းနှင့် ၎င်းတို့မှာ Great Harvest Rice Mill Warehouse, San Pedro Warehouse, FS Rice Mill Warehouse တို့ဖြစ်ကြောင်း ဖော်ပြထားသည်။

စစ်ဆေးပြီးခဲ့သည့် ဆန်သိုလှောင်ရုံ သုံးခုတွင် သိုလှောင်သိမ်းဆည်းထားသည့် ဆန်များမှာ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံတို့မှ တင်သွင်းခဲ့သည့် ဆန်များဖြစ်ပြီး ကနဦးတွက်ချက်မှုအရ ပီဆို ၅၀၅ သန်းခန့်ရှိကြောင်း၊ အဆိုပါ ဆန်သိုလှောင်ရုံပိုင်ရှင်များအနေဖြင့် ဆန်တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီး ပြစ်မှုကျူးလွန်ခဲ့ကြောင်း ထင်ရှားပါက အကောက်ခွန်ဦးစီးဌာနနှင့် တရားရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ဆန်များသိုလှောင်ပြီး ဈေးကစားဆောင်ရွက်သူများအား ဖမ်းဆီးအရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကေသွယ်ခိုင်(စီးပွားရေးသံမှူး)**
**မနီလာမြို့။**



# စီးပွားဖြစ် ရေငန်ပုစွန် အသားတိုး မွေးမြူနည်း

နှင်းအိ(ရာမည‌မြေ)

*(ယခင်တစ်ပတ်မှအဆက်)*

### ၄။ ရေရရှိမှု(Water Supply)

စီးပွားဖြစ် ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းတွင် မရှိမဖြစ်လိုအပ်သောအရာမှာ ရေဖြစ်သည်။ ရေငန်ရရှိနိုင်မှုမှာ အဓိကဖြစ်ပြီး ရေချိုရရှိနိုင်မှုမှာ ဒုတိယဖြစ်သည်။ ပင်လယ်ရေငန်ကို ရေငန်ဝင်ရောက်ရာမြစ်များ၊ ချောင်းများ၊ မြစ်ချောင်းလက်တက်များ၊ တူးမြောင်းများနှင့် ပင်လယ်ကမ်းစပ်ဒေသရှိ ရေပြင်များမှ တိုက်ရိုက်ဆက်သွယ်ရယူနိုင်ပါသည်။

ရေချိုများကိုမူ နေရာဒေသကိုလိုက်၍ အဝီစိတွင်းများ၊ တောင်ကျစမ်းများနှင့် ရေချိုတွင်းများမှတစ်ဆင့် ရရှိနိုင်သည်။ သဘာဝပတ်ဝန်းကျင်အခြေအနေမှ ရေရယူနိုင်သည့်နည်းလမ်း နှစ်မျိုးရှိသည်။ ၎င်းတို့မှာ သဘာဝအခြေအနေအတိုင်းရယူခြင်း (Natural Fed)နှင့် စက်ယန္တရားများ၏ အကူအညီဖြင့်ရယူခြင်း (Mechanical Fed)တို့ ဖြစ်ကြပါသည်။

သဘာဝအခြေအနေအတိုင်း ရယူနည်းမှာဒီရေ(Tide)အတက်အကျကို အခြေခံပြီး ရေငန်ပုစွန် အသားတိုးမွေးမြူရေးကန်များအတွင်းသို့ ရေသွင်းခြင်း၊ ရေထုတ်ခြင်းများကို ပြုလုပ်ဆောင်ရွက်ခြင်းဖြစ်ပြီး စက်ယန္တရားအားဖြင့် ရယူနည်းမှာ တည်ဆောက်ပုံအမျိုးမျိုးရှိသည့် ရေစုပ်စက်များကို အသုံးပြု၍ လိုအပ်သည့်အချိန်တွင် ကန်များအတွင်းသို့ စုပ်ယူပေးပို့ခြင်းဖြစ်သည်။

မွေးမြူရေးကန်များကို ကုန်းပိုင်းနေရာဒေသများတွင် အကောင်အထည်ဖော် ဆောင်ရွက်မည်ဆိုပါက ပင်လယ်ရေငန်ကို တူးမြောင်းဖောက်လုပ်၍ ရေငန်ရရှိအောင် ဆောင်ရွက်သင့်ပေသည်။ သို့မှသာ ကုန်ကျစရိတ် ကျဉ်းစွာဖြင့် အခက်အခဲမရှိ လုံလောက်စွာ ရေကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး စီးပွားရေးအရ တွက်ခြေကိုက်မည်ဖြစ်ပေသည်။

### ၅။ ရေ၏အရည်အသွေး (Water Qualit)

ရေငန်ပုစွန် အသားတိုးမွေးမြူရေးလုပ်ငန်းတွင် အသုံးပြုရမည့် ရေ၏အရည်အသွေးသည်ကောင်းမွန်ရန် လိုအပ်ပါသည်။ ထို့ကြောင့် လုပ်ငန်းတွင် အသုံးပြုမည့် ရေအမျိုးအစား၏ မူလဂုဏ်သတ္တိအနေဖြင့် အငန်နှုန်း (Salinity) အပူချိန် (Temperature)၊ ချဉ်ဖန်ဓာတ်ပါဝင်နှုန်း(စံ)နှင့် အောက်ဆီဂျင် ပျော်ဝင်မှုနှုန်း (Dissolved Oxygen) တို့သည် ရာသီဥတုအခြေအနေနှင့် နေရာဒေသပတ်ဝန်းကျင်ကို လိုက်၍ကွဲလွဲမှုများရှိနိုင်သဖြင့် လိုအပ်သလို ပြုပြင်သုံးစွဲရမည်ဖြစ်ပေသည်။

အထူးသတိထားရမည့်အချက်မှာ မိမိဆောင်ရွက်မည့် မွေးမြူရေးလုပ်ငန်းအတွက် အသုံးပြုရမည့် ရေငန်သည် စိုက်ပျိုးရေးနှင့် စက်ရုံများမှ စွန့်ပစ်ထားသော ရေဆိုး၊ ရေညစ်များ ပါဝင်မှုမရှိစေရန် အထူးအလေးထားဆောင်ရွက်ရမည်ဖြစ်ပါသည်။

### ၆။ ရာသီဥတု(Climatical)

ရေငန်ပုစွန်မွေးမြူရေးအတွက် အကောင်းဆုံး အပူချိန်ဖြစ်သည့် ၂၇ ဒီဂရီစင်တီဂရိတ်မှ ၃၂ ဒီဂရီစင်တီဂရိတ်အတွင်း တစ်နှစ်ပတ်လုံး ရေရရှိနိုင်မည့်နေရာဒေသ၊ဒေသ၏မြစ်ရေကြီးခြင်း၊သဘာဝဘေးအန္တရာယ် ကျရောက်နိုင်မှု စသည်တို့ကို အနည်းဆုံးတစ်နှစ်စာမှတ်တမ်းများ ပြုစုမှတ်သားလေ့လာရန် လိုအပ်ပေသည်။

မိမိမွေးမြူမည့် ကန်ပတ်ဝန်းကျင်ဒေသရှိ ဒေသခံများ၏ စီးပွားရေးနှင့် လူမှုရေးကောင်းမွန်ပြီး ဒေသခံလူများ၏ ဓလေ့စရိုက်၊ အမူအကျင့်၊ ယဉ်ကျေးမှုရှိမှသာလျှင် မိမိလုပ်ငန်း၏လုံခြုံရေး၊ လုပ်ငန်းဆောင်ရွက်မှုတို့ကို ထိခိုက်မှုမရှိမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ မွေးမြူရေးကာလတစ်လျှောက်လုံး လုပ်ငန်းနှင့်ပတ်သက်၍ ပျောက်ဆုံးမှု၊ ထိခိုက်ပျက်စီးမှုများ မရှိစေရန် ဒေသတွင်း တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးရှိရန်မှာလည်း အရေးကြီးသည့်အချက်တစ်ချက် ဖြစ်ပါသည်။

### ၇။ ဆက်သွယ်ရေးလမ်းကြောင်း(Access)

ရေငန်ပုစွန်မွေးမြူခြင်းလုပ်ငန်းအတွက် ရွေးချယ်ထားသောနေရာသည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည့်နေရာဖြစ်ရန် အရေးကြီးလှပေသည်။ တစ်နည်းအားဖြင့် ရေလမ်း၊ ကုန်းလမ်းတို့မှ မွေးမြူရေးကန်များသို့ (သို့မဟုတ်) မွေးမြူရေးကန်များမှ ရာသီဥတုနှင့်အချိန်အခါမရွေး သွားလာနိုင်သည့်နေရာဖြစ်ရန် လိုအပ်ပါသည်။

ရာသီမရွေး မွေးမြူရေးကန်များသို့ တိုက်ရိုက်ရောက်ရှိနိုင်မည့် ကုန်းကြောင်း၊ရေကြောင်းများမှယာဉ်သွားလမ်းကြောင်းများ ကောင်းမွန်စွာရှိနေအောင် စီမံထားရမည်ဖြစ်ပါသည်။ သို့မှသာ ငွေကုန်လူပန်း သက်သာစေနိုင်ပြီး အဆင်ပြေချောမွေ့စေမည်ဖြစ်သည်။

ထို့ပြင် မွေးမြူရေးလုပ်ငန်း အောင်မြင်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်မည့် အတတ်ပညာ၊ နည်းပညာရှင်များ၊ ကျွမ်းကျင်လုပ်သားများ၏ အချိန်မီ သွားလာလုပ်ကိုင်ဆောင်ရွက်နိုင်ရေးနှင့် မွေးမြူရေးကန်များအတွက် လိုအပ်သည့် အစာရိက္ခာနှင့် ဆေးဝါးများ တိုက်ရိုက်ရောက်ရှိရေးမှာလည်း အရေးကြီးသည်။ ထို့အတူ တည်ဆောက်ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းသုံးပစ္စည်းကိရိယာ တန်ဆာပလာများ မွေးမြူရေးကန်များသို့ အချိန်မီရောက်ရှိရေးနှင့် သက်ဆိုင်ရာ ဈေးကွက်များသို့ အချိန်တိုအတွင်း အမြန်ဆုံး ရောက်ရှိရန်အတွက် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးသည် အလွန်အရေးကြီးလှပါသည်။ လုပ်ငန်းအတွက် လိုအပ်သောပစ္စည်းများကို ကုန်းလမ်း၊ ရေလမ်းတို့မှတစ်ဆင့် သယ်ယူပို့ဆောင်နေရမည်ဆိုပါလျှင် မလိုလားအပ်သော ကုန်ကျစရိတ်များ အပိုကုန်ကျနိုင်မည်ဖြစ်သည်။ ထို့ကြောင့် မွေးမြူရေးလုပ်ငန်းတွင် စီးပွားရေးအရ အောင်မြင်စေရန် လမ်းပန်းဆက်သွယ်ရေးကို အလေးထား ဆောင်ရွက်သင့်ပေသည်။

၎င်းအပြင် ရေငန်ပုစွန် အသားတိုး မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းတွင် သားပေါက်များ ရရှိနိုင်မည့်အခြေအနေနှင့် အချိန်ကာလ၊ သားပေါက်များ အလွယ်တကူ သယ်ယူရရှိနိုင်မည့်အခြေအနေများကိုလည်း လေ့လာထားရန် လိုအပ်ပါသည်။ မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းအတွက် လိုအပ်သော ပုစွန်သားပေါက်စခန်းများမှ အချိန်တိုအတွင်း အမြန်ဆုံးတိုက်ရိုက် သယ်ဆောင်နိုင်သည့် ဆက်သွယ်ရေးလမ်းကြောင်းများရှိမှသာလျှင် သားပေါက်များ ပင်ပန်းနွမ်းနယ်မှုသက်သာစေပြီး အသက်ရှင်သန်နှုန်းနှင့် ကျန်းမာသန်စွမ်းမှုကို အထောက်အကူပြုစေမည်ဖြစ်သည်။

မွေးမြူရေးလုပ်ငန်းအတွက် မရှိမဖြစ် လိုအပ်သည့် သားပေါက်များ၊ အစာရိက္ခာများ၊ ဆေးဝါးပစ္စည်းများ မွေးမြူရေးကန်များသို့ သယ်ယူပို့ဆောင်ရာတွင် တိုက်ရိုက်ရောက်ရှိနိုင်မည့် ဆက်သွယ်ရေးလမ်းကြောင်းမှာ အရေးကြီးပေသည်။

### ၈။ ဈေးကွက်(Market)

စီးပွားဖြစ် ရေငန်ပုစွန် အသားတိုး မွေးမြူထုတ်လုပ်ရာတွင် လုပ်ငန်းခွင်မှ ထုတ်ကုန်များ၏ ဈေးကွက်ရရှိရေးသည် အဓိကဖြစ်သည်။ မည်သည့်ထုတ်လုပ်မှုလုပ်ငန်းမဆို ဈေးကွက်ရရှိရေးသည် စီးပွားရေးအရ အောင်မြင်မှု၊ ဆုံးရှုံးမှု၏အဖြေဖြစ်သည်။ အသားတိုး မွေးမြူရေးစခန်းမှ ရေငန်ပုစွန်များကို သက်ဆိုင်ရာဈေးကွက်သို့ အချိန်တိုအတွင်း တိုက်ရိုက်တင်ပို့နိုင်မှသာလျှင် လက်ဆတ်မှုရှိပြီး ဈေးကောင်းရရှိနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် နေရာဒေသရွေးချယ်ရာတွင် ထုတ်ကုန်များအတွက် ဈေးကွက်နှင့် နီးစပ်မှုရှိစေရန် လိုအပ်သည်။

### ၉။ အခြေခံလိုအပ်ချက်များ(Infrastructure)

စီးပွားဖြစ် ရေငန်ပုစွန် အသားတိုးထုတ်လုပ်ခြင်း လုပ်ငန်းတွင် လျှပ်စစ်မီးရရှိနိုင်မှု၊ လုပ်သားအင်အား၊ ဆေးရုံ၊ ဈေး၊ ကျောင်း၊ အပန်းဖြေစခန်းများနှင့် နီးစပ်ခြင်းအပြင် အခြားလိုအပ်သည့် အခြေခံအချက်အလက်များကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ အသားတိုး မွေးမြူရေးလုပ်ငန်းတွင် ကျွမ်းကျင်ပညာရှင်နှင့်ကျွမ်းကျင်လုပ်သား၊ သာမန်လုပ်သားများ၏ လုပ်အားသည်လည်း မရှိမဖြစ်လိုအပ်ချက်တစ်ရပ်ဖြစ်သည်။

ကျွမ်းကျင်ပညာရှင်များသည် မွေးမြူသည့်နေရာဒေသ၏ ပကတိအခြေအနေများပေါ်တွင် မူတည်၍ သမားရိုးကျနည်းလမ်းများအပေါ်တွင် အတွေ့အကြုံများ ပေါင်းစပ်၍လုပ်ငန်းတစ်ခုလုံး အောင်မြင်အောင် ဆောင်ရွက်ပေးနိုင်သူများဖြစ်ပေသည်။

ထို့အပြင် မွေးမြူရေးလုပ်ငန်း၏ စီးပွားရေးအရ အောင်မြင်မှုသည် ကျွမ်းကျင်လုပ်သားများအပေါ်တွင် မူတည်သကဲ့သို့ လုပ်အားရှင်များ၏ ကြိုးစားမှု၊ တာဝန်သိတတ်မှုနှင့် ယုံကြည်စိတ်ချရမှုတို့အပေါ်တွင် မူတည်နေသဖြင့် ရိုးသားကြိုးစားပြီး ယုံကြည်စိတ်ချရသည့် လုပ်သားရှင်များရရှိရေးမှာလည်း အရေးကြီးပေသည်။ နေ့စဉ် ပုံမှန်လုပ်ငန်းများအပြင် မွေးမြူထားသည့် သတ္တဝါများ၏ လုံခြုံမှုဆိုင်ရာများအတွက် ယုံကြည်စိတ်ချရသည့် လုပ်သားများရရှိရေးသည် အရေးကြီးသည့်အကြောင်းတစ်ရပ်ဖြစ်ပါကြောင်း စီးပွားဖြစ် ရေငန်ပုစွန်အသားတိုး မွေးမြူထုတ်လုပ်မှုတွင် လိုက်နာသင့်သော အခြေခံအချက်များကို လေ့လာရေးသားတင်ပြလိုက်ရပါသည်။

**မှီငြမ်း။ ။ငါးလုပ်ငန်းစာစဉ် အတွဲ(၁)၊ အမှတ်(၃)**

---

# မြန်မာ-ထိုင်း မြဝတီနယ်စပ်ကုန်သွယ်ရေး ဆောင်ရွက်မှုများ

ကရင်ပြည်နယ်တွင် နေရာအနှံ့ မိုးကြီးခဲ့မှုကြောင့် ဩဂုတ် ၇ ရက် နံနက်ပိုင်းတွင် မြဝတီမြို့နှင့် ကော့ကရိတ်မြို့အကြားရှိ ဒေါနတောင်၊ တောနော်ရေတံခွန်အနီးဝန်းကျင်တစ်ဝိုက်တွင် လမ်းပိုင်းတစ်ခု ပြတ်တောက်သွားခြင်း၊ နေရာနှစ်ခုတွင် တောင်ပြိုကျခြင်းများဖြစ်ပေါ်၍ ယာဉ်များ သွားလာမရနိုင်တော့ဘဲ ကုန်သွယ်မှုလမ်းကြောင်းများ ပြတ်တောက်သွားခဲ့သည်။

သို့သော် ကရင်ပြည်နယ်အစိုးရ၏ ကြီးကြပ်မှု၊ လမ်းဦးစီးဌာန၏ အားသွန်ခွန်စိုက် ဆောင်ရွက်မှုများကြောင့် လမ်းပိုင်းပြတ်တောက်သည့်နေရာတွင် ဘေလီတံတား ဆောက်လုပ်ခဲ့ပြီး ၂၀၂၃ ခုနှစ် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစတင်၍ ယာဉ်ငယ်များ ဖြတ်သန်းခွင့်ပြုခဲ့ပြီး ပို့ကုန်သွင်း ကုန်ယာဉ်ကြီးများကိုပါ ပြန်လည်ဖြတ်သန်းနိုင်ရေး ဆောင်ရွက်ခွင့်ပြုပေးပြီးဖြစ်သည်။

လမ်းပိုင်းပြန်လည်ကောင်းမွန်သွား၍ပို့ကုန်ပစ္စည်းများမှ ပုပ်သိုးပျက်စီးလွယ်သည့် ရေထွက်ကုန်ပစ္စည်းများ၊ကုန်စိမ်းပို့ကုန်များဖြစ်သည့် ကြက်သွန်နီနှင့် ငရုတ်များ ပျက်စီးမှုမရှိဘဲ အချိန်ကိုက် တစ်ဖက်နိုင်ငံသို့ လွယ်ကူချောမွေ့စွာ တင်ပို့နိုင်ရေး ဦးစားပေးဆောင်ရွက်နိုင်ခဲ့သည်။ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့သည့် ပြောင်းသီးနှံကိုလည်း သတ်မှတ်ရက်အတိုင်း အချိန်မီ တင်ပို့နိုင်ရေး ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ပြည်တွင်း လိုအပ်မှုရှိနေသည့် သွင်းကုန်ပစ္စည်းများဖြစ်သည့် ဓာတ်မြေဩဇာ၊ တိရစ္ဆာန် အစာ၊ CMP ကုန်ကြမ်းပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကိုလည်း အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးနိုင်ခဲ့သည်။

မြဝတီကုန်သွယ်ရေးဇုန်အနေဖြင့် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လအတွင်း ပို့ကုန်ယာဉ် ၁၄၅၇ စီး၊ တန်ဖိုး ၁၅ ဒသမ ၂၁၉ ဒေါ်လာသန်း၊ သွင်းကုန်ယာဉ် ၂၃၂၇ စီး၊ တန်ဖိုး ၄၀ ဒသမ ၀၂၃ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ ၃၇၈၄ စီး တန်ဖိုး ၅၅ ဒသမ ၂၄၂ ဒေါ်လာသန်းကို ကုန်သွယ်မှုပြန်လည်ဆောင်ရွက်နိုင်ခဲ့သည်။

မြဝတီလမ်းပိုင်းသည် မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးအတွက် အဓိက ကုန်စည်ကူးသန်းနေသည့်လမ်းပိုင်းဖြစ်သည့်အပြင် ဒေသတွင်း ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့အတွက် အရေးပါသည့်လမ်းပိုင်းဖြစ်၍ သက်ဆိုင်ရာ ပြည်နယ်အစိုးရနှင့် တာဝန်ရှိသူများမှ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**မြဝတီကုန်သွယ်ရေးဇုန်**

# အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု ဘဏ်လုပ်ငန်း

ရင်းနှီးမြှုပ်နှံမှု ဘဏ်လုပ်ငန်းသည် နိုင်ငံတစ်ခုအတွင်းတွင်သာမက ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကူးလူးဆက်ဆံကာ ဘဏ္ဍာရေးပရောဒတ်များကို အပြန်အလှန် ရောင်းဝယ်လျက်ရှိကြသည်။ ယင်းတို့အထဲတွင် ယူရိုဈေးကွက်သည် အထင်ရှားဆုံးဖြစ်သည်။ ယူရိုဈေးကွက်ဟုဆို၍ ဥရောပသမဂ္ဂနိုင်ငံများမှ ထုတ်ဝေသည့် ယူရို ငွေကြေးဈေးကွက်နှင့် အမှတ်မမှားစေလိုပါ။ ယူရိုဈေးကွက်ဆိုသည်မှာ နိုင်ငံတကာ အရင်းအနှီးဈေးကွက်များတွင် သုံးစွဲသည့် ယေဘူယျ စကားလုံးတစ်လုံးဖြစ်ပြီး နိုင်ငံတစ်ခုရှိ အစိုးရ(သို့မဟုတ်)ကုမ္ပဏီတစ်ခုသည် မိမိထုတ်ဝေသည့် ငွေချေးသက်သေခံလက်မှတ်တစ်ခုခုကို နိုင်ငံပြင်ပရှိ ရင်းနှီးမြှုပ်နှံသူများသို့ သွားရောက်ထုတ်ဝေခြင်းကို ဆိုလိုသည်။ ဥပမာ-နိုင်ငံ A သည် ငွေချေးစာချုပ် တစ်ခုကို နိုင်ငံ B တွင် သွားရောက်ထုတ်ဝေသည်ကို Euro Bond ထုတ်ဝေသည်ဟုဆိုသည်။

ယင်းသို့ နိုင်ငံအချင်းချင်း အပြန်အလှန် ထုတ်ဝေသည့် စနစ်ကို ၁၉၅၀ ခု စစ်အေးတိုက်ပွဲကာလများတွင် စတင်ခဲ့ပါသည်။ အထူးသဖြင့် ဆိုဗီယက်ယူနီယံသည် မိမိတို့ ရေနံရောင်းချရာမှ ရရှိသည့် အမေရိကန်ဒေါ်လာများကို တစ်ချိန်ချိန်တွင် အမေရိကန်တို့က ထိန်းချုပ်လိုက်မည်ကို စိုးရိမ်လာရာမှ စတင်ခဲ့သည်။ သို့အတွက် ဆိုဗီယက်သည် မိမိတို့၏ ဒေါ်လာငွေများကို အမေရိကန်ထိန်းချုပ်မှုမှ လွတ်ကင်းရာ ဥရောပနိုင်ငံများတွင် သွားရောက် အပ်နှံထားခဲ့ခြင်းဖြစ်သည်။

ထို့အတူ အမေရိကန်ဘဏ်များသည်လည်း နိုင်ငံခြားကုမ္ပဏီများသို့ ချေးငွေထုတ်ချေးမှု အကန့်အသတ်ရှိခြင်းနှင့် အတိုးနှုန်းသတ်မှတ်ချက်များကြောင့် မိမိတို့၏ငွေများကို ဥရောပရှိ ၎င်းတို့၏ ကူးသန်းရောင်းဝယ်ရေးဘဏ်များသို့ ရွှေ့ပြောင်းခဲ့ကြသည်။ အဆိုပါအကြောင်းများကြောင့် လန်ဒန်ဘဏ်များတွင် အမေရိကန်ဒေါ်လာအပ်နှံငွေများ တစ်ရှိန်ထိုးမြင့်တက်လာခဲ့ကာ ယူရိုဒေသဈေးကွက် မြင့်တက်ခဲ့ရသည်။ အထူးသဖြင့် OPEC နိုင်ငံများသည် ၎င်းတို့၏ရေနံရောင်းရငွေများကို အမေရိကန်နိုင်ငံ ပြင်ပနိုင်ငံများတွင် အပ်နှံခဲ့ကြသည်။ လန်ဒန်တွင်သာမက ဖရင့်ဖတ်နှင့် ပဲရစ်မြို့များသည်လည်း ဒေါ်လာအပ်နှံရေးဌာနများဖြစ်ခဲ့ကြသည်။ ဥရောပမြို့တော်များ ဒေါ်လာအပ်နှံငွေများ ဆွဲဆောင်ရာ နေရာဖြစ်ရခြင်းမှာ ပထဝီဝင် အနေအထားအရ အာရှနှင့် အမေရိကတို့နှင့် လွယ်ကူစွာ ဆက်သွယ်နိုင်ခြင်းကြောင့်ဖြစ်သည်။ ဥရောပ၏ အခြားဆွဲဆောင်မှုတစ်ခုမှာ အပ်နှံထားသည့် ငွေကြေးများအပေါ် စည်းမျဉ်းထိန်းကျောင်းမှု မပြုခြင်းနှင့် တစ်ခါတစ်ရံ မြင့်မားသည့်အတိုးနှုန်း ပေးခြင်းကြောင့်ဖြစ်သည်။

ယူရိုငွေချေးစာချုပ်ဆိုသည်မှာ ကြွေးမြီစာချုပ်စာတမ်းများဖြစ်ပြီး စတော့အိပ်ချိန်းများတွင် ကိုင်ဆောင်သူအမည်မပေါက်ဘဲ Bearer form ဖြင့်စာရင်းဝင်ထားသည့် ငွေချေးစာချုပ်များ ဖြစ်သည်။ ယင်းငွေချေးစာချုပ်များကို နိုင်ငံပြင်ပတွင် သွားရောက်ထုတ်ဝေရောင်းချကြပြီး ယင်းထုတ်ဝေရောင်းချသည့် ငွေချေးစာချုပ်များသည် မူရင်းနိုင်ငံစည်းမျဉ်းထိန်းကျောင်းမှု ပြင်ပတွင်ရှိသည်။ ရရှိသည့်အတိုးငွေများသည်လည်း မိခင်နိုင်ငံ၏ ပင်ရင်းမှ ဖြတ်တောက်အခွန်များမှ ကင်းလွတ်ခွင့်ရှိသည်။ ဥပမာ - အမေရိကန်ကော်ပိုရေးရှင်းများမှ ထုတ်ဝေသည့် ငွေချေးစာချုပ်များသည် အမေရိကန် SEC ၏ စည်းမျဉ်းထိန်းကျောင်းမှုကို ခံရမည်ဖြစ်သည်။ သို့သော်လည်း အမေရိကန်နိုင်ငံသားများကို မရောင်းဘဲ အခြားနိုင်ငံသို့သွားရောင်းပါက SEC ၏ ထိန်းချုပ်မှုမှ ကင်းလွတ်သည့်သဘောဖြစ်သည်။ အဆိုပါဈေးကွက်များကို အပြည်ပြည်ပြည်ဆိုင်ရာ အရင်းအနှီးဈေးကွက်အသင်း (International Capital Market Association, ICMA)မှ ထိန်းချုပ်လေ့ရှိသည်။

ယူရိုငွေချေးစာချုပ်များကို နိုင်ငံစုံကော်ပိုရေးရှင်းကြီးများမှ ထုတ်ဝေလေ့ရှိပြီး အများအားဖြင့် ကြွေးမြီပေးဆပ်နိုင်မှုအဆင့် (credit rating) မြင့်မားသည့် အဖွဲ့များမှ ထုတ်ဝေလေ့ရှိသည်။ ယင်းသို့ထုတ်ဝေသည့် ယူရိုငွေချေးစာချုပ်များကို နိုင်ငံတကာရှိ ဆင်ဒီကိတ်အဖွဲ့ကြီးများမှ တာဝန်ခံဖြန့်ချိ (underwrite)လုပ်လေ့ရှိသည်။



ထွန်းသက်ထွန်း

ယူရိုငွေချေးစာချုပ်များကို ပုံသဏ္ဌာန်အမျိုးစုံဖြင့် ထုတ်ဝေနိုင်သည်။ အတိုးနှုန်းကို ပုံသေသတ်မှတ်ကာ တစ်နှစ် နှစ်ကြိမ်ပေးသည့် ငွေချေးစာချုပ်များ (fixed-rate coupon bond)၊ အနာဂတ်တွင် စတော့အဖြစ် ပြောင်းလဲနိုင်သည့် ငွေချေးစာချုပ်များ (convertible bond)၊ အတိုးပုံသေပေးမည့်အစား အရင်းကို လျှော့နှုန်းဖြင့်ရောင်းသည့် ငွေချေးစာချုပ်များ(zero coupon bond) နှင့် အတိုးနှုန်း အရှင်ပေးသည့် ငွေချေးစာချုပ်များ (floating bond) ကို ထုတ်ဝေကြသည်။

အမေရိကန်ဒေါ်လာဖြင့်ထုတ်ဝေသည့် ယူရိုငွေချေးစာချုပ်များကို Euro-Dollar Bond ဟုလည်းကောင်း၊ ဂျပန်ယန်းဖြင့် ထုတ်ဝေသည့် ယူရိုငွေချေးစာချုပ်များကို Euro-yen Bond ဟုလည်းကောင်း ခေါ်ဆိုသည်။ အခြားငွေကြေးမျိုးစုံဖြင့်လည်း ထုတ်ဝေကြသည်။ ယင်းငွေချေးစာချုပ်များသည် ပုံနှိပ်ထုတ်ဝေသည့် လက်မှတ်များမဟုတ်တော့ဘဲ အီလက်ထရွန်နစ် စာရင်းပြောင်းနည်းဖြင့်သာ ထုတ်ဝေလေ့ရှိကြသည်။

## လန်ဒန်ဘဏ္ဍာရေးဈေးကွက်

ကမ္ဘာ့အကြီးဆုံး ဘဏ္ဍာရေးနှင့် ငွေကြေးကုမ္ပဏီကြီးများ၏ လေးပုံတစ်ပုံသည် လန်ဒန်တွင် ရုံးခွဲများ ဖွင့်လှစ်ထားရှိသည်။ အပြည်ပြည်ဆိုင်ရာ ဘဏ်ခွဲပေါင်း ၅၅၀ နှင့် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီ ၁၇၀ ခုတို့သည် လန်ဒန်တွင် ရုံးခွဲများဖွင့်လှစ်ထားကာ လန်ဒန်သည် ကမ္ဘာပေါ်တွင် နိုင်ငံတကာရုံးခွဲ အများဆုံး အခြေချရာဒေသတစ်ခုဖြစ်လာသည်။ လန်ဒန် နိုင်ငံခြားငွေကြေးဈေးကွက် (London Forex)သည် ကမ္ဘာပေါ်တွင် အကြီးဆုံးဖြစ်ပြီး တစ်ရက်ပျမ်းမျှ ဒေါ်လာ ၅၀၀ ဘီလီယံကျော် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ လန်ဒန်ဈေးကွက်သည် ကမ္ဘာ့အိုတီစီဒီရီဗေးတစ်ဈေးကွက်များ၏ သုံးပုံတစ်ပုံနှင့် ဥရောပဒေသ အဖွဲ့အစည်းအလိုက် ရှယ်ယာရင်းနှီးမြှုပ်နှံသူများ၏ တစ်ဝက်ကျော်ကို သိမ်းပိုက်ထားသည်။ အထူးသဖြင့် လန်ဒန်ဘဏ်အချင်းချင်း ကမ်းလှမ်းသည့် အတိုးနှုန်း (LIBOR)သည် ကမ္ဘာ့ဘဏ်များအကြား ကာလတိုချေးငွေများအတွက် ရည်ညွှန်းရသည့် စံတစ်ခုဖြစ်ပါသည်။

## ဂျပန်ဘဏ္ဍာရေးဈေးကွက်

၁၉၈၀ ခုနှစ်များအတွင်း ဂျပန်နိုင်ငံ၏ စတော့ဈေးကွက်သည် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့သည်။ တိုကျိုစတော့အိပ်ချိန်း အညွှန်းကိန်း Nikket225 တွင်ပါဝင်သည့် စတော့များ၏ ဝင်ငွေ-ဈေးနှုန်းအချိုး (PE Ratio) မှာ အဆ(၇၀)အထိရှိခဲ့သည်။ ထိုအချိန်တွင် အမေရိကန် စတော့ဈေးကွက်ရှိ S&P500 တွင်ပါဝင်သည့် စတော့များ၏ (PE Ratio) မှာ ၁၈ ဆသာ ရှိခဲ့သည်။ ယင်းသို့ဖြစ်ရခြင်းမှာ ဂျပန်နိုင်ငံ၏ အိမ်ခြံမြေဈေးနှုန်းများ အဆမတန်ဖောင်းပွမှု နှင့် ဂျပန်တို့၏ ကော်ပိုရိတ်အချင်းချင်း အပြန်အလှန်ပိုင်ဆိုင်ထားမှု အနေအထားများကြောင့်ဖြစ်သည်။ ကံအကြောင်းမလှစွာပင် နစ်ခေးအညွှန်းကိန်း ၃၉၀၀၀ သို့ ရောက်ရှိခဲ့ပြီးနောက် ၁၉၉၀ ပြည့်နှစ်တွင် အညွှန်းကိန်းမှာ ခေါက်ချိုးပြန်လည် ကျဆင်းခဲ့သည်။ ၂၀၀၉ ခုနှစ်တွင်မူ ယင်းအညွှန်းကိန်းမှာ ၁၀၀၀၀ မှတ်အောက်သို့ ကျဆင်းခဲ့ရသည်။ သို့အတွက်ကြောင့် လွန်ခဲ့သည့် အနှစ် ၂၀ မှစတင်ကာ ဂျပန်နိုင်ငံရှိ ဘဏ်များနှင့် ငွေကြေးအဖွဲ့အစည်းများသည် ကုမ္ပဏီများ ပေါင်းစည်းခြင်း (Merger)ကို အသည်းအသန် ဆောင်ရွက်ကာ ခိုင်မာတောင့်တင်းစေရန် ပြန်လည်တည်ဆောက်ခဲ့ရသည်။

ဂျပန်နိုင်ငံတွင် အဓိကဘဏ်အုပ်စုကြီး သုံးခုရှိသည်။ ယင်းတို့မှာ (၁) Mitsubishi UFJ (၂) Mizuho နှင့် (၃) Sumitomo Mitsui တို့ဖြစ်သည်။ ယင်းဘဏ်သုံးခု၏ အဓိကလုပ်ငန်းမှာ ကူးသန်းရောင်းဝယ်ရေးဘဏ်လုပ်ငန်းဖြစ်ပြီး စတော့ရှယ်ယာလုပ်ငန်းကို အကန့်အသတ်ဖြင့်သာ ဆောင်ရွက်ခွင့်ရှိသည်။ သို့သော်လည်း ၂၀၀၈ ခုနှစ် ကမ္ဘာ့ငွေကြေးအကျပ်အတည်း ဖြစ်ခဲ့သည့်ကာလတွင် Wall street အပါအဝင် ရင်းနှီးမြှုပ်နှံမှုဘဏ်များ အင်အားချည့်နဲ့ခဲ့ရသည်။ သို့အတွက် ဂျပန် Mitsibushi ဘဏ်က Morgan Stanley ၏ ရှယ်ယာ ၂၁ ရာခိုင်နှုန်းကို ရယူခဲ့ရသည်။ ထို့အတူ ဂျပန် Nomura ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီကလည်း အကျပ်အတည်းဖြစ်ခဲ့သည့် Lehman's Brother ရှယ်ယာအများစုကို ရယူခဲ့ရသည်။

## ဂျပန်ကုမ္ပဏီများပေါင်းစည်းခြင်း

ဥပဒေရေးရာ ကန့်သတ်ချက်များကြောင့် ဂျပန်နိုင်ငံ၏ ကုမ္ပဏီများပေါင်းစည်းခြင်းလုပ်ငန်းများမှာ နှေးကွေးခဲ့သည်။ သို့သော်လည်း ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း ဂျပန်၏ဥပဒေရေးရာမှာ ဖြေလျှော့ပေးမှုကြောင့် ကုမ္ပဏီများ ပေါင်းစည်းခြင်းကိစ္စများ အရှိန်မြင့်တက်လာခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် ဂျပန်မဟုတ်သည့် နိုင်ငံခြားကုမ္ပဏီများအနေနှင့် ၎င်းတို့ပိုင်ရှယ်ယာများဖြင့် ဂျပန်ကုမ္ပဏီများကို ဝယ်ယူခွင့်ပြုခဲ့သည်။ ၂၀၀၇ ခုနှစ်တွင်လည်း ဥပဒေရေးရာ ဖြေလျှော့မှုများ ထပ်မံပြုလုပ်ပေးခဲ့သဖြင့် ဂျပန်နိုင်ငံ၏ ကုမ္ပဏီများ ပေါင်းစည်းရေးမှာ အရှိန်မြင့်တက်ခဲ့ရသည်။

နိုင်ငံခြားကုမ္ပဏီများ၏ Merger လုပ်ငန်းများထဲမှ ထင်ရှားသည့် အောင်မြင်မှုတစ်ရပ်မှာ အမေရိကန် အခြေစိုက် Private Equity Fund (PE Fund) တစ်ခုဖြစ်သည့် Ripplewood မှ ဂျပန်ကုမ္ပဏီတစ်ခုအား ဝယ်ယူမှုဖြစ်သည်။ ယင်း Ripplewood သည် ဂျပန်နိုင်ငံ၏ ဘဏ္ဍာရေးအကျပ်အတည်း ဖြစ်ပေါ်နေသည့် Long-Term Credit Bank (LTCB) အား ဝယ်ယူခြင်းဖြစ်သည်။ (PE Fund များသည်ဘဏ္ဍာရေးအခက်အခဲတွေ့နေသည့် ကုမ္ပဏီများကိုလည်းကောင်း၊ တိုးတက်ရန် အလားအလာ ကောင်းမွန်သည့် ကုမ္ပဏီများကိုလည်းကောင်း ငွေကြေး၊ နည်းပညာနှင့် စီမံခန့်ခွဲမှုများတွင် ဝင်ရောက်ကူညီပေးသော ကုမ္ပဏီများဖြစ်သည်။

ကုမ္ပဏီများ အောင်မြင်လာသည့်အချိန်၊ ပြန်လည်သန်စွမ်းလာသည့်အချိန်တွင် စတော့ဈေးကွက် စာရင်းဝင်ကုမ္ပဏီများအဖြစ် အရောက်ပို့ပေးကာ ၎င်းတို့ထည့်ဝင်ထားသည့် ငွေကြေးအစိတ်အပိုင်းကို ဈေးကွက်မှတစ်ဆင့် ရောင်းထုတ်ကာ ပြန်လည်ထွက်ခွာသည့်လုပ်ငန်းဖြစ်သည်။) ဂျပန်အစိုးရသည် LTCB အား Ripplewood မှ ဝယ်ယူပေါင်းစည်းပြီးပြီးချင်း LTCB ၏ ရှယ်ယာ ၂၀ ရာခိုင်နှုန်းကို ဝယ်ယူရန်သဘောတူခဲ့ပြီးနောက် LTCB ၏ အခြေအနေမှာ ပြန်လည်ဦးမော့လာခဲ့သည်။ ထို့နောက် LTCB ကို Shinsei Bank အမည်သို့ ပြောင်းလဲကာ အောင်မြင်သည့် ဘဏ်တစ်ခုအဖြစ် ရပ်တည်နိုင်ခဲ့သည်။ Ripplewood သည် လေးနှစ်တာ ဘဏ်ကိုဦးစီးမောင်းနှင်ခဲ့ပြီး နောက်ဆုံးတွင် Shinsei Bank ကို အများနှင့်သက်ဆိုင်သည့်ဘဏ်အဖြစ် ပြောင်းလဲကာ စတော့ဈေးကွက်တွင် စာရင်းတင်ခဲ့ပြီး ၎င်းတို့ထည့်ဝင်ခဲ့သည့် ရှယ်ယာအစိတ်အပိုင်းကို ပြန်ထုတ်ခဲ့ခြင်းမှ အမြတ်ငွေ ဒေါ်လာ တစ်ဘီလီယံ ရရှိခဲ့ပေသည်။

**Reference: Investment guide book**

**အမေရိကန်ဒေါ်လာဖြင့် ထုတ်ဝေသည့် ယူရိုငွေချေးစာချုပ်များကို Euro-Dollar Bond ဟု လည်းကောင်း၊ ဂျပန်ယန်းဖြင့် ထုတ်ဝေသည့် ယူရိုငွေချေးစာချုပ်များကို Euro-yen Bond ဟုလည်းကောင်း ခေါ်ဆိုသည်။**

# တစ်မိုး နှစ်သီး စပါးထွက်ရှိမှုနှင့် ဝယ်လိုအား ရရှိမှုအပေါ် တောင်သူများ ဈေးကွက်ရရှိ

မအူပင်ခရိုင် မအူပင်မြို့နယ် ကျုံစုတ်ကျေးရွာသည် မအူပင်-ကျိုက်လတ်ကားလမ်းမဘေးတွင် တည်ရှိပြီး စပါးစိုက်ပျိုးမှုတွင် ယခင်က ရေနက်ကွင်းများဖြစ်သောကြောင့် စပါးစိုက်ပျိုးမှု အခက်အခဲဖြစ်ခဲ့သည်။

မအူပင်-ကျိုက်လတ် ကားလမ်းမဘေးရှိ ညောင်ဝိုင်း၊ အိုင်ဝိုင်း၊ အလန်းကြီး၊ မင်းဘော၊ ကျုံစုတ်နှင့် တာပါတ် အနောက်ကျေးရွာများသည် ယခုအခါတွင် ရေနက်ကွင်းများ၌ ဧပြီ၊ မေလများတွင် မိုးစရွာပြီး မြေဆီစိုသည့်အချိန်တွင် GW 11 စပါးမျိုး၊ ဆင်းသုခစပါးမျိုး၊ မနောသုခ စပါးမျိုးနှင့် ပြည်တော်ယဉ်စပါးမျိုးများကို စတင်စိုက်ပျိုးခဲ့သည်။

ရက်ပေါင်း ၁၀၀ ကျော်သက်တမ်းရှိ စပါးမျိုးများဖြစ်သောကြောင့် ဇူလိုင်လကုန်ပိုင်းမှစ၍ စပါးများ စတင်ထွက်ရှိလာပြီး တစ်ရက်လျှင် စပါး တင်း ၂၀၀၀ ခန့် ပေါ်ဦးပေါ်ဖျား စတင်ထွက်ရှိပြီး စပေါ်ချိန်တွင် စပါးတင်း ၁၀၀ လျှင် ကျပ် ၁၃၅၀၀၀၀ ဖြင့် စတင် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်မှ လာရောက်ဝယ်ယူနေသော စပါးပွဲစားတစ်ဦး၏ ပြောပြချက်အရ သိရှိရသည်။

တစ်မိုးနှစ်သီးစပါးများဖြစ်သော GW11၊ ဆင်းသုခ၊ မနောသုခနှင့် ပြည်တော်ယဉ်စပါးများသည် ရေနက်ကွင်းများတွင် ရိတ်သိမ်းခြွေလှေ့စက်ဖြင့် လွယ်ကူစွာရိတ်သိမ်းနိုင်သည့် နည်းပညာ၏ စွမ်းပကားကြောင့် စပါးများကို ရိတ်သိမ်းခြွေလှေ့ပြီး ကျုံစုတ်တာပေါ်တွင် ၁၂ ဘီးကားများ၊ ထော်လာဂျီများ၊ ယာဉ်ကြီး၊ ယာဉ်ငယ် အမျိုးမျိုးဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း ကျုံစုတ်ကျေးရွာမှ စိုက်ပျိုးသူ တောင်သူတစ်ဦးက ရှင်းပြခဲ့သည်။

မအူပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဒုခရိုင်ဦးစီးမှူး ဦးအောင်ဇော်ဦးနှင့် ဝန်ထမ်းများသည် ဖွံ့ဖြိုးကုန်သွယ် နိုင်ငံကြွယ်ဆိုသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏



ဆောင်ပုဒ်အတိုင်း မအူပင်မြို့နယ် ကျုံစုတ်ကျေးရွာတွင် အရောင်းအဝယ်တွင်ကျယ်နေသော တစ်မိုးနှစ်သီး စိုက်ပျိုးထုတ်လုပ်နေသည့် တောင်သူဝယ်ယူပြီးသယ်ယူနေသော စပါးပွဲစား၊ စက်ပိုင်များဖြစ်သည့် ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့၊ ဇီးကုန်းမြို့နှင့် ပုတီးကုန်းမြို့များမှ စပါးပွဲစားများ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့၊ ဓနုဖြူမြို့နှင့် မအူပင်မြို့များမှ စက်ပိုင်များနှင့် တွေ့ဆုံ၍ စပါးစိုက်ပျိုးထွက်ရှိမှု၊ ဝယ်ယူမှု၊ ရောင်းချမှုနှင့် သယ်ယူမှုတို့၏ အခြေအနေများကို တွေ့ဆုံဆွေးနွေးခဲ့သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးမှုတွင် တောင်သူ ဦးကျော်မြင့်ဋ္ဌေး၏ ပြောပြချက်အရ မအူပင်မြို့နယ်တွင်းမှ ကျုံစုတ်၊ မင်းဘော၊ ကန္ဒူ၊ ကညင်ဝ၊ အလန်းကြီး၊ တာပါတ်အနောက် ကျေးရွာအုပ်စုများနှင့် ကျိုက်လတ်မြို့နယ်နှင့် မအူပင်နယ်စပ်ရှိ ကျေးရွာတချို့တွင် တစ်မိုးနှစ်သီးစပါးများကို တစ်နှစ်ထက် တစ်နှစ်ပိုမိုစိုက်ပျိုးလာပြီး ယခုနှစ် ဩဂုတ်လတွင် တစ်ရက်လျှင် စပါးတင်းရေ ၂၀၀၀၀ ကျော် နေ့စဉ်အရောင်းအဝယ်ဖြစ်နေပြီး ယခု စက်တင်ဘာလဆန်းပိုင်းတွင်လည်း နေ့စဉ် စပါးတင်း ၂၀၀၀၀ ကျော် အရောင်းအဝယ်ဖြစ်နေကြောင်းနှင့် GW11စပါးနှင့် ပြည်တော်ယဉ် စပါး တင်း ၁၀၀ လျှင် ကျပ် ၁၄၅၀၀၀၀၊ ဆင်းသုခနှင့် မနောသုခစပါးတင်း ၁၀၀ လျှင် ကျပ် ၁၅၅၀၀၀၀ ဖြင့် အရောင်းအဝယ် တွင်ကျယ်လျက်ရှိကြောင်းလည်း ထပ်မံတင်ပြ ဆွေးနွေးခဲ့ သည်။

ထို့ပြင် ယခုနှစ်၌ မိုးဦးနောက်ကျသဖြင့် တစ်မိုး နှစ်သီး စပါးစိုက်ပျိုးချိန်တွင် ရေရရှိမှု ရာသီဥတုမျှတမှုရှိခြင်းတို့ကြောင့် တစ်ဧကလျှင် စပါးတင်း ၉၀ ခန့်ထွက်ရှိကြောင်းလည်း ထပ်မံ တင်ပြဆွေးနွေးခဲ့သည်။

စားသုံးသူရေးရာဦးစီးဌာနမှ မအူပင်ခရိုင် ဦးစီးမှူးရုံးမှ ဒုခရိုင် ဦးစီးမှူး ဦးအောင်ဇော်ဦးမှ တစ်မိုးနှစ်သီး စိုက်ပျိုးတောင်သူများအတွက် ဝင်ငွေတိုးသည့် စပါးစိုက်ပျိုးထုတ်လုပ်မှု၏ အသီးအပွင့်များဒေသတွင် စပါးဖူလုံပြီး ဆန်စပါး ဈေးကွက်ရရှိမှု၏ ရလဒ်ကောင်းများနှင့် ဒေသတွင်း စပါးဖူလုံပြီး ဆန်စပါး ဈေးကွက်ရရှိမှု၏ ရလဒ်ကောင်းများ၊ မြို့နယ်တွင်း၊ မြို့နယ်ကျော်၊ တိုင်းကျော် ဝယ်ယူမှုနှင့် ကျုံစုတ်တွင် စပါးရောင်းဝယ်မှုဈေးကွက် ဖြစ်တည်နေမှုနှင့် ယခုတောင်သူများ၏ တစ်မိုးနှစ်သီး စိုက်ပျိုးထုတ်လုပ်အောင်မြင်မှုကို နီးစပ်သည့်ရွာမှ တောင်သူများကလည်း စိုက်ပျိုးထုတ်လုပ်မည့် အလားအလာကောင်းများကို တွေ့ရှိရသဖြင့် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက် ထုတ်လုပ်၍ ဈေး ကွက်ရရှိနေမည့် တစ်မိုးနှစ်သီးစပါးထွက်ရှိမှုနှင့် ဈေးကွက်ဝယ်လိုအား ရရှိမှုမှာ အားရကျေနပ်ဖွယ် မြင်တွေ့ရခဲ့ကြောင်း တောင်သူများ၊ စပါးပွဲစားများ စက်ပိုင်များနှင့် တွေ့ဆုံချိန်တွင် ထည့်သွင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

CONSUMER (MT)

THUWUNNA NADI TRADING LIMITED
AYEYARWADY NADI IMPORT & EXPORT COMPANY LIMITED
OUR INDUSTRY




Union Financial Center (UFC), Unit 07-03, Corner of Mahabandoola Road & Thein Phyu Road, Botahtaung Township, Yangon, Myanmar
Tel: +95-1-8203885, 8203886, 8203887
Mobile:+95-9-5013210, 5013209, 450015680, 450015690, 5500588
Email : thuwunnanadi@gmail.com, Website: www.thuwunnanadi.com




# 緬甸世紀鋼鐵結構有限公司
# Myanmar Century Steel Structure Limited



{Steel Structure Bridge Project}
鋼構橋樑工程



Our Factory (Thilawa SEZ)

***Our Products and Service***
*專業項目*

- ***Design and Fabrication***
  *設計製造安裝*
- ***Factory, High-Rise Building, Bridge***
  *鋼構廠房, 大樓, 橋樑*
- ***Erection work with Skill Engineers and Labours***
  *安裝工程*









{Steel Structure 3-Storeyed Project}
鋼構大樓工程

{Steel Structure Factory Project}
鋼構廠房工程

**Factory and Office** : Lot A-2 , Thilawa Special Economic Zone-A , Kyaut Tan Township , Yangon .
: +95 974030748 , +95 976360668 , +95 779787920
: myanmarcentury2015@gmail.com , sfs.shue@century.com.tw
: https://myanmar-century-steel-structure-limited.business.site/

# COMMERCE INTERNATIONAL

# Arm ချစ်ပ်ပြားကုမ္ပဏီက စျေးကွက်တန်ဖိုး ကန်ဒေါ်လာ ဘီလီယံ ၅၀ ကျော်ရရှိရန် မျှော်မှန်းထား

ဗြိတိန်အခြေစိုက် ချစ်ပ်ပြားထုတ်လုပ်သော ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် Arm သည် ၂၀၂၆ ခုနှစ်မှစ၍ ၎င်း၏ ပထမဆုံးသော ရှယ်ယာများကို အများသူငှာ ရောင်းချခြင်းတွင် စျေးကွက်တန်ဖိုး အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀(ပေါင် ဘီလီယံ ၄၀)ကျော်ရရှိရန် မျှော်မှန်းထားကြောင်း စက်တင်ဘာ ၈ ရက်က ဘီဘီစီသတင်းတစ်ရပ်တွင် ရေးသားဖော်ပြထားသည်။




စမတ်ဖုန်းများနှင့် ဂိမ်းစက်များ အပါအဝင် စက်ပစ္စည်းများအတွက် ချစ်ပ်များကို ဒီဇိုင်းထုတ်သည့် Arm ကုမ္ပဏီသည် အမေရိကန်ပြည်ထောင်စုတွင် စျေးကွက်ရရှိမှုအဖြစ် အမေရိကန်ဒေါ်လာ ငါးဘီလီယံအထိရရှိရန် ကြိုးပမ်းနေသည်။ ၎င်းအနေဖြင့် ယခုနှစ်အတွက် အကြီးမားဆုံး စျေးကွက်ကမ်းလှမ်းမှုတစ်ခုဖြစ်လာရန် မျှော်လင့်ထားပြီး စျေးကွက်ယုံကြည်မှု ရရှိရန်လည်း ကြိုးပမ်းလျက်ရှိနေသည်။

Jamie Urqhuart သည် Arm၏ ပူးတွဲတည်ထောင်သူဖြစ်ပြီး ယခင်က လုပ်ငန်းလည်ပတ်ရေး အရာရှိချုပ်နှင့် မဟာဗျူဟာမှူး တာဝန်များကို ထမ်းဆောင်ခဲ့သူတစ်ဦးဖြစ်သည်။ ၎င်းက Arm နှင့်ပတ်သက်ပြီး သုံးသပ်ထားရာတွင် လန်ဒန်သည် Arm အတွက် မှန်ကန်သောစျေးကွက်မဟုတ်ကြောင်းနှင့် မြောက်အမေရိကသို့ပါ စျေးကွက်ချဲ့ထွင်ရန် ပြင်ဆင်ရမည်ဖြစ်ကြောင်း ပြောဆိုထားသည်။

ဗြိတိန်နည်းပညာ စက်မှုလုပ်ငန်း၏ ကြယ်ပွင့်တစ်ဦးဖြစ်သော Arm Holdings က ကမ္ဘာ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကမ္ဘာ့စမတ်ဖုန်းအားလုံးနီးပါးကို ကိုင်တွယ်အသုံးပြုနေခြင်းနှင့်အတူ ချစ်ပ်များကို အားကိုးသည့် ထုတ်ကုန်များနှင့်လည်း ပတ်သက် ဆက်နွှယ်မှုရှိနေကြကြောင်း ပြောဆိုခဲ့သည်။

Arm ကုမ္ပဏီကို ဂျပန်ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီကြီးဖြစ်သည့် Softbank က ပိုင်ဆိုင်ထားပြီး ကုမ္ပဏီတန်ဖိုး ဒေါ်လာ ၃၂ ဘီလီယံတန် သဘောတူညီချက်ဖြင့် ၂၀၁၆ ခုနှစ်တွင် ကုမ္ပဏီကို လွှဲပြောင်းရယူခဲ့သည်။ Arm သည် Softbank လက်ထဲသို့ မရောက်ရှိမီက လန်ဒန်နှင့် နယူးယောက် စျေးကွက်တို့တွင် ၁၈ နှစ်ကြာ ကျင်လည်ခဲ့သည်။

Softbank သည် ရှယ်ယာရောင်းချပြီး နောက်တွင် ကုမ္ပဏီ၏ရှယ်ယာ ၉၀ ရာခိုင်နှုန်းကို ဆက်လက်ပိုင်ဆိုင်မည်ဖြစ်ပြီး ရှယ်ယာများကို ထပ်မံရောင်းချရန်လည်း ပြင်ဆင်နေကြောင်း သိရသည်။ Arm သည် ရှယ်ယာတစ်ခုလျှင် ၄၇ ဒေါ်လာမှ ၅၁ ဒေါ်လာကြားရှိမည့် စျေးနှုန်းဖြင့် စာချုပ်တွင် ရှယ်ယာ ၉၅၅၀၀၀၀၀ ကို ရောင်းချနေသည်ဟု ပြောကြားခဲ့သည်။ ယင်းက ၎င်း၏ စျေးကွက်တန်ဖိုးသည် အကြမ်းဖျင်းအားဖြင့် ဒေါ်လာ ဘီလီယံ ၅၀ နှင့် ၅၄ ဘီလီယံကြားရှိမည်ဖြစ်သည်။

Apple, Google နှင့် Nvidia အပါအဝင် ၎င်း၏ နာမည်ကြီးဖောက်သည်အချို့ကို ဒေါ်လာ ၇၃၅ သန်းဖိုးဝယ်ယူရန် ကတိပြုထားသည့် ရင်းနှီးမြှုပ်နှံသူများအဖြစ် တန်းစီထားပြီးဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် ကုမ္ပဏီရောင်းအား၏ ၂၅ ရာခိုင်နှုန်းခန့်ကို ပိုင်ဆိုင်ထားပြီး မကြာသေးမီလများအတွင်း စမတ်ဖုန်း တင်ပို့ရောင်းချမှု ကျဆင်းမှုကြောင့် ချစ်ပ်ပြားရောင်းချရမှုသည်လည်း ထိခိုက်ခဲ့ရကြောင်း သိရသည်။ **Source; BBC**

စိုင်းဗညား - စုစည်းသည်

# တရုတ် ရေပြင်ညှိဆည်များမှ ကုန်စည်ဖြတ်သန်းစီးဆင်းမှု စံချိန်တင်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယန်ဇီမြစ် မြစ်ညာပိုင်းရှိ ရေအားလျှပ်စစ်စီမံကိန်းဖြစ်သည့် မြစ်ကျဉ်းသုံးသွယ် ရေကာတာတွင် သင်္ဘောဖြတ်သန်းသွားလာရန် အဆင့်ငါးဆင့်ရှိ ရေပြင်ညှိဆည်မှတစ်ဆင့် လစဉ် ကုန်စည်ဖြတ်သန်းမှုမှာ ပြီးခဲ့သည့်ဩဂုတ်လက တန်ချိန် ၁၅ ဒသမ ၇၁ သန်းကျော်ဖြင့် စံချိန်တင်မြင့်မားခဲ့ကြောင်း China Three Gorges ကော်ပိုရေးရှင်းအရ သိရသည်ဟု ဆင်ဟွာသတင်းတစ်ရပ်က ရေးသားဖော်ပြထားသည်။

အဆိုပါ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ရေအားလျှပ်စစ်စီမံကိန်းဖြစ်သည့် မြစ်ကျဉ်းသုံးသွယ်ရေကာတာသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံး ရေကာတာတစ်ခုလည်းဖြစ်ကြောင်း သိရသည်။ တရုတ်နိုင်ငံ၏ အရှည်ဆုံးမြစ်ဖြစ်သော ယန်ဇီမြစ်သည် အရှေ့မှ အနောက်သို့ ကုန်းတွင်းပိုင်းမှ ဖြတ်သန်းစီးဆင်းသွားခြင်းဖြစ်ပြီး ၎င်းကို တရုတ်နိုင်ငံ၏ ရွှေရောင် သင်္ဘောလမ်းကြောင်းအဖြစ် သတ်မှတ်ကာ တင်စားခေါ်ဝေါ်နေကြသည်။

အဆိုပါ မြစ်ကျဉ်းသုံးသွယ် ရေကာတာမှတစ်ဆင့် ပြီးခဲ့သည့် ဩဂုတ်လအတွင်းက လုပ်ငန်းလည်ပတ်မှု ၉၆၅ ကြိမ် ရှိခဲ့ကြောင်းနှင့် ကုန်တင်သင်္ဘောဖြတ်သန်းမှုမှာ ၃၇၃၇ ကြိမ်ရှိခဲ့ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

ယင်းမြစ်ကျဉ်းသုံးသွယ် ရေကာတာသည် ဘက်စုံသုံး ရေလမ်းကြောင်း ထိန်းချုပ်စနစ်ဖြစ်ပြီး အရှည် ၂၃၀၉ မီတာနှင့် အမြင့် ၁၈၅ မီတာရှိသည့် ဆည်တစ်ခု၊ မြောက်ဘက်မှ တောင်ဘက်သို့ သင်္ဘောဖြတ်သန်းသွားလာရန် အဆင့် ငါးဆင့်ရှိသည့် ရေပြင်ညှိဆည်နှင့် လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၂၂ ဒသမ ၅ သန်းထုတ်လုပ်နိုင်စွမ်းရှိသည့် တာဘိုင်နရေတာ ၃၄ လုံး ပါဝင်သည်။

တရုတ်နိုင်ငံ၏ သင်္ဘောရေပြင်ညှိဆည်များကို ၂၀၀၃ ခုနှစ် ဇွန်လက စတင်စမ်းသပ်လည်ပတ်ရန် ဖွင့်လှစ်ခဲ့ပြီး ဖြတ်သန်းသွားလာသော ကုန်တင်သင်္ဘောပမာဏမှာလည်း တိုးတက်မှု မြန်ဆန်ခဲ့ကြောင်း သိရသည်။

**Source; Xinhua**





# အင်ဒိုနီးရှားက စီးပွားရေးကဏ္ဍတွင် မြန်မာနိုင်ငံနှင့် ပူးပေါင်းလို

အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံက စီးပွားရေးကဏ္ဍများတွင် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လိုကြောင်း အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ စက်တင်ဘာ ၆ ရက်က ပြုလုပ်ခဲ့သည့် အင်ဒိုနီးရှား-မြန်မာ စားပွဲဝိုင်းဆွေးနွေးပွဲတွင် အင်ဒိုနီးရှား ကုန်သည်/စက်မှုအသင်း (KADIN) ဥက္ကဋ္ဌ M.Arsjad Rasjid မှ ပြောကြားခဲ့သည်ဟု gnlm.com.mm က စက်တင်ဘာ ၇ ရက်တွင် ရေးသားဖော်ပြထားသည်။

အင်ဒိုနီးရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား စီးပွားရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု အများအပြားပြုလုပ်ရန် မိမိတို့အနေဖြင့် မျှော်မှန်းထားကြောင်း အင်ဒိုနီးရှား ကုန်သည်/စက်မှုအသင်း (KADIN) ဥက္ကဋ္ဌ M.Arsjad Rasjid က ပြောဆိုခဲ့ခြင်းဖြစ်သည်။

အဆိုပါ အင်ဒိုနီးရှား-မြန်မာ စားပွဲဝိုင်းဆွေးနွေးပွဲတွင် နှစ်နိုင်ငံစလုံးမှ စီးပွားရေး ဦးဆောင်လုပ်ငန်းရှင်များ ပါဝင်တက်ရောက်ခဲ့ကြပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုအတွက် သဘောတူညီချက်များလည်း ရရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် ယင်းဆွေးနွေးပွဲတွင် အင်ဒိုနီးရှားနှင့် မြန်မာ နှစ်နိုင်ငံစလုံး၏ ခိုင်မာသော စီးပွားရေးဆက်ဆံမှုကို မြှင့်တင်နိုင်ရေးအတွက် ကတိကဝတ်များလည်း ပြုခဲ့ကြကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။ အင်ဒိုနီးရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် စီးပွားရေးကဏ္ဍအသီးသီး၌ အလားအလာရှိသည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်ရန်၊ ရောင်းအားအကောင်းဆုံး ကုန်ပစ္စည်းများမှသည် အထည်ချုပ်လုပ်ငန်းနှင့် စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအထိ ပူးပေါင်းဆောင်ရွက်ကြရန် နားလည်မှုစာချွန်လွှာတချို့ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်ဟုဆိုသည်။

**Source; gnlm.com.mm**